Voice of Burma

*Published by Voice of Burma Information Group* *Issue No. 727 SEPTEMBER 13, 2009*

**1-507 Horifune Jutaku , Horifune 2-27-1, Kita-Ku, Tokyo 114-0004, JAPAN**

**Tel/Fax: 81 3-6323-5114, E-mail: sayarkway@yahoo.com , koko@gol.com**

# ဒေါ်အောင်ဆန်းစုကြည်အယူခံဝင်ခြင်းသည် တရားစီရင်ရေးမှန်ကန်မှုရှိရေးဖြစ်ဟုဆို

**RFA၊ စက်တင်ဘာ ၁၀။** ။ မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည် ဆက်လက်အယူခံဝင်တာဟာ ဥပဒေအရ နိုင်တာရှုံးတာထက် တရားဥပဒေစိုးမိုးရေးနဲ့ တရားစီရင်ရေးစနစ်မှန်ကန်မှုရှိရေးအတွက်ဖြစ်တယ်လို့ ဒီကနေ့ စက်တာဘာ ၁၀ ရက်မှာ အကျိုးဆောင်ရှေ့နေတွေနဲ့ တွေ့ဆုံရာမှာ ပြောဆိုလိုက်ပါတယ်။

လာမယ့် စက်တင်ဘာ ၁၈ ရက်နေ့မှာ အယူခံအပြီးသတ်လျှောက်လဲချက် တင်သွင်းရမယ့်ကိစ္စနဲ့ပတ်သက်ပြီး ဒေါ်အောင်ဆန်းစုကြည်နဲ့ သူ့ရဲ့ရှေ့နေ ၄ ဦးဟာ ဒီကနေ့ နေ့လည်ပိုင်းမှာ ၂ နာရီကြာတွေ့ဆုံခွင့်ရခဲ့တယ်လို့ ရှေ့နေဦးဉာဏ်ဝင်းက RFA ကိုပြောပါတယ်။

“အယူခံမှာအခုဟာက အပြီးသတ်လျှောက်လဲချက်ကို ၁၈ ရက်နေ့ချိန်းထားတော့ ကျနော်တို့ရဲ့အယူခံအကြောင်းပြချက် ၁၁ ချက်ပေါ်မှာ ကျနော်တို့လို အပ်တာတွေကို ဆွေးနွေးတာပါ၊ ဒီနေ့ဆွေးနွေးတာကတော့ အားလုံးအပြီးအစီး ဆွေးနွေးနိုင်တယ်လို့တော့ ပြောရင်ရပါတယ်။“

အင်းစိန်ထောင်တွင်းအထူးတရားရုံးရဲ့ စီရင်ချက်နဲ့ပတ်သက်ပြီး ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ အယူခံဝင်ရာမှာ ၁၉၇၄ ခုနှစ် အခြေခံဥပဒေမှာပြဌာန်းထားတဲ့အချက်တွေနဲ့ သူ့အပေါ်တရားစွဲထားတာဟာ မှန်ကန်မှုမရှိဘူးဆိုတာကို အဓိကလျှောက်လဲတင်ပြမှာဖြစ်တယ်လို့ ဦးဉာဏ်ဝင်းကပြောပါတယ်။

“၁၉၇၄ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ အသုံးပြုလို့ရ မရ ဒေါ်အောင်ဆန်းစုကြည်အပေါ်မှာ စွပ်စွဲထားတာက ဒီဟာတွေကိုအသုံးပြုပြီးတော့ အဲဒီဥပဒေကိုအသုံးပြုပြီးတော့ တားဆီးတယ်၊ ကန့်သတ်တယ်၊ ဒါကြောင့် ဒါကိုချိုးဖောက်တယ်လို့ ဒီလိုပြောတာကိုး။ အဲဒီတော့ ကျနော်တို့က ဒီဖွဲ့စည်းပုံအခြေခံဥပဒေက သုံးလို့ကိုမရတော့ဘူး။ သုံးခွင့်မရှိတော့ဘူးဆိုတဲ့ဟာကို ကျနော်တို့အဓိကလျှောက်လဲမယ်။

နောက်ပြီးတော့ ဒီဥပဒေတွေကို မိမိလိုရာချဲ့ထွင်အသုံးပြုခွင့်မရှိဘူး။ ဒီလို ချဲ့ထွင်အသုံးပြုတယ်ဆိုတာ ဥပဒေကိုအဓိပ္ပါယ်ဖွင့်တာ၊ ဥပဒေကိုအဓိပ္ပါယ်ဖွင့်တဲ့အာဏာက ဘယ်ဌာနဆိုင်ရာမှာမှ ဒီအာဏာမရှိဘူး။ ပြည်သူ့လွှတ်တော်မှာဘဲရှိတယ်။ ပြည်သူ့လွှတ်တော်ဆိုတာလည်း လက်ရှိ မရှိဘူး။ အဲဒီတော့ ဒီအခြေအနေတွေကို ဥပဒေအချက်အလက်တွေကို ကျနော်တို့တင်ပြမှာ။”

ရှေ့နေတွေနဲ့တွေ့ဆုံရာမှာ ဒေါ်အောင်ဆန်းစုကြည်က မြန်မာအဖွဲ့အစည်းတွေအပါအဝင် နိုင်ငံရေးအရသဘောထားအမြင်တွေတူညီတဲ့ တိုင်းရင်းသားအဖွဲ့အစည်းအားလုံး ညီညွတ်မှုရှိဘို့လည်း ပြောဆိုခဲ့တယ်လို့ ဦးဉာဏ်ဝင်းက ပြောပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ဟာ နေအိမ်မှာအကျယ်ချုပ်သဘောမျိုးစည်းကမ်းချက်တွေနဲ့ ထိန်းသိမ်းထားခံထားရပြီး မိသားစုဆရာဝန် ဒေါက်တာတင်မျိုးဝင်းနဲ့ကုသခွင့်ပေးဘို့ တောင်းဆိုထားတာကိုလည်း အခုအချိန်အထိ အာဏာပိုင်တွေဘက်က အကြောင်းတစုံတရာ မတုန့်ပြန်သေးဘူးလို့သိရပါတယ်။

အယူခံဝင်မယ့်ကိစ္စမှာ ဒေါ်အောင်ဆန်းစုကြည်က သူ့ရဲ့အမြင်ကိုပြော ပြသေးပါသလားလို့ ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ခဲ့တဲ့ ရှေ့နေဦးဉာဏ်ဝင်းကို ဆက်သွယ်မေးမြန်းကြည့်တဲ့အခါ...

“သူ့ရဲ့အမြင်အသေးစိတ်တော့ ကျနော်လည်းရုတ်တရက်တော့ ပြန်မပြောနိုင်ဘူး၊ ဒါပေမယ့် လို့ ခြုံပြီးတော့ပြောရင်တော့ ဒေါ်အောင်ဆန်းစုကြည်က တရားဥပဒေစိုးမိုးရေးနဲ့ တရားစီရင်ရေးစနစ်မှန်ကန်ရေး၊ ဒါကိုဦးတည်ပြီးတော့ ဆောင်ရွက်တာ။ အယူခံအောင်မြင်တာ မအောင်မြင်တာကို ကျနော်တို့သီးခြားမစဉ်းစားဘူး၊ တရားဥပဒေအတိုင်းဘဲဆောင်ရွက်ဘို့ တရားဥပဒေနဲ့အညီဖြစ်ဘို့ တရားစီရင်ရေးမှန်ကန်ဘို့ ဒါကိုဦးတည်ပြီးဆွေးနွေးကြတယ်။”

ဟုတ်ကဲ့၊ နောက်ပြီး ဒေါ်အောင်ဆန်းစုကြည်အပေါ်ကန့်သတ်ထားတဲ့ အချက် ၁၁ ချက်နဲ့ပတ်သက်ပြီးတော့ ဒေါ်အောင်ဆန်းစုကြည်နဲ့ အဲန်ကယ်လ်တို့ဆွေးနွေးဖြစ်ကြပါသေးသလား...

“ဆွေးနွေးပါတယ်။ ကျနော်တို့ကိုဒါနဲ့ပတ်သက်ပြီးတော့ ဆောင်ရွက်ဘို့ လမ်းညွှန်ချက်တွေပေးတယ်။ ကျနော်တို့ဒါကတော့ စိစစ်ပြီးတော့မှတင်ပြရမယ်၊ တင်ပြပြီးမှသာ ဒီဥစ္စာကျနော်တို့ပြောလို့ရမှာပါ။”

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဝင်တွေနဲ့တွေ့ဘို့ ဒေါ်အောင်ဆန်းစုကြည် တောင်းဆိုမယ်ဆိုတဲ့ကိစ္စကရော အခုအခြေအနေဘယ်လိုရှိပါသလဲ...

“သူက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က

**စာမျက်နှာ ၁၃ သို့**

**နိုင်ငံတော်ဘဏ္ဍာငွေအမြောက်အများ ဗိုလ်ချုပ်ကြီးများ ခိုးယူဝှက်ထား** — **စာမျက်နှာ ၃**

**ကေအိုင်အိုသည် နအဖရဲ့ နယ်ခြားစောင့်တပ်အသွင်ပြောင်းမည်မဟုတ်** — **စာမျက်နှာ ၅**

**ဆဲဗင်းကော်နာ ကော်ဖီဆိုင် ဖျက်ဆီးခံရမှုရန်ကုန်မြို့ခံများ စိတ်ဝင်စား** — **စာမျက်နှာ ၇**

**နတ်မောက်မြို့မှနေပြည်တော်အထိ မိုင် ၁၅၀ အရှည်ရှိလိုဏ်ဂူ နအဖဖောက် လုပ်နေ** — **စာမျက်နှာ ၁၄**

**အမေရိကန်နိုင်ငံသား မြန်မာလူမျိုး တဦးကို နအဖစစ်အုပ်စုက ဖမ်းဆီး** — **စာမျက်နှာ ၁၈**

VOB အာဘော်

# မရိုးနိုင်သော ဝါဒဖြန့်ချိမှု

အာဏာရှင်မှန်သမျှ တူညီစွာကိုင်တွယ်သောလက်နက်တခုမှာ ဝါဒဖြန့်ချိရေးလက်နက်ဖြစ်သည်။ ၎င်းတို့၏အယူဆသဘောထားများကို လူထုကယုံကြည်လက်ခံလာစေရန် နည်းမျိုးစုံဖြင့် အဆက်မပြတ်ဝါဒဖြန့်ချိသည်။ အထူးသဖြင့် မီဒီယာကို အသုံးပြုသည်။ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာအုပ်စာတမ်း၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ အင်တာနက် စသည်ဖြင့် နည်းလမ်းမျိုးစုံကိုသုံးသည်။ လူထုအား ထိတွေ့၊ ကြားရ၊ ဖတ်ရ၊ မြင်ရပါများလာသောအခါ ဟုတ်သယောင်ယောင်နှင့် ထင်ယောင်ထင်မှားဖြစ်လာစေသည်။

ထိုနည်းလမ်းများကို ခေတ်သစ်အာဏာရှင်များဖြစ်ခဲ့ကြသည့် ဟစ်တလာမှအစ မော်စီတုန်းအလယ် နောက်ဆုံးပေါ် အာဏာရှင်လက်သစ်များထဲမှ ထိပ်တန်းအဆင့်ဖြစ်သည့် နအဖဗိုလ်ချုပ်ကြီးများအထိ ကျင့်သုံးနေခဲ့ကြသည်။

နအဖသည် သတင်းစာများတွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဆောင်းပါးများရေးသားဖော်ပြနေသကဲ့သို့ ၎င်းတို့၏ဒလံများ၊ သူလျှိုများ၊ ထောက်ခံအားပေးသူများကို လှုပ်ရှားခွင့်ပေးလာသည်၊ ဆိုင်းဘုတ်ထောင်ခွင့်ပေးလာသည်၊ ရွေးကောက်ပွဲသည် ဒီမိုကရေစီအတွက်ပဓာနကျသောခြေလှမ်းဖြစ်သည်ဟူသောအယူအဆကို ရေးသားပြောဆိုဝေဖန်လာကြသည်။ ဤအချက်ကို နအဖ၏သတင်းမီဒီယာများတွင် ပုံမှန်ဖော်ပြလာနေသည်။ နိုင်ငံရေးအင်အားစုများ၊ ပြည်သူများအကြား မည်သို့သောတုံ့ပြန်မှုများရှိသည်လဲဆိုသည်ကို နအဖစစ်အာဏာရှင်များက သိလိုသောကြောင့် ယခုကဲ့သို့လုပ်ဆောင်ခြင်းဖြစ်သည်။ ထိုအပေါ် မူတည်၍ ၎င်းတို့သဘောကျသော စိတ်ချရသောအခြေအနေရောက်မှ ရွေးကောက်ပွဲတခုကျင်းပရန် အရေးအကြီးဆုံးနှင့် မရှိမဖြစ်သော ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်မည့်သဘောဖြစ်သည်။

စစ်အာဏာရှင်နအဖ၏သဘောထားနှင့် ရပ်တည်ချက်မှာ အာဏာကို ဆက်လက်ချုပ်ကိုင်ရေးပင်ဖြစ်သည်။ ဤအချက်ကို မြန်မာ့အရေးနှင့်ပတ်သက်ဆက်နွယ်နေသူမှန်သမျှ၊ လုပ်ကိုင်လှုပ်ရှားနေသူမှန်သမျှ ရှင်းလင်းပြတ်သားစွာနားလည်ရန်လိုအပ်သည်။ ဤသည်ကို သတိမမူ၊ လျစ်လျူရှု၊ အလေးမထားလျှင် အကျပ်အတည်းပေါင်းစုံနှင့်ရင်ဆိုင်နေရသည့်မြန်မာနိုင်ငံကို အေးချမ်းတည်ငြိမ်သော ဒီမိုကရက်တစ်နိုင်ငံအဖြစ်တည်ထောင်နိုင်ရေးကို ကြိုးပမ်းနိုင်မည်မဟုတ်ပေ။ ထို့ကြောင့် နအဖ၏ အာဏာဆက်လက်ချုပ်ကိုင်နိုင်ရေးအတွက် ဝါဒဖြန့်မှုများကို ကောင်းစွာသတိပြုနိုင်ရန်လိုအပ်ကြောင်း ရေးသားလိုက်ရပေသည်။

# မြန်မာပြည်သူလူထု လုံးဝမလိုအပ်သည့် နအဖရဲ့ ၂၀၁၀ ရွေးကောက်ပွဲ

**NEJ၊ စက်တင်ဘာ ၁၀။** ။ စက်တင်ဘာ ၉ ရက်နေ့စွဲဖြင့် အမေရိကန်ပြည်ထောင်စုတွင်ထုတ်ဝေသည့် ဝါရှင်တန်ပို့စ်သတင်းစာတွင် မြန်မာလူထုမလိုအပ်သည့် ရွေးကောက်ပွဲတခုဟူသည့်ခေါင်းစဉ်ဖြင့် အဲန်အဲယ်လ်ဒီဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်တဦးဖြစ်သည့် သတင်းစာဆရာကြီးဦးဝင်းတင်က ဆောင်းပါးတပုဒ်ရေးသားခဲ့ပါတယ်။

ယင်းဆောင်းပါးတွင် အမေရိကန်အထက်လွှတ်တော်အမတ် ဂျင်မ်ဝက်ဘ်က အနောက်နိုင်ငံများက မြန်မာနိုင်ငံအပေါ် ပိတ်ဆို့တားမြစ်မှုများ ချမှတ်ခဲ့မှုကြောင့် မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ၏ လွှမ်းမိုးမှုအောက်ရောက်သွားနိုင်သည်ဟု ပြောဆိုခဲ့မှုနှင့် အဲန်အဲယ်လ်ဒီပါတီအား လာမည့် ၂၀၁၀ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်စဉ်းစားသင့်သည်ဆိုသည့် အဆိုပြုချက်များနှင့်ပတ်သက်၍ ပြန်လည်တုန့်ပြန်ရေးသားထားခြင်းဖြစ်ပါတယ်။

ယင်းဆောင်းပါးတွင် ဦးဝင်းတင်က နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် အဓိပ္ပါယ်ရှိရှိ ဆောင်ရွက်ကြမည်ဆိုရာတွင် မထပေဆုံး မစ္စတာဝက်ဘ်ကဲ့သို့ အရာရှိများသည် တရုတ်နိုင်ငံနှင့်ပတ်သက်ပြီး အကြောက်တရားပြပြောဆိုမှုများကို ရပ်တန့်သင့်သည်ဟု ဆိုထားသည်။ မစ္စတာဝက်ဘ်ပြောသည့်တရုတ်ကို ကာကွယ်တားဆီးနိုင်ရေးအတွက် မြန်မာစစ်အစိုးရနှင့်အတူ ပူးတွဲလုပ်ဆောင်ကြရမည်ဆိုသည့် ပြောဆိုမှုများသည် ခေတ်နောက်ကျနေပြီး လက်တွေ့မကျသည့် အတွေးအခေါ်များဖြစ်ကာ ယင်းကဲ့သို့အတွေးအခေါ်မျိုးကို ဒေါ်အောင်ဆန်းစုကြည်ကလည်း လက်မခံကြောင်း ရေးသားဖော်ပြထားပါတယ်။

“ကျမတို့က ဘယ်သူ့ကိုမှအကြောက်တရားနဲ့ စိုးရိမ်ကြောင့်ကြစိတ်ထားပြီး ဆက်ဆံမှာဟုတ်ဘူး။ တရုတ်၊ အမေရိကန်၊ အိန္ဒိယ ဘယ်သူ့ကိုမဆို ရင်းရင်းနှီးနှီးတန်းတူဆက်ဆံမှာဖြစ်တယ်။ ကျမတို့အနေနဲ့ ကိုယ့်အိမ်နီးချင်းကို မရွေးချယ်နိုင်တဲ့အတွက် တရုတ်နိုင်ငံနဲ့လည်းကောင်းမွန်စွာဆက်ဆံဖို့ လိုအပ်တယ်ဆိုတာနားလည်ပါတယ်။” ဟု ဒေါ်အောင်ဆန်းစုကြည်၏ ပြောကြားချက်ကိုလည်း ဆောင်းပါးတွင် ထည့်သွင်းဖော်ပြထားပါတယ်။

ထို့အပြင် ဒုတိယအချက်အနေဖြင့် အဲန်အဲယ်လ်ဒီသည် အခြားနိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများကို မြန်မာစစ်အစိုးရခေါင်းဆောင်များနှင့် တွေ့ဆုံဆက်ဆံရန် အားပေးတိုက်တွန်းခဲ့ကြောင်း၊ ယင်းသို့တိုက်တွန်းရသည်မှာ စစ်အစိုးရကို အဲန်အဲယ်လ်ဒီအပါအဝင် တိုင်းရင်းသားလူမျိုးစုများနှင့် ဆက်ဆံလာစေရန် တိုက်တွန်းပေးစေလို၍ဖြစ်ကြောင်း ဖော်ပြထားပါတယ်။

“အမေရိကန်ပြည်ထောင်စုနဲ့ အခြားနိုင်ငံတွေက မြန်မာနိုင်ငံအပေါ် ပိတ်ဆို့တားမြစ်မှုတွေလုပ်ထားပါတယ်။ ဒါဟာ ကျနော်တို့အလွန်တရာမြတ်နိုးတဲ့ ဒီမိုကရေစီရဲ့အနှစ်သာရအတွက် သူတို့ရဲ့ဆုံးဖြတ်ချက်အပေါ် စည်းလုံးညီညွတ်စွာနဲ့ အခိုင်အမာရပ်တည်ကြောင်း ပြသတာဖြစ်ပါတယ်။ အကယ်၍ စစ်အစိုးရဟာ အဲန်အဲယ်လ်ဒီနဲ့ တိုင်းရင်းသားကိုယ်စားလှယ်တွေနဲ့ စစ်မှန်တဲ့တွေ့ဆုံဆွေးနွေးမှုတွေလုပ်မယ်၊ နိုင်ငံရေးအကျဉ်းသားတွေအားလုံးကို လွှတ်ပေးမယ်၊ တိုင်းရင်းသားလူမျိုးစုတွေအပေါ် အပစ်အခတ်တွေရပ်စဲပြီး စစ်မှန်တဲ့ဒီမိုကရေစီနိုင်ငံတော်ထူထောင်ဖို့ ခြေလှမ်းတွေထပ်လှမ်းလာမယ်ဆိုရင် ဒီလိုပိတ်ဆို့အရေးယူမှုတွေဟာ အချိန်တန်ရင် ရုပ်သိမ်းသွားမှာဖြစ်ပါတယ်။” လို့လည်း ဦးဝင်းတင်က ပိတ်ဆို့အရေးယူမှုနှင့်ပတ်သက်၍ ထောက်ပြထားပါတယ်။

ယခုအချိန်တွင် အဲန်အဲယ်လ်ဒီ၏ဆုံးဖြတ်ချက်အပေါ် မည်သို့မျှသံသယမထားစေလိုကြောင်းနှင့် အဲန်အဲယ်လ်ဒီသည် မြန်မာပြည်သူလူထုကြီးကို ကိုယ်စားပြုသည့် ပြည်သူ့ပုံရိပ်ဖြစ်ကြောင်း၊ ဆိုးဝါးလှသည့်အပြစ်အနာအဆာများဖြင့် ပြည့်နှက်နေသည့် နိုင်ငံရေးအသွင်ကူးပြောင်းမှုဖြစ်စဉ်တွင် ပါဝင်ရန် အဲန်အဲယ်လ်ဒီအား ခြောက်လှန့်အကျပ်ကိုင်၍ မရနိုင်ကြောင်းလည်း တင်ပြထားပါတယ်။

အဲန်အဲယ်လ်ဒီသည် တွေ့ဆုံဆွေးနွေးရန်အသင့်ရှိနေပြီး ဒီမိုကရေစီရေးအနှစ်သာရအတွက် ဆက်လက်ရန်းကန်တိုက်ပွဲဝင်ကြရန်လည်း အဆင်သင့်ဖြစ်နေသည်ဟု ဆောင်းပါးတွင်ဖော်ပြထားပါတယ်။

# နိုင်ငံတော်ဘဏ္ဍာငွေအမြောက်အများ ဗိုလ်ချုပ်ကြီးများ ခိုးယူဝှက်ထား

**MIZZIMA၊ စက်တင်ဘာ ၁၀။** ။ နအဖစစ်အုပ်စုသည် သဘာဝဓာတ်ငွေ့မှ အမေရိကန်ဒေါ်လာ သန်းပေါင်း ၄၈၀၀ သန်းကို စာရင်းဖျောက်ပြီး စင်္ကာပူရှိ ဘဏ်နှစ်ခုမှာ လျှို့ဝှက်သိမ်းဆည်းထားတယ်လို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က ထုတ်ဖော်ပြောဆိုလိုက်ပါတယ်။

ထိုင်းနိုင်ငံအခြေစိုက် Earth Rights International အဖွဲ့က ထုတ်ပြန်သောစာမျက်နှာ ၁၁၀ ပါ Total Impact:The Human Rights, Environmental,and Financial Impacts of Total and Chevron's Yadana Gas Project in Military Ruled Burma(Myanmar) အစီရင်ခံစာမှာ နအဖစစ်အုပ်စုသည် ဓာတ်ငွေ့ရောင်းချရငွေများကို စာရင်းလျှော့ပြပြီး စင်္ကာပူနိုင်ငံ Overseas Chinese Banking Coporation(OCBC) ဘဏ်နဲ့ DBS Group တို့မှာ အပ်နှံထားတယ်လို့ဆိုပါတယ်။

ရတနာသဘာဝဓာတ်ငွေ့လုပ်ငန်းက မြန်မာနိုင်ငံအတွက် အမေရိကန်ဒေါ်လာ ၄.၈၃ ဘီလီယံရရှိပြီးဖြစ်သော်လည်း စစ်အုပ်စုက နိုင်ငံတော်ဘဏ္ဍာဝင်ငွေစာရင်းပြရာမှာ ဒေါ်လာ ၂၉ သန်းသာပြထားတယ်လို့ အစီရင်ခံစာမှာပါရှိပါတယ်။

"ကျနော်တို့ရရှိထားတဲ့ အချက်အလက်တွေက ခိုင်လုံတိကျမှုမရှိဘဲနဲ့ ကျနော်တို့ သတင်းတွေ တင်ရဲမှာမဟုတ်ပါဘူး"။ ERI မှ ပြောခွင့်ရ ဦးနိုင်ထူးက မဇ္ဈိမကို ပြောပါတယ်။

"ဒီဂက်စ်( သဘာဝဓာတ်ငွေ့) က ရတဲ့ငွေတွေကို မြန်မာပြည်ရဲ့ ဝင်ငွေစာရင်းမှာ မဖော်ပြခဲ့ပါဘူး၊ အဲဒါကို သူတို့ရဲ့ နှစ်စဉ်အစီရင်ခံစာထဲမှာ ရှာဖွေတွေ့ရှိခဲ့တယ်။ ဒီဟာကို ပြန်ပြီးစစ်ဆေးလိုက်တဲ့အခါ ဒီပိုက်ဆံတွေက စင်္ကာပူကဘဏ်နှစ်ခုထဲရောက်နေတယ်။" ERI အနေနဲ့ ၂ နှစ်ကြာသုတေသနပြုလုပ်ခဲ့ပြီး ဒီအစီရင်ခံစာကို ရေးသားထားခြင်းဖြစ်ရာ ယုံကြည်စိတ်ချရသော သတင်းအရင်းအမြစ်တခုကို ကိုးကားပြီး ဖော်ထုတ်ခြင်းဖြစ်တယ်လို့ဆိုပါတယ်။

ရတနာသဘာဝဓာတ်ငွေ့စီမံကိန်းကို ၁၉၉၂ ခုနှစ်မှစတင်ခဲ့ပြီး ပြင်သစ်နိုင်ငံ Total ကုမ္ပဏီနဲ့ အမေရိကန်နိုင်ငံ Chevron ကုမ္ပဏီတို့က ဦးဆောင်ကာ ထိုင်းနိုင်ငံပိုင် PTT ကုမ္ပဏီနဲ့ မြန်မာ့ရေနံနဲ့ သဘာဝဓာတ်ငွေ့တူးဖော်ရေးလုပ်ငန်းတို့ပါဝင်ပါတယ်။ ပြဿနာများနဲ့ ရှုပ်ထွေးအငြင်းပွားစရာတွေဖြစ်နေခဲ့တဲ့ ပိုက်လိုင်းစီမံကိန်းသည် မြန်မာနိုင်ငံအတွက် ပထမဆုံးအကြိမ် နိုင်ငံခြားမှ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအများဆုံးလည်းဖြစ်ခဲ့ပါတယ်။

ပိုက်လိုင်းဖောက်လုပ်ရာမှာ လမ်းတလျှောက်ဒေသခံများကို စစ်တပ်က အဓမ္မလုပ်အားပေးခိုင်းစေခြင်း လယ်မြေ ခြံမြေများသိမ်းဆည်းခြင်းနဲ့ ရွှေ့ပြောင်းခြင်းများလုပ်ခဲ့တယ်လို့ လူ့အခွင့်ရေးစောင့်ကြည့်လေ့လာသည့် လှုံ့ဆော်သူများကပြောပါတယ်။ နအဖစစ်တပ်က ပိုက်လိုင်းလုံခြုံရေးယူထားပေးပြီး အာဏာပိုင်များက လုပ်အားပေးဆင့်ခေါ်ခြင်းများ ဆက်လက်ရှိနေဆဲဟု အဆိုပါ လှုံ့ဆော်သူများက ပြောပါတယ်။ ပြီးခဲ့တဲ့လက Total ကုမ္ပဏီက လုပ်အားပေးစေခိုင်းမှုများ မရှိတော့ဟု ငြင်းဆိုထားပါတယ်။ တနင်္သာရီတိုင်း မြန်မာကမ်းလွန် မုတ္တမပင်လယ်ကွေ့မှ ထွက်ရှိသော သဘာဝဓာတ်ငွေ့ကို ကီလိုမီတာ ၄၁၂ ကီလိုရှည်လျားတဲ့ ပိုက်လိုင်းနဲ့ ထိုင်းနိုင်ငံ ရက်ချာဘူရီခရိုင်အတွင်းသို့ သွယ်တန်းရောင်းချထားတာဖြစ်ပါတယ်။

အစီရင်ခံစာမှာ မြန်မာနအဖစစ်အုပ်စုသည် သဘာဝဓာတ်ငွေ့ ရောင်းရငွေကို အမေရိကန်တဒေါ်လာ ၆ ကျပ်နှုန်းနဲ့ညီသည်ဆိုသော အမှန်တကယ်အလုပ်မဖြစ်တော့တဲ့ တရားဝင် နိုင်ငံခြားငွေလဲနှုန်းကို အသုံးပြုကာ နိုင်ငံတော်ဝင်ငွေမှာ ပြသထားတယ်လို့ ဆိုပါတယ်။ ယခုလက်ရှိ ပြင်ပငွေလဲနှုန်းသည် အမေရိကန်တဒေါ်လာကို ၁၀၀၀ ကျပ် ဝန်းကျင်ရှိပါတယ်။

၆ ကျပ်နှုန်းနဲ့တွက်ချက်ကာ စာရင်းသွင်းလိုက်တဲ့အတွက် ၂၀၀၇-၂၀၀၈ ဘဏ္ဍာငွေစာရင်းမှာ သဘာဝဓာတ်ငွေ့မှရရှိသောဝင်ငွေသည် ၁ ရာခိုင်နှုန်းအောက်ရောက်သွားတော့သည်။ ပြင်ပပေါက်ဈေးနှုန်းနဲ့တွက်ပါက ၅၇ ရာခိုင်နှုန်းရှိသည်ဟုဆိုပါတယ်။ နအဖစစ်အုပ်စုက သဘာဝဓာတ်ငွေ့ရောင်းချခြင်းမှရရှိသောဝင်ငွေကို ၄.၈၃ ဘီလီယံဒေါ်လာဟု ပြသရမယ့်အစား ဒေါ်လာ ၂၉ သန်းလို့သာ စာရင်းသွင်းထားတယ်လို့ အစီရင်ခံစာမှာဖော်ပြထားပါတယ်။

ဝင်ငွေများ၏ အကျိုးဆက်မှာ Total ကုမ္ပဏီနဲ့ Chevron ကုမ္ပဏီတတို့မှ နအဖကို ခေါင်းမာလာစေရန် အားပေးအားမြှောက်ပြုလုပ်ရာမှ အဓိကပါဝင်ရုံသာမက နအဖစစ်အုပ်စုအပေါ် နိုင်ငံတကာနဲ့ ပြည်တွင်း၏ ဖိအားပေးမှုများကို ထိရောက်မှုမရှိလာတဲ့အပေါ် အဓိကအကြောင်းအရင်းတခုဖြစ်သည်"ဟု ERI ကြေညာချက်မှာပါရှိပါတယ်။ "အခုသူတို့က ဒီပိုက်ဆံတွေလက်ထဲမှာရှိနေတော့ သူတို့ဘာလုပ်လုပ် လုပ်လို့ရတယ်လေ၊ အဲဒီတော့ ဒီပိုက်ဆံတွေကို စင်္ကာပူအစိုးရနဲ့ သက်ဆိုင်ရာ နိုင်ငံတကာအသိုင်းအဝိုင်းတွေက အဲဒီပိုက်ဆံတွေကို ရပ်တန့်ထားနိုင်မယ်ဆိုရင် ပြုပြင်ပြောင်းလဲမှုတခု ဖြစ်လာမယ်လို့ထင်ပါတယ်လို့ ဦးနိုင်ထူးက ပြောပါတယ်။

## မြန်မာအဖွဲ့အစည်းမှ လှုပ်ရှားသူ နအဖနဲ့ ပူးပေါင်း

**RFA၊ စက်တင်ဘာ ၇။** ။ ထိုင်းနိုင်ငံအခြေစိုက် မြန်မာအဖွဲ့အစည်းတချို့မှာဝင် ရောက်လှုပ်ရှားနေတဲ့ ကိုထွတ်ဆိုသူဟာ ပြီးခဲ့တဲ့သတင်းပတ်ထဲမှာ မြဝတီမြို့ကတဆင့် နအဖစစ်အုပ်စုအာဏာပိုင်တွေဘက်ကို ပြန်လည်ပူးပေါင်းသွားတယ်လို့သိရှိရပါတယ်။

ဒါကြောင့် သူ့ဆီကရရှိတဲ့သတင်းအချက်အလက် တချို့ကိုအခြေခံပြီး စစ်အစိုးရက နိုင်ငံရေးလှုပ်ရှားသူတချို့ကို လိုက်လံဖမ်းဆီးနေတယ်လို့ သိရပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ပြည်တွင်းမှာလှုပ်ရှားနေတဲ့ ကျောင်းသားတဦးက သူသိထားတာကိုအခုလိုပြောပါတယ်။

"အလုပ်သမားအုပ်စု တအုပ်စုပါတယ်။ အရင်တုန်းက New Wave တို့ဘာတို့မှာ ဆန္ဒပြတဲ့သူတွေပေါ့။ အဲဒီလူတွေထဲကနှစ်ယောက်ကတော့ ပြန်လွှတ်လိုက်ပြီး တယောက်ကတော့ ကျန်နေတုန်းဘဲ။ နောက်တခြား ဘုန်းကြီးအုပ်စုတွေပါတယ်။ MDC ကလူတချို့ပါတယ်။ ၂၀၀၇ အဟောင်းတွေပြန်ခေါ်စစ်တယ်။ အဓိက မြေသြဇာနဲ့ Generation အဖွဲ့တွေ၊ တချို့တွေခေါ်သွားပြီး မေးနေကြတယ်၊ ဒီမှာ အခြေအနေနည်းနည်းရှုပ်ထွေးနေတယ်။"

စစ်အစိုးရနဲ့ပူးပေါင်းသွားတဲ့ ကိုထွတ်ဆိုသူဟာ လွန်ခဲ့တဲ့ ၄ နှစ်လောက်က မဲဆောက်မြို့က မြန်မာအလုပ်သမားတဦးဖြစ်ပြီး ရပိုင်ခွင့်တွေအတွက် ထိုင်းအလုပ်ရှင်ကို တရားစွဲတဲ့အုပ်စုတခုမှာ ပါဝင်ခဲ့ဘူးသူဖြစ်ကြောင်း၊ အဲဒီနောက် မြန်မာအလုပ်သမားအရေးအတွက် ဆောင်ရွက်ပေးနေတဲ့ ထိုင်းနိုင်ငံအခြေစိုက် ရောင်ခြည်ဦးအလုပ်သမားအဖွဲ့မှာ ဝင်ရောက်လှုပ်ရှားဘူးကြောင်း၊ ရောင်ခြည်ဦးအဖွဲ့က သူ့ကိုထုတ်ပြစ်လိုက်တဲ့နောက်မှာ လူ့အခွင့်အရေးဆောင်ရွက်နေတဲ့ HREIB အဖွဲ့မှာ သွားရောက်လှုပ်ရှားခဲ့ကြောင်း၊

အခုတော့ လွန်ခဲ့တဲ့ ၄ ရက်လောက်က မြဝတီမြို့မှာရှိတဲ့ စစ်အစိုးရအာဏာပိုင်တွေဆီ သွားပြီးပူးပေါင်းလိုက်တာဖြစ်ကြောင်း၊ သူ့ဆီမှာ မဲဆောက်မြို့မှာ လူ့အခွင့်အရေးသင်တန်းပေးနေတဲ့ ဗွီဒီယိုမှတ်တမ်းတင်ခွေ တခွေပါသွားကြောင်း စုံစမ်းသိရှိရပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ရောင်ခြည်ဦးအလုပ်သမားအဖွဲ့ဝင်တဦးကလည်း ကိုထွတ် စစ်အစိုးရနဲ့ပူးပေါင်းသွားတဲ့သတင်းကာပို သူလည်းကြားတယ်လို့ဆိုပါတယ်။

HREIB အဖွဲ့ရဲ့ ညွှန်ကြားရေးမှူး ဦးအောင်မျိုးမင်းကို ဆက်သွယ်မေးမြန်းကြည့်တဲ့အခါမှာ ဒီသတင်းဟုတ်မှန်ကြောင်း ပြောပေမယ့် မှတ်ချက်တစုံတရာမပေးပါဘူး။

# ကိုးကန့်အဖွဲ့ ယာယီခေါင်းဆောင် ပယ်စောက်ချိန်က နိုင်ငံခြားသားတွေကို ခေါ်ပြ

**DVB ၊ စက်တင်ဘာ ၉ ။** ။ စစ်အုပ်စုကျောထောက်နောက်ခံနဲ့ အာဏာသိမ်းမှုဖြစ်ပွားပြီး သီတင်းတပတ်အကြာမှာ ကိုးကန့်ခေါင်းဆောင်သစ်ပယ်စောက်ချိန်က နိုင်ငံခြားသံတမန်တွေနဲ့ သတင်းထောက်တွေကို ကိုးကန့်ဌာနချုပ် လောက်ကိုင်မြို့ကို ခေါ်ယူပြီး ရှင်းလင်းပြသပါတယ်။

ကိုးကန့် ယာယီ အဖွဲ့ခေါင်းဆောင် ပယ်စောက်ချိန်နဲ့ နအဖပြည်ထဲရေး ဒုဝန်ကြီးတို့ဦးစီးပြီး တက်ရောက်လာတဲ့ ပြည်တွင်းပြည်ပ သတင်းထောက် ၈ ဦး အပါအဝင် နိုင်ငံခြားသံတမန်၊ စစ်သံမှူးသတင်းထောက်တွေကို ရှမ်းပြည်နယ်မြောက်ပိုင်းစွန်း ကိုးကန့်ဒေသထဲက အခင်းဖြစ်ပွားတဲ့ နေရာတွေကို ဒီလ ၇ ရက်နေ့က လိုက်လံပြသရှင်းလင်းတာ ဖြစ်ပါတယ်။ ဒီရှင်းလင်းပြသပွဲဟာ ကိုးကန့်ခေါင်းဆောင် ဖုန်ကျားရှင်အပါအဝင် ဆွေမျိုး ၄ ဦးကို တရားရုံးက ဆင့်ခေါ်ပြီး ဖုန်ကျားရှင်ရဲ့ခေါင်းဆောင်မှုနေရာကို အစားထိုးဝင်ယူလာတဲ့ အရင်ကိုးကန့်အဖွဲ့က အကြီးတန်းတာဝန်ရှိသူ၊ ကိုးကန့်ဒေသ ယာယီဦးစီးကော်မတီဥက္ကဋ္ဌ ပယ်စောက်ချိန်ယာယီခေါင်းဆောင်သစ်တာဝန်ယူစဉ် အစိုးရနဲ့ ပူးတွဲလုပ်တဲ့ ပထမဆုံးနိုင်ငံတကာကို ဖိတ်ခေါ် ပြသမှုဖြစ်ပါတယ်။

အာဏာသိမ်းခံရတဲ့ ဖုန်ကျားရှင်အဖွဲ့သားတွေက ရဲ ၁၄ ဦးကို ပစ်သတ်ထားတဲ့နေရာ၊ လက်နက်စက်ရုံတခု၊ မူးယစ်ဆေးဝါးသိမ်းဆည်းရမိတဲ့ နေရာနှစ်ခုနဲ့ လောက်ကိုင်မြို့တွင်းကို လိုက်ပြတယ်လို့ ကိုယ်တိုင်လိုက်သွားသူတွေက ပြောပါတယ်။ သူတို့သွားကြည့်ခဲ့တဲ့ လက်နက်စက်ရုံက ပေ ၂ ရာ ပတ်လည် ဝင်းထဲမှာ တထပ်အဆောက်အဦးတွေ ဆောက်ထားပြီး အထူးသဖြင့် အေကေ မောင်းပြန်ရိုင်ဖယ်အသွင်ပြောင်းနဲ့ ၉ မမ ပစ္စတိုတွေ၊ ကျည်ဆံတွေ တွေ့ခဲ့ရ တယ်လို့ဆိုပါတယ်။ သံပြားအကြီးကြီးတွေ၊ ဖြတ်စတွေ၊ တွင်ခုံတွေ၊ သစ်သားတွေ၊ အချောမသတ်ရသေးတဲ့ လက်နက်အကြမ်းထည်တွေ ထောင်ချီပြီး တွေ့ရတယ်လို့ပြောပါတယ်။ ကိုးကန့်တပ်မှာ အခင်းမဖြစ်မီက လက်နက်ကိုင် အင်အား ၇၀၀ ခန့်ရှိပြီး အခု ၄၀၀ ခန့်ကျန်တယ်လို့ဆိုပါတယ်။

ကိုးကန့်ခေါင်းဆောင်ဟာ ဗမာစကားပြန်ကတဆင့် ဖြေကြားရပြီး ပြည်ထဲရေး ဒုဝန်ကြီးက သတင်းထောက်တွေကို ဟန့်တား မောင်းထုတ်တာတွေလုပ်တယ်လို့ဆိုပါတယ်။ အသင့်ရေးသားထားတဲ့ စာရွက်တွေကို လာရောက်သူတွေကို ပေးဝေပြီး သတင်းအချက်အလက်များများမေးခွင့် မရခဲ့ဘူးလို့ ဆိုပါတယ်။ ကိုးကန့်ခေါင်းဆောင်သစ်ပယ် စောက်ချိန်က သူတို့အနေနဲ့ နယ်ခြားစောင့်တပ်အသွင်ပြောင်းမှာ ဖြစ်ပြီး ၂၀၁၀ ရွေးကောက်ပွဲကို အစိုးရက ဝင်ခိုင်းရင် ဝင်မယ့်အကြောင်း၊ ခေါင်းဆောင်ဟောင်း ဖုန်ကျားရှင်နဲ့အတူ ကိုယ်ရံတော်တပ်ဖွဲ့သာ ပါသွားကြောင်း၊ အဲဒီထဲက တချို့ပြန်ဝင်လာပြီ ဖြစ်တဲ့အကြောင်း ဖြေဆိုတယ်လို့ဆိုပါတယ်။

ပြည်ထဲရေး ဒုဝန်ကြီး ဗိုလ်ချုပ်ဘုန်းဆွေက သတင်းထောက်တွေနဲ့ သံတမန်တွေကို ပြောဆိုရာမှာ အခုအခါ ကိုးကန့်ဒေသ ဖွံ့ဖြိုးရေးဦးဆောင်ကော်မတီကို ဝန်ကြီးချုပ် ဗိုလ်ချုပ်သိန်းစိန်ဦးစီးပြီး စစ်ဘက်ဆိုင်ရာ ပုဂ္ဂိုလ်တွေ၊ ဝန်ကြီးတွေ၊ ဒုဝန်ကြီးတွေက အဖွဲ့ဝင်အဖြစ်ပါဝင်ပြီး ဒီလ ၁ ရက်နေ့က ဖွဲ့စည်းအုပ်ချုပ်နေတဲ့အကြောင်းပြောဆိုသလို ဖုန်ကျားရှင်လက်ထက်က လက်နက်ကုန်သွယ်မှုနဲ့ မူးယစ်ဆေးဝါးကုန်သွယ်မှုဆိုင်ရာ အသေးစိတ်အချက်အလက်တွေကို ဖြန့်ဝေခဲ့တယ်လို့ဆိုပါတယ်။ လက်နက်စက်ရုံကို ကြည့်တဲ့သံတမန်တွေ အကြားမှာ ဒီလောက်ကြီးမားတဲ့ လက်နက်စက်ရုံကို အခုမှသိတာ ဖြစ်နိုင်သလားဆိုတဲ့ သံသယတော်တော်ကြီးထွားတယ်လို့ သတင်းထောက်တွေက ပြောပါတယ်။

သတင်းစာထဲမှာ ထွက်ပြေးသွားသူတွေ ပြန်လာကြပြီ၊ ပုံမှန်ပြန်ဖြစ်နေပြီလို့ဆိုပေမယ့် ကိုယ်တိုင်မြင်တွေ့ရသူတွေက အဲသလောက်မဟုတ်ဘဲ လောက်ကိုင်မြို့ဟာ ခြောက်ကပ်နေကာ လမ်းတလျှောက် ဖြတ်သန်းခဲ့ရတဲ့ ချင်းရွှေဟော်မြို့မှာလည်း ဆိုင်တွေပိတ်၊ အိမ်တွေပိတ်ပြီး ထွက်ပြေးနေကြဆဲဆိုတာတွေ့ခဲ့တယ်လို့ ပြောပါတယ်။

# နအဖဒုဗိုလ်ချုပ်ကြီးရဲမြင့် ကေအိုင်အိုနဲ့တွေ့ဘို့မြစ်ကြီးနားမြို့ကို ရောက်ရှိ

**RFA ၊ စက်တင်ဘာ ၉ ။** ။ နအဖစစ်အုပ်စုစစ်ဘက်ရေးရာလုံခြုံရေးအဖွဲ့ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နဲ့အဖွဲ့ ကေအိုင်အိုခေါင်းဆောင်တွေနဲ့တွေ့ဆုံဘို့ မြစ်ကြီးနားမြို့မှာရောက်နေတယ်လို့ ကေအိုင်အိုနဲ့နီးစပ်တဲ့သတင်းတွေအရသိရပါတယ်။

အလားတူဘဲ မကြာခင်မှာ UWSA ‘ဝ’ အဖွဲ့နဲ့ တွေ့ဆုံဆွေးနွေးဘို့ရှိကြောင်းနဲ့ ‘ဝ’ အမျိုးသားခေါင်းဆောင် ကျောက်ညီလိုင် ကွယ်လွန်သွားတာနဲ့ပတ်သက်လို့လည်း ကူညီငွေတွေပေးကြောင်း ‘ဝ’အရာရှိတယောက်ကပြောဆိုပါတယ်။

“ဒီလိုဘဲသတင်းကြားတယ်၊ လာမှာတော့လာမယ်ထင်တယ်။ အခု ဦးကျောက်ညီလိုင်ရဲ့ အလှူငွေတောင်မှ သူတို့ဒီနေ့ပို့လာမယ်လို့ပြောတာဘဲ။ လားရှိုးက ရမခ တိုင်းမှူး ၁၀ သိန်းပေ့ါ။ အသုဘအတွက် ဗိုလ်ချုပ်ရဲမြင့်က ၅ သိန်းဘဲဖြစ်မှာပေ့ါ။ ပန်ဆန်းက နတလ ဗိုလ်မှူးကိုယ်စားပြုပြီးတော့ ပန်ဝယ်ကိုတက်လာဘို့ အစီအစဉ်ရှိတယ်။”

ဘာတွေဆွေးနွေးမယ်အတိအကျမသိရသေးပေမယ့် မြန်မာစစ်အစိုးရပြောဆိုနေတဲ့ အပစ်ရပ်အဖွဲ့တွေ နယ်ခြားစောင့်တပ်အဖြစ် ပြင်ဆင်ဖွဲ့စည်းခိုင်းတာနဲ့ပတ်သက်နိုင်ပြီး အခုလို နှစ်ဘက်တွေ့ဆုံဘို့ဖြစ်လာတာဟာ တရုတ်အစိုးရဲ့ဖိအားပေးတွေလည်း ပါနိုင်တယ်လို့လေ့လာသူတွေက ယူဆနေကြပါတယ်။ လွန်ခဲ့တဲ့ဩဂုတ်လကုန်ပိုင်းလောက်က ကိုးကန့်တိုင်းရင်းသားအဖွဲ့ကို မြန်မာစစ်အစိုးရက အလုံးအရင်းနဲ့တိုက်ခိုက်သိမ်းပိုက်ပြီးတဲ့နောက်ပိုင်းမှာ UWSA ဘက်က စစ်ရေးပြင်ဆင်မှုတွေလုပ်လာသလို မြန်မာစစ်အစိုးရတပ်တွေကလည်း ‘ဝ’နယ်ထဲမှာ စစ်အင်အားတွေတိုးချဲ့လာခဲ့ပါတယ်။ လက်ရှိအခြေအနေအရ မြန်မာဘက်က တပ်တချို့ပြန်ဆုတ်သွားတာ တွေ့ရတယ်လို့ ‘ဝ’ အရာရှိကပြောပါတယ်။

“အခုဟာက ကျနော်တို့တပ်ကတော့ မရုတ်သိမ်းသေးဘူးလေ။ သူတို့က ကား ၆ စီးတော့ပြန်ရုတ်သိမ်းသွားတယ်လို့တော့ ကြားတယ်ခင်ဗျ။ မော်ဖ၊ ပန်ဆိုင်းဘက်မှာပေ့ါ။ ကျိုင်းတုံနဲ့တန့်ယန်းကြားပေ့ါ။ တဖြည်းဖြည်းနဲ့သူတို့ရုတ်ဘို့ရှိတယ်ထင်တယ်။”

အခု အစောပိုင်းမှာ မြန်မာစစ်အစိုးနဲ့ ‘ဝ’အဖွဲ့တွေ တိုက်ပွဲဖြစ်ပွားမယ့်သတင်းတွေကြောင့် ‘ဝ’ဒေသအတွင်းက တရုတ်စီးပွားရေးသမားတွေနဲ့အတူ လူအတော်များများ တရုတ်နိုင်ငံဘက်ကို တိမ်းရှောင်နေကြပါတယ်။ ဒါပေမယ့် အခုအခါတော့ အေးအေးဆေးဆေးဖြစ်နေတယ်လို့ ‘ဝ’အရာရှိကပြောပါတယ်။ ‘ဝ’အဖွဲ့တွေအနေနဲ့ တိုင်းရင်းသားပြဿနာတွေကို မြန်မာစစ်အစိုးရနဲ့ ငြိမ်းချမ်းတဲ့နည်းနဲ့ ဆွေးနွေးဖြေရှင်းချင်ပေမယ့် မြန်မာစစ်အစိုးရဘက်က စစ်ရေးနဲ့အတင်းအကျပ်တိုက်ခိုက်လာမယ်ဆိုရင်တော့ ခုခံကာကွယ်မယ်လို့ သူကပြောပါတယ်။

ဒီအတောအတွင်း ကိုးကန့်ဒေသကို သံတမန်တွေ ဒီကနေ့ဖိတ်ကြားပြသခဲ့တဲ့ ပြည်ထဲရေးဝန်ကြီးဌာန ဒုဝန်ကြီးဗိုလ်မှူးချုပ်ဘုန်းဆွေက ကိုးကန့်ဒေသဟာ လာမယ့် ၂၀၁၀ ရွေးကောက်ပွဲအပြီးမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖြစ်လာပါလိမ့်မယ်လို့ ပြောပါတယ်။ ဒ့ါအပြင် သူက မြန်မာစစ်တပ်ဟာ ကိုးကန့်ဒေသကို ဩဂုတ်လ ၂၉ ရက်နေ့ကစပြီး အပြည့်အဝ ထိန်းချုပ်ထားနိုင်ခဲ့ကြောင်းလည်း ပြောဆိုတယ်လို့သိရပါတယ်။

# ကေအိုင်အိုသည် နအဖရဲ့ နယ်ခြားစောင့်တပ်အသွင်ပြောင်းမည်မဟုတ်

**NEJ ၊ စက်တင်ဘာ ၇ ။** ။ ကေအိုင်အိုအား နယ်ခြားစောင့်တပ် BGF အစား ကချင်ဒေသကိုယ်ပိုင် အုပ်ချုပ်ရေးတပ် KRGF အဖြစ် အသွင်ပြောင်းရန် ကချင်ပြည်နယ်ဒေသအသီးသီးမှ လူထုကိုယ်စားလှယ်နဲ့ ကေအိုင်အိုတို့ တွေ့ဆုံဆွေးနွေးကာ သဘောတူဆုံးဖြတ်လိုက်တာဖြစ်ပါတယ်။

အခုလ ၅ ရက်နေ့မှ ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ KIO ထိန်းချုပ်ရာ တရုတ် မြန်မာနယ်စပ် လိုင်ဇာမြို့မှာ မြစ်ကြီးနား ပိုင်းမော် မိုးကောင်း မိုးညှင်း ဗန်းမော် ဖားကန့်စတဲ့ ဒေသအသီးသီးမှ ဘာသာရေးခေါင်းဆောင်များ ဒေသဆိုင်ရာယဉ်ကျေးမှုအဖွဲ့ လူမှုရေးအဖွဲ့အသီးသီးမှ ကိုယ်စားလှယ်များစုစုပေါင်း ၃၂၄ ယောက်နဲ့ KIO အဖွဲ့မှ ခေါင်းဆောင်များတွေ့ဆုံ စည်းဝေးပွဲတရပ်ကျင်းပပြီး အခုလို ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်။ ကချင်အမျိုးသားများ၏ရှေ့ရေးဆွေး နွေးပွဲအမည်နဲ့ ကျင်းပတဲ့ ဒီအစည်းအဝေးမှ အချက် ၆ ချက်ပါကြေညာချက်ထုတ်ပြန်ခဲ့တယ်လို့လည်း KIA အရာ ရှိများက ပြောပါတယ်။ သူပြောတာက...

"အဓိကတော့ မြန်မာနိုင်ငံရဲ့ အသွင်ကူးပြောင်းရေးမှာ KIA အနေနဲ့ ပါဝင်မှုကို လိုလားတယ်၊ စစ်အုပ်စုနဲ့ငြိမ်းငြိမ်းချမ်းချမ်းဆွေးနွေးသွားဖို့နဲ့ အချင်းချင်းယုံကြည်မှုနဲ့ဆွေးနွေးသွားမယ်၊ ငြိမ်းချမ်းရေးကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမယ်၊ နယ်ခြားစောင့်တပ်အနေနဲ့မဟုတ်ဘဲ ကချင်ဒေသကိုယ်ပိုင်အုပ်ချုပ်ရေးတပ် KRGF အနေနဲ့ပဲ လူထုက လိုလားတယ်ဆိုတာ ကြေညာချက်နဲ့ဖော်ပြထားပါတယ်။"

နအဖက KIO အပါအဝင် အပစ်ရပ်အဖွဲ့များကို နယ်ခြားစောင့်တပ်အဖြစ် အသွင်ပြောင်းရန် ပြီးခဲ့တဲ့ ဧပြီ ၂၈ ရက်က စကားကမ်းလှမ်းပြောဆိုပြီးနောက်ပိုင်း KIO နဲ့နအဖအကြား အကြိမ်ကြိမ်တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ နအဖက နယ်ခြားစောင့်တပ်အဖြစ်သာ အသွင်ပြောင်းရန် တစိုက်မတ်မတ် ဖိအားပေးပြောဆိုလာခဲ့ပေမယ့်လည်း KIO အနေနဲ့ လက်မခံနိုင်တဲ့အကြောင်းကို အခုပြုလုပ်ခဲ့တဲ့ ကချင်လူထုအစည်းအဝေးနဲ့ ထပ်မံဆုံးဖြတ်ချက်ချခဲ့ခြင်းဖြစ်ပါတယ်။

KIO အဖွဲ့ဝင်မှ အသက် ၅၀ နှစ်အထက်ရှိသူများကို နိုင်ငံရေးပါတီထူထောင်ပြီး ၂၀၁၀ ရွေးကောက်ပွဲဝင်ရန် နအဖက ကမ်းလှမ်းထားခဲ့ရာ ဒုဥက္ကဋ္ဌ ဒေါက်တာမနန်တူးဂျာ၊ အထွေထွေအတွင်းရေးမှူး ၂ အင်ဂျာနော်ရစ် အပါအဝင် ခေါင်းဆောင် ၆ ဦးကို KIO မှ နုတ်ထွက်ခဲ့ပြီး နိုင်ငံရေးပါတီထဲဝင်ရောက်နိုင်ရန်ရှိကြောင်းအဆိုပါ KIO အရာရှိကပြောပါတယ်။

"သူတို့ကို ဖယ်ရှားတာ မဟုတ်ဘူး၊ နဂိုတည်းက နိုင်ငံရေးပါတီထဲမှာ လုပ်ဖို့အစီအစဉ်ရှိပြီးသားပါ။ ကြားကာလ လုပ်ငန်းကော်မတီဆိုပြီး ဖွဲ့ထားတာရှိတယ်၊ အဲဒီမှာ လုပ်နေကြရာက အခုပါတီထဲမှာလုပ်ဖို့ နုတ်ထွက်ခွင့်ပေးလိုက်တာပါ"။ KIO အနေနဲ့ နအဖက ကမ်းလှမ်းထားတဲ့ နယ်ခြားစောင့်တပ်အသွင်ပြောင်းရေးကို ငြင်းဆန်နေသကဲ့သို့ တဖက်မှလည်း နအဖရဲ့ ၂၀၁၀ ရွေးကောက်ပွဲကို KIO အဖွဲ့မှ ခေါင်းဆောင်တချို့အား ဝင်ရောက်စေခြင်းဖြစ်ကြောင်း နိုင်ငံရေးအကဲခတ်များက ဝေဖန်နေကြပါတယ်။

# မန္တလေးတိုင်းအဲန်အဲယ်ဒီလူငယ်အဖွဲ့တိုးချဲ့ဖွဲ့စည်း

**RFA ၊ စက်တင်ဘာ ၈ ။** ။ အာဏာပိုင်တွေရဲ့ နှောင့်ယှက်ဟန့်တားမှုတွေရှိနေတဲ့ကြားက မန္တလေးတိုင်း၊ အဲန်အဲယ်လ်ဒီလူငယ်အဖွဲ့ဟာ တိုင်းအတွင်း အဖွဲ့ရဲ့ဖွဲ့စည်း ရေးလုပ်ငန်းတွေကို အရှိန်အဟုန်မြှင့် တိုးချဲ့လုပ်ကိုင်ကြဘို့ စီစဉ်နေတယ်လို့သိရ ပါတယ်။

မန္တလေးတိုင်းအတွင်း မြို့နယ်ပေါင်း ၃၀ ရှိတဲ့အထဲက ၁၄ မြို့နယ်မှာ အဲန်အဲယ်လ်ဒီလူငယ်အဖွဲ့တွေ ဖွဲ့စည်းထားပြီးဖြစ်ပြီး ခရက်ပိုင်းအတွင်း ကျန်နေသေးတဲ့ တခြားမြို့နယ်မှာ ဆက်လက်ဖွဲ့စည်းသွားမှာဖြစ်သလို လက်ရှိ ရှိပြီးသားအဖွဲ့တွေကိုလည်း အင်အားတိုးချဲ့သွားမှာဖြစ်တဲ့အကြောင်း မန္တလေးတိုင်း လူငယ်ခေါင်းဆောင်တယောက်က အခုလိုပြောပါတယ်။

"ပုံမှန်ကတော့ ၁၄ ဦးနဲ့ဖွဲ့တာပေါ့။ တချို့မြို့နယ်တွေကျတော့ ၇ ဦးနဲ့ဖွဲ့ထားတာရှိတယ်။ အဲဒါတွေ ကျနော်တို့ပြန်ဖြည့်မယ်။ မဖွဲ့ရသေးတဲ့မြို့နယ်တွေလည်း ကျနော်တို့ပြန်လည်ဖွဲ့မယ်။ ဖွဲ့ဘို့မြို့နယ်တွေလျာထားတာ စာတင်ထားတာတွေလည်းရှိတယ်။ အဲဒါတွေ ကျနော်တို့ဖွဲ့တော့မှာ။"

အဲန်အဲယ်ဒီလူငယ်အဖွဲ့တွေ ရှိထားပြီးဖြစ်တဲ့ မြို့နယ်တွေထဲမှာ မြို့နယ် ၅ ခုမှာ မနေ့က အတွေ့အကြုံနှီးနှောဖလှယ်ပွဲတွေ လုပ်ခဲ့တယ်လို့လည်းပြောပါတယ်။ မိုးကုတ်၊ သပိတ်ကျင်း၊ တောင်သာ စတဲ့မြို့နယ်တွေမှာ မဖွဲ့စည်းရသေးဘူးလို့သိရပြီး စည်းရုံးရေးဆင်းတဲ့နေရာမှာ အနှောင့်အယှက်တွေနဲ့ကြုံရတာ ရှိတယ်လို့လည်း သူကဆက်ပြောပါတယ်။

"ကျနော်တို့က မဖွဲ့စည်းခင် မြို့နယ်တွေမှာ စည်းရုံးရေးဆင်းတာရှိတယ်။ ကျနော်တို့စည်းရုံးရေးဆင်းတဲ့အချိန်မှာတော့ မဖြစ်ဘူး။ ကျနော်တို့ပြန်သွားတဲ့အချိန်မှာ ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းတွေကနေ လိုက်ပြီးတော့ အဲန်အဲယ်လ်ဒီထဲကိုမဝင်ကြနဲ့ ဝင်ရင်အဖမ်းခံရမှာ၊ ဝင်ရင်အဖမ်းခံရမှာ ဖွဲ့စည်းတဲ့လူတွေထဲမှာကို သူတို့ကဝင်ဝင်ပြောတယ်။ အဲဒါမျိုး နှောင့်ယှက်တာရှိတယ် ကျနော်တို့ကို။"

မန္တလေးတိုင်း အမျိုးသားဒီမိုကရေစီချုပ်ရဲ့ လူငယ်ဖွဲ့စည်းရေးလုပ်ငန်းတွေကို ၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလကတည်းကစပြီး လုပ်ခဲ့တာဖြစ်ပြီး ပြည်သူလူထုရဲ့အားပေးထောက်ခံမှု ရတာရှိသလို တချို့မြို့နယ်တွေမှာ အာဏာပိုင်တွေက ခြိမ်းခြောက်တဲ့အတွက် ပါဝင်ရမှာကြောက်နေသူတွေလည်း ရှိတယ်လို့ဆိုပါတယ်။ ဘယ်လိုဘဲဖြစ်ဖြစ် တိုင်းလူငယ်အဖွဲ့ကတော့ စည်းရုံးရေးလုပ်ငန်းတွေကို ဆက်တိုးလုပ်သွားမယ်လို့ သိရပါတယ်။

# မြန်မာနိုင်ငံသား တသောင်း ဆန်လှူခံ

**DVB ၊ စက်တင်ဘာ ၉ ။** ။ ထိုင်းမြန်မာနယ်စပ် မဲဆောက်မြို့နှစ်စဉ်ပြုလုပ်တဲ့ ဆန်လှူပွဲကို မြဝတီမြို့က မြန်မာနိုင်ငံသား သောင်းကျော်လာရောက် အလှူခံကြပါတယ်။

ထိုင်းနိုင်ငံ မဲဆောက်မြို့ တရုတ်ဘုံကျောင်းမှာ ဒီနေ့ပြုလုပ်တဲ့ ဆန်လှူပွဲကို မြန်မာနိုင်ငံသား တသောင်းသုံးထောင်လောက် လာရောက်အလှူခံကြတယ်လို့ တရုတ်ဘုံကျောင်း ဥက္ကဋ္ဌက ပြောပါတယ်။ တရုတ်ဘုံကျောင်းမှာ ဆန်၊ ငါးသေတ္တာ၊ ခေါက်ဆွဲခြောက်၊ ဆား၊ အချိုမှုန့်စတဲ့ စားသောက်ကုန်ပစ္စည်းတွေကို ထုပ်ပြီး အလှူပေးနေတာဖြစ်ပါတယ်။ ဒီနေ့အလှူအတွက် စားသောက်ကုန်ပစ္စည်းတွေ ထည့်ထားတဲ့အထုပ်ပေါင်း တသောင်းတထောင်နဲ့ အရံအဖြစ် အပိုအထုပ် ၇ ထောင်ကို ဘတ်ငွေ ၁ သန်းဖိုး ပြုလုပ်ထားတာလို့ သူကပြောပါတယ်။ လူတဦးကို တထုပ်စီပေးပေမြဲ အသက် ၁၀ နှစ်အောက် ကလေးတွေကိုတော့ မပေးဘူးလို့သိရပါတယ်။ ဒီအလှူတွေကို မဲဆောက်မြို့က မြန်မာအပါအဝင် မြဝတီမြို့ပေါ်က ဆင်းရဲနွမ်းပါးသူတွေပါလာရောက် အလှူခံကြရာမှာ မနှစ်ကထက်စာရင် လာယူတဲ့မြန်မာတွေ ပိုများတယ်လို့ ဘုံကျောင်းတာဝန်ရှိသူက ပြောပါတယ်။

အဲဒီအလှူမှာ သွားရောက်ယူခဲ့တဲ့ မြဝတီမြို့က ကလေးတဦးက မိသားစုစီးပွားရေးဆင်မပြေလို့ ကျောင်းထွက်ပြီး အပြင်အလုပ် လုပ်နေရင်း ဆန်လှူပွဲရှိတယ်ဆိုတာကြားလို့ လာတာလို့ပြောပါတယ်။ "သမီး ၃ တန်းနဲ့ ကျောင်းထွက်တာ။ အခု မြဝတီမြို့ ရေလယ်ကျွန်းမှာနေတယ်။ သူများတွေက မဲဆောက်မှာပိုက်ဆံဝေတယ်၊ ဘုံကျောင်းမှာ ဆန်တွေဝေတယ်ဆိုလို့ အခုလာယူတာပါ။" မြဝတီမြို့က အမျိုးသမီးတဦးကလည်း သူ့အနေနဲ့ အလုပ်ရှားပါးလို့ စားဝတ်နေရေးမပြေလည်လို့ ဆန်လှူတာကိုကြားရတာနဲ့ လာယူတာလို့ပြောပါတယ်။

"အလုပ်တွေ မရှိကြဘူး ရှားတယ်။ ဒါကြောင့် ဒီမှာ ရမလားဆိုပြီးတော့ လာတာ။ ကျမ ဒီနှစ်မှလာတာ။" တရုတ်ဘုံကျောင်း တာဝန်ရှိသူတွေနဲ့တရုတ်စီးပွားရေးလုပ်ငန်းရှင်တွေ ပူးပေါင်း အလှူငွေထည့်ပြီး ဆင်းရဲနွမ်းပါးသူတွေကို ဆန်နဲ့အစားသောက်တွေ နှစ်စဉ်လှူဒါန်းတာဖြစ်ပါတယ်။ တရုတ်ရိုးရာအရ ကွယ်လွန်သူ ဘိုးဘွားတွေအတွက် ရည်စူးပြီးလှူဒါန်းလာတာ ဒီနှစ်နဲ့ဆို နှစ်ပေါင်း ၄၀ တိတိရှိပြီလို့ သိရပါတယ်။

# ဒီမိုကရေစီဖတ်စာ

## New Year's Address
## Vaclav Havel (၁၉၃၆– )
## နှစ်သစ်ကူးမိန့်ခွန်း

ချက်သမတနိုင်ငံ၏ သမတဟောင်း ဗားကလပ်ဗ်ဟာဗဲလ် သည် ၁၉၃၆ ခုနှစ်တွင် ချမ်းသာကြွယ်ဝသောမိသားစုမှမွေးဖွားလာခဲ့သူဖြစ်သည်။ သို့သော် ပြဇာတ်ရေးဆရာဖြစ်လာသည့် ဟာဗဲလ်သည် ကွန်မြူနစ်အစိုးရလက်အောက်တွင် ကံဆိုးမိုးမှောင်ကျခဲ့ရသူတဦးဖြစ်သည်။

အထက်တန်းကျောင်း၊ တက္ကသိုလ်များသို့ တက်ခွင့်မရခဲ့ပေ၊ ထို့ကြောင့် နေ့ဘက်တွင် ဓာတ်ခွဲခန်းတွင်အလုပ်လုပ်၊ ညဘက်တွင်ကျောင်းတက်ကာ ကိုယ့်ဘာသာကိုယ် ပညာလေ့လာခဲ့ရသည်။ စာပေနှင့်အသိပညာဆိုင်ရာ လွတ်လပ်ခွင့်အတွက် ပြောဆိုလှုပ်ရှားရင်း ကွန်မြူနစ်အစိုးရ၏စွဲချက်အမျိုးမျိုးဖြင့် ဖမ်းဆီးခံခဲ့ရသူဖြစ်သည်။

၁၉၈၉ ခုနှစ် နိုဝင်ဘာနှင့် ဒီဇင်ဘာလများတွင် ကွန်မြူနစ်အစိုးရအား လူထုချီတက်ဆန္ဒပြပွဲများ၊ အလုပ်သမားများအလုပ်မဆင်းပဲ သပိတ်မှောက်မှုများဖြင့် ဆန့်ကျင်ခဲ့သည်။ ငြိမ်းချမ်းသောလူထုဆန္ဒပြပွဲများဖြင့် နိုင်ငံရေးအခြေအနေကိုပြောင်းလဲနိုင်ခဲ့သည့်အတွက် ချက်ကိုစလိုဗားကီးယားနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် ကွန်မြူနစ်အစိုးရပြုတ်ကျရေးအတွက် လူထုတော်လှန်ရေးကို ကတ္တီပါတော်လှန်ရေးဟု ခေါ်ဝေါ်ခဲ့ကြသည်။

ကွန်မြူနစ်အစိုးရပြုတ်ကျခဲ့ပြီးနောက် ၁၉၉၀ ခုနှစ် ဂျန်နဝါရီ ၁ ရက်နေ့တွင် ဗားကလပ်ဗ်ဟာဗဲလ်အား လွှတ်တော်က သမတအဖြစ်ရွေးချယ်ခဲ့သည်။ နိုင်ငံတွင် နှစ်ပေါင်း ၄၀ ကြာ နိုင်ငံရေးအတိုက်အခံမရှိခဲ့ခြင်း၊ နိုင်ငံရေးပါတီအသင်းအဖွဲ့များမရှိခြင်း၊ လူသိထင်ရှားအတိုက်အခံလှုပ်ရှားသူအနည်းငယ်သာရှိခြင်းတို့က ကွန်မြူနစ်လက်အောက်မှလွတ်မြောက်လာသည့် ချက်ကိုစလိုဗားကီးယားတွင် ခေါင်းဆောင်မှုပြဿနာကြုံခဲ့ရသည်။ ထိုသို့သောအခြေအနေတွင် သမတဖြစ်လာသည့် ဟာဗဲလ်၏ သမတအဖြစ်ပြောခဲ့သောမိန့်ခွန်းက နိုင်ငံ့လက်ရှိအခြေအနေနှင့် ခေါင်းဆောင်တယောက်အနေဖြင့်လုပ်ဆောင်ရမည့် တာဝန်များကို ပြောဆိုခဲ့သည်များကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။

…………

“လွန်ခဲ့တဲ့နှစ်ပေါင်း ၄၀ လုံးလုံး ကျနော့်အရင် သမတတွေပြောဆိုခဲ့တဲ့စကားတွေကို ပြည်သူပြည်သားတွေ မှတ်မိကြပါလိမ့်မယ်။ တိုင်းပြည်ကြီးဟာ ဘယ်လောက်တိုးတက်နေတယ်၊ နိုင်ငံတွင်းမှာ သံမဏိထုတ်လုပ်မှုတွေ ဘယ်လောက်အထိ တိုးတက်များပြားလာနေတယ်၊ ပြည်သူပြည်သားတွေ ဘယ်လောက်ပျော်ရွှင်နေကြတယ်၊ အစိုးရကို ဘယ်လောက်ယုံကြည်ကြတယ်၊ နိုင်ငံ ရဲ့အနာဂတ်ဟာ ရှေ့မှာ ဘယ်လောက်ပြန့်ဖြူးသာယာနေတယ်ဆိုတာတွေကို ပြောသွားခဲ့ကြပါတယ်။

ကျနော် သမတရာထူးကို ရလာတာဟာ ဒီလိုပြောဖို့အတွက်မဟုတ်ပါဘူး၊ ကျနော်အနေနဲ့လည်း ပြည်သူပြည်သားတွေကို လိမ်ဖို့ရာမသင့်ပါဘူး။

ကျနော်တို့တိုင်းပြည်ဟာ သာယာဝပြောခြင်းမရှိပါဘူး၊ ကျနော်တို့နိုင်ငံရဲ့ ကြီးမားကျယ်ပြန့်လှတဲ့ ဖန်တီးနိုင်စွမ်းအားနဲ့ စိတ်ဓာတ်ရေးရာ အားကောင်းရှင်သန်မှုတွေဟာ အလဟဿဖြုန်းတီးပစ်ခံခဲ့ရသလိုဖြစ်ခဲ့ရပါတယ်။ စက်မှုလုပ်ငန်းထုတ်ကုန်တွေဟာ လုံလောက်မှုမရှိတဲ့ပြည်သူတွေအတွက် အကျိုးခံစားခွင့်မရခဲ့ပါဘူး၊ ခေတ်မမီတော့တဲ့စီးပွားရေးဖော်ဆောင်မှုကလည်း ကျနော်တို့ရဲ့နည်းပါးလှတဲ့ စွမ်အားတွေကို ဖြုန်းတီးပစ်ရာရောက်ခဲ့ပါတယ်။ ပြည်သူပြည်သားတွေရဲ့ပညာရေးအဆင့်အတန်းမြင့်မားလို့ တချိန်တခါက ဂုဏ်ယူ ဝင့်ကြွားခဲ့ရတဲ့ ကျနော်တို့နိုင်ငံဟာ အခုတော့ ကမ္ဘာ့အဆင့်ကျဆင်းခဲ့ရပါတယ်။

ဒီလိုပြဿနာမျိုးတွေဟာ ကျနော်တို့ရဲ့အဓိကအကျ ဆုံးပြဿနာမဟုတ်ပါဘူး၊ အဆိုးရွားဆုံးက ကျနော်တို့တတွေဟာ ကိုယ်ကျင့်တရားညစ်နွမ်းတဲ့ ပတ်ဝန်းကျင်မှာ နေနေခဲ့ရလို့ပါပဲ၊ ကျနော်တို့တတွေဟာ ဘာကိုမှ မယုံကြဖို့ကိုသာ လေ့လာခဲ့ရပါတယ်၊ တယောက်ကိုတယောက် လျစ်လျူရှုထားကြဖို့ကိုသာ သင်ယူခဲ့ရပါတယ်၊ ကိုယ့်ကိုယ်ကျိုးကိုသာ ကိုယ်ကြည့်ဖို့ကိုသာ တွေးတောခဲ့ရပါတယ်။ မေတ္တာ၊ ချစ်ကြည်ရင်းနှီးမှု၊ သနားကြင်နာမှု၊ လူသားဆန်မှု၊ ခွင့်လွှတ်မှုစတာတွေဟာ ပျောက်ဆုံးပျောက်ကွယ်ခဲ့ရပါတယ်။

ကိုယ်ကျင့်တရားညစ်နွမ်းတဲ့ပတ်ဝန်းကျင်လို့ ကျနော်ပြောဆိုတာဟာ ကောင်းကောင်းနေ ကောင်းကောင်းစားရတဲ့သူတွေက ပတ်ဝန်းကျင်မှာဖြစ်ပျက်နေတဲ့ အရာတွေကိုကြည့်ပြီး ကိုယ်နဲ့မဆိုင်သလိုနေနေတာ ကိုပဲဆိုတာမဟုတ်ပါဘူး၊ ကျနော်တို့ရဲ့ ပြည်သူပြည်သားတွေအားလုံးလည်းပါဝင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျနော်တို့တတွေဟာ အာဏာရှင်စနစ်အောက်မှာ နေသားကျနေခဲ့ကြတယ်၊ ဒီလိုအခြေအနေမျိုးကို လက်ခံခဲ့ကြတယ်၊ ဒီတော့ အကူအညီရဖို့ကိုပဲ ကြိုးပမ်းနေခဲ့ကြတယ်။ ဒါကို နောက်တနည်းပြောရလို့ရှိရင် ကျနော်တို့ဟာ အာဏာရှင်စနစ်ယန္တယားကြီးကို ဖန်တီးခဲ့တဲ့အထဲမှာ တနည်းမဟုတ် တနည်း တာဝန်ရှိတာချည်းပဲဖြစ်တယ်၊ ကျနော်တို့ဟာ ဒီစနစ်ကြီးရဲ့သားကောင်ဖြစ်ခဲ့ရုံမကပါဘူး၊ ဒီစနစ်ကြီးအတွက် တာဝန်ခံရမယ့်သူတွေလည်း ဖြစ်ပါတယ်။

ဘာဖြစ်လို့ ကျနော်က ဒီလိုပြောရတာလဲ၊ လွန်ခဲ့တဲ့နှစ် ၄၀ အတွင်းက ဖြစ်ပျက်ခဲ့တဲ့ကြေကွဲစရာတွေဟာ တခါမှမကြုံဘူး၊ မဆုံဘူးခဲ့လို့ ဒါမှမဟုတ် အစဉ်အဆက် ဒီလိုဖြစ်ခဲ့လို့တွေးကြမယ်ဆိုရင် မှန်ကန်တဲ့တွေးတောမှုဖြစ်မှာ မဟုတ်ပါဘူး။ အဲဒါကို ကျနော်တို့တတွေကိုယ်တိုင်က လက်ခံခဲ့လို့ပဲဖြစ်ပါတယ်။ ကျနော်တို့က ဒါကို လက်ခံခဲ့လို့ရှိရင် ကျနော်တို့ကိုယ်တိုင်နားလည်ထားဖို့လိုတာက ဒါဟာ ကျနော်တို့အပေါ်မှာပဲမူတည်တယ်ဆိုတာပါပဲ၊ ဒီတော့ ဒါနဲ့ပတ်သက်ပြီး တခုခုလုပ်ဖို့လည်း လိုအပ်တယ်ဆိုတာကိုပါ နားလည်ဖို့လိုပါတယ်။

အရင်ကအုပ်ချုပ်ခဲ့သူတွေကို ဖြစ်ပျက်သမျှအားလုံးအတွက် အပြစ်ပုံချလို့ချည်း ပဲမဖြစ်ပါဘူး၊ မမှန်မကန်လို့ဆိုပြီးအပြစ်ဖို့နေရုံနဲ့မပြီးပါဘူး၊ မမှန်မကန်တဲ့အရာတွေကို အသိစိတ်ရှိရှိနဲ့ သွက်သွက်လက်လက်နဲ့လုပ်ဖို့အတွက် အားနည်း ခဲ့တယ်ဆိုတာကိုလည်း ဝန်ခံရမှာဖြစ်ပါတယ်။ ဒီတော့ ကျနော်တို့တတွေ နောက်ထပ်မမှားဖို့လိုပါတယ်။ ကမ္ဘာပေါ်မှာ အကောင်းဆုံးအစိုးရတွေ၊ အကောင်းဆုံးလွှတ်တော်တွေ၊ အတော်ဆုံးသမတတွေဟာသူတို့ရဲ့စွမ်းဆောင် နိုင်စွမ်းအားထက်ကျော်ပြီးတော့ ဘာမှမလုပ်နိုင်ပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ် အားလုံးကို တခါတည်းနဲ့ ကုစားနိုင်မယ်ဆိုတဲ့အတွေးဟာ မှားယွင်းတဲ့အတွေးပါ။ လွတ်လပ်မှုနဲ့ဒီမိုကရေစီမှာ လူတိုင်းလူတိုင်းဟာ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဖို့လိုပြီး ဒါဟာ တာဝန်တွေကို ခွဲဝေမျှယူခြင်းပဲဖြစ်ပါတယ်။

ကျနော်တို့တတွေ ဒါကို နားလည်သဘောပေါက်လို့ရှိရင် အသစ်ဖြစ်ထွန်းလာတဲ့ ဒီမိုကရက်တစ်ချက်ကိုစလိုဗားကီးယားနိုင်ငံဟာ အရင်ကဖြစ်ပျက်ခဲ့တဲ့ ဆိုးရွားလှတဲ့ ကြေကွဲဖွယ်ရာအမွေဆိုးတွေကို ဆက်ခံနေရတာတွေ အဆုံးသတ်သွားမှာဖြစ်ပါတယ်။ ဒါကို နားလည်သဘောပေါက်လို့ရှိရင် ကျနော်တို့ တတွေဟာ ကောင်းမြတ်လှတဲ့ ကိုယ်ကျင့်တရားတွေ ပြန်လည်ပေါက်ဖွားလာပြီး၊ ကောင်းမွန်တဲ့ စိတ်ဓာတ်တွေ ပြန်လည်ရှင်သန်လာမှာဖြစ်ပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

# ဆဲဗင်းကော်နာ ကော်ဖီဆိုင် ဖျက်ဆီးခံရမှု ရန်ကုန်မြို့ခံများ စိတ်ဝင်စား

**DVB၊ စက်တင်ဘာ ၉။** ။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲ့မြေး စိန်မျောက်လို့ လူတွေကခေါ်ကြတဲ့ ဖိုးလပြည့်ရဲ့အမိန့်နဲ့ ရန်ကုန်မြို့ ကမ္ဘာအေးလမ်းမပေါ်ရှိ ဆဲဗင်းကော်နာလို့အမည်ရတဲ့ ကော်ဖီဆိုင် ဖျက်ဆီးခံရတယ်လို့ ရန်ကုန်မြို့ခံတွေက ပြောဆိုနေကြပါတယ်။

အဲဒီဆိုင်ဟာ ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး၊ ဦးစိုးသာ၊ ဗိုလ်ချုပ်ကြီးသာအေးတို့ရဲ့ သားသမီးတွေ အစုအစပ် တည်ထောင်ထားတာဖြစ်လို့ ဆိုင်ဖျက်ရတဲ့အထိဖြစ်တဲ့ ပြဿနာကို ဗိုလ်ချုပ်ကြီးတွေရဲ့ မိသားစုအချင်းချင်း စီးပွားရေးပဋိပက္ခလို့ ရှုမြင်ပြီး ဝမ်းသာတဲ့သူတွေက ဝမ်းသာကြတယ်လို့ မြို့ခံတဦးက ပြောပါတယ်။

"တယောက်နဲ့တယောက် နိုင်ထက်စီးနင်းအုပ်ချုပ်နေတယ်ဆိုတာ အရမ်းသိသာတယ်။ သူတို့အချင်းချင်းဖြစ်တာကို လူတွေက ဝမ်းသာနေကြတာပေါ့။ ဆိုင်ကို ဖျက်လို့တောင် မပြီးသေးဘူး။ နံရံကြီးတွေတော့ ကျန်သေးတယ်။"

အဲဒီဆိုင်နေရာကို ဖိုးလပြည့် (ခေါ်) နေရွှေသွေးအောင် လိုချင်တုန်းက မရဘဲ နောက်မှ သီဟသူရတင်အောင်မြင့်ဦးသား ယူသွားတဲ့အတွက် သီဟသူရတင်အောင်မြင့်ဦးနဲ့ ငြိလို့၊ မကြည်လို့ ပိတ်ခိုင်းလိုက်တာလို့လည်း ရန်ကုန်မြို့ခံတဦးက ပြောပါတယ်။

"ဖိုးလပြည့်လုပ်တယ်ဆိုပြီး သတင်းထွက်လာတယ်။ အဲ့ဒီနေရာကို ဖိုးလပြည့် ယူမယ်လို့ပြောတယ်။"

ဗိုလ်ချုပ်မှူးကြီးရဲ့မြေး ဖိုးလပြည့် ထင်ရာလုပ်လို့ရတဲ့အခြေအနေကို စိုးရိမ်ပူပန်သူတွေလည်းရှိပါတယ်။

"စီးပွားရေးလုပ်တဲ့ လူတိုင်းက ကြောက်ပြီး အခြေအနေကြည့်နေရတယ်ဆိုတဲ့ လူ့အဖွဲ့အစည်းမှာ ဒီလိုပုံစံချည်း အမြဲတမ်းဖြစ်သွားရင် ဒါ မကောင်းဘူး။ အတုံ့အလှည့်ဆိုတာရှိတယ်။ မြန်မာ့လူ့အဖွဲ့အစည်းမှာ အဲဒါတွေ ပေါ်လာရင် ကြားထဲလူတွေက ဒုက္ခရောက်ကြမယ်။ သားသမီး အလိုလိုက်တယ်ဆိုတာက သူတို့အချင်းချင်း ထခွပ်ကြတာ တမျိုးလေ။ ဒါကတော့ လူတွေကကြိုက်ကြတယ်။ ဒါပေမယ့် သာမန်ပြည်သူတွေ လာထိသွားပြီ နစ်နစ်နာနာတွေဖြစ်ကြပြီဆိုလို့ရှိရင်မကောင်းဘူး။ ရင့်ကျက်ပြည့်ဝတဲ့ လူကြီးတယောက်အနေနဲ့ မှန်မှန်ကန်ကန် လုပ်သင့်သလားဆိုတာကို ပြန်စဉ်းစားသင့်တယ်။"

ဖိုးလပြည့်ရဲ့ အခုလိုရမ်းကားမှုတွေကို အရေးမယူနိုင်တာကတဆင့် အမိုက်ကစ ပြဿဒ်မီးလောင်တဲ့ အခြေအနေတွေ ရောက်လာနိုင်တယ်လို့ ထိုင်းမြန်မာနယ်စပ်က စစ်ရေးလေ့လာသူ ဦးဌေးအောင်က သုံးသပ်ပါတယ်။

"ဦးနေဝင်းရဲ့မြေး ကျော်နေဝင်း၊ ဇွဲနေဝင်းတို့ လက်ထက်တုန်းက ဖြစ်ခဲ့သလိုပဲ နေရွှေသွေးအောင် လက်ထက်မှာလည်း သူတို့အဘိုးရဲ့ အရှိန်အဝါကို အသုံးပြုပြီး အပြင်မှာ မောက်မာရိုင်းစိုင်းတာတွေ၊ အနိုင်ကျင့်ဗိုလ်ကျတာတွေ လုပ်နေတဲ့သတင်းတွေ ကျနော်တို့ကြားနေရပါတယ်။ သူ့ကိုတော့ အခု အရေးယူ အပြစ်ပေးတာမျိုး မလုပ်နိုင်သေးဘူးပေါ့။ သူနဲ့ ပတ်သက်တဲ့ တခြားသူတွေသာ အပြစ်ပေးခံနေရတဲ့ အနေအထားတွေရှိတယ်။"

ဒီဆိုင်ကို လွန်ခဲ့တဲ့ ၂ လလောက်က စတင်ဖွင့်လှစ်ခဲ့တာဖြစ်ပြီး ဒီဇိုင်းကို ခမ်းခမ်းနားနားဖြစ်အောင် ပြင်ဆင်ထားတဲ့အပြင် ကြိုးမဲ့အင်တာနက်ပါ အသုံးပြုလို့ရအောင်စီစဉ်ထားတယ်လို့ ရောက်ဖူးသူတွေက ပြောပါတယ်။

# ကလေးများ အဓမ္မ စစ်သားစုဆောင်းခံနေရ၍ မိဘများ သောကရောက်

**DVB၊ စက်တင်ဘာ ၉။** ။ ရန်ကုန်တိုင်းနဲ့ ပဲခူးတိုင်းက အသက်မပြည့်သေးတဲ့ ကလေးတွေကို စစ်တပ်က အဓမ္မစုဆောင်းနေလို့ မိဘတွေ စိုးရိမ်သောကရောက်နေရပါတယ်။

ရန်ကုန် သီရိမင်္ဂလာဈေးမှာ အလုပ်လုပ်နေတဲ့ ကလေးတဦး ပျောက်ဆုံးမှုမှာ ကလေးကို စစ်တပ်က အဓမ္မခေါ်သွားခဲ့တာလို့ မိဘတွေကယုံကြည်နေကြပါတယ်။ ကျောက်တန်းမြို့နယ် စန္ဒီကျေးရွာက အသက် ၁၇ နှစ်ကျော် မောင်ရဲလင်းအောင်ဟာ သီရိမင်္ဂလာညဈေးမှာ ညဘက်အလုပ်လုပ်နေရင်း ပြီးခဲ့တဲ့ ဧပြီက ပျောက်ဆုံးခဲ့တာလို့ ဖခင်ဦးတင့်ရွှေ က ပြောပါတယ်။ သီရိမင်္ဂလာဈေးဘက်မှာ ၂ ရက်ခြား၊ ၃ ရက်ခြားတခါဆိုသလို ကားကြီးတွေနဲ့ ကလေးတွေကို ဆွဲတင်သွားတတ်ကြောင်းနဲ့ သူ့သားဖြစ်သူလည်း အဲလိုပါသွားတယ်ဆိုတာ သိရမှ ဆက်သွယ်ဖို့ကြိုးစားရာမှ အဆက်သွယ်မရဘူးလို့ ဦးတင့်ရွှေကပြောပါတယ်။

"ကျနော်တို့ မိသားစုလုံး သီရိမင်္ဂလာဈေးမှာ နေ့ရောညရော ရှာကြတာ။ မတွေ့ဘူး။ ကျနော်တို့ ရန်ကုန်မှာ အလုပ်လုပ်ပြီး ပိုက်ဆံနည်းနည်းစုမိရင် မိဘဆီ ပြန်ပို့ကြတာကိုး။ သောကတွေရောက်တာ မအေဆိုတာလည်း အခုထိ စိတ်မကောင်းဖြစ်လို့ အိပ်ရာထဲက မထဘူး။"

မောင်ရဲလင်းအောင် ပျောက်ဆုံးမှုကို မြို့နယ်ရဲစခန်း အပါအဝင် စစ်သားစုဆောင်းရေးတပ်တွေဆီ လိုက်လံစုံစမ်းခဲ့ပေမယ့် အဝင်မခံလို့ ဘာမှမေးမြန်းခွင့်မရခဲ့ဘူးလို့လည်း ပြောပါတယ်။ မောင်ရဲလင်းအောင်ဟာ အသက် ၁၇ နှစ်ကျော်နေပြီဖြစ်လို့ တခြားနေရာ တခုခုရောက်နေတယ်ဆိုရင် မိဘကို အကြောင်း ကြားမှာဖြစ်တာကြောင့် စစ်တပ်က အဓမ္မစစ်သားစုဆောင်းသွားတာပဲလို့ ဖခင်ဦးတင့်ရွှေက ပြောပါတယ်။

"စစ်ထဲဝင်သွားတဲ့ တချို့ကလည်း ဒီစစ်တပ်ထဲရောက်သွားရင် ဘယ်လိုမှ ဆက်သွယ်လို့မရဘူး၊ ကလေးတွေကိုလည်း ချုပ်ချယ်ထားတယ်လို့ စစ်တပ်ထဲကနေ ကလေးပြန်ရတဲ့ မိဘတွေက ပြောကြတယ်။ ဒါကြောင့် ၅ လ အတွင်း ကျနော့်သားပြန်ပြီး မဆက်သွယ်တော့ စစ်ထဲမှာရောက်နေပြီလို့ ကျနော်တော့ ခံယူထားတယ်။"

ပဲခူးတိုင်း သနပ်ပင်မြို့က ဉာဏ်ရည်မမီတဲ့ အသက် ၁၇ နှစ် အရွယ် ကလေးတဦးကိုလည်း စစ်တပ်က အဓမ္မစစ်သားစုဆောင်းခဲ့တယ်လို့ မိဘတွေက ပြောပါတယ်။ ငှက်ပျောတောရွာက ဖိုးခက် (ခေါ်) ကျော်ဇင်ထွန်းဟာ လွန်ခဲ့တဲ့ လေးလကျော်ကတည်းက ပျောက်ဆုံးနေတဲ့အတွက် မိခင်ဒေါ်မြသန်းက စိုးရိမ်ပူပန်နေပါတယ်။

"သူ့ သူငယ်ချင်း စစ်သားရွာကို လာလည်ရင်း ခေါ်သွားလို့ လိုက်သွားရာကနေ ပျောက်သွားတာ။ အန်တီ ထည့်ပေးတာမဟုတ်ဘူး။ အန်တီတို့က လယ်လုပ်တာ တနေရာမှာ။ အိမ်က ငှက်ပျောတောရွာမှာ။ ကောင်လေးက ကြောင်တောင်တောင်လေး။ အန်တီတို့လည်း လိုက်ရှာနေတာပေါ့။"

အဲဒီနောက် ဝမ်းဘဲအင်း ခမရ ၇ တပ်ရင်းကို အကြိမ်ကြိမ်သွားစုံစမ်းတော့မှ ဒညင်းကုန်း စစ်သားစုဆောင်းရေးတပ်ကို ပို့ထားတာသိလိုက်ရတယ်လို့ပြောပါတယ်။ ရောဝတီတိုင်း မြောင်းမြမြို့ကနေ မွန်ပြည်နယ် မော်လမြိုင်မြို့ကို အလုပ်သွားလုပ်တဲ့ အသက် ၁၅ နှစ်အရွယ် မောင်အောင်ကျော်ဇင်ကို အိမ်ရှင်က ပစ္စည်းခိုးမှုနဲ့စစ်တပ်ထဲ ထည့်လိုက်ပါသေးတယ်။ ဒီလ ၇ ရက်နေ့မှာ ကျုံဒိုးခမရ ၅၄၅ တပ်တာဝန်ရှိသူတွေက ကလေးကို မိခင်လက်ထဲ ပြန်အပ်ခဲ့တယ်လို့လိုက်ပါဆောင်ရွက်ပေးခဲ့တဲ့ အိမ်မဲမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌဦးမောင်မောင်ကြီးက ပြောပါတယ်။

ကလေးပျောက်ဆုံးမှုတွေနဲ့ပတ်သက်ရင် ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ် KIO ကို တိုင်ကြားဖို့ ပဲခူးမြို့က လမ်းပြကြယ်အဖွဲ့ခေါင်းဆောင် ဦးအေးမြင့်ဆီ သွားရောက်အကူညီတောင်းကြပါတယ်။ KIO ရန်ကုန် ရုံးတာဝန်ခံ စတိဗ်မာရှယ်က ကလေးစစ်သားစုဆောင်းခံရမှုနဲ့ပတ်သက်ပြီး တိုင်ကြားသူအရေအတွက် ပိုတိုးလာတယ်လို့ ပြောပါတယ်။

# VB သူ့အမြင်

လတ်တလောဖြစ်ပွားနေတဲ့ ကိုးကန့်ဒေသ တိုက်ပွဲတွေအကြောင်း၊ တရုတ်အစိုးရနဲ့ နအဖဗိုလ်ချုပ်ကြီးတွေအကြား သဘောထားကွဲလွဲနေပြီလား၊ နောက်ထပ်တိုက်ပွဲတွေထပ်ဖြစ်လာနိုင်ကြောင်း ရေးသားထားတဲ့ စက်တင်ဘာလ ၂ ရက်နေ့ထုတ် ဘန်ကောက် ပို့သတင်းစာပါ Larry Jagan ရဲ့ဆောင်းပါးကို ဒီအပတ်သူ့အမြင်ကဏ္ဍအဖြစ် တင်ဆက်လိုက်ပါတယ်။

တရုတ်မြန်မာနယ်စပ်မှာ လွန်ခဲ့တဲ့အပတ်အတွင်း နအဖစစ်အုပ်စုရဲ့ ထိုးစစ်ဆင်တိုက်ခိုက်မှုကြောင့် ကိုးကန့်တရုတ်ထောင်ပေါင်းများစွာ တရုတ်ပြည်ထဲကို ထွက်ပြေးခိုလှုံကြရပြီး နယ်စပ်ဒေသမှာ အခြေအနေတွေတင်းမာနေပါတယ်။

မြန်မာနိုင်ငံ လူမျိုးစုများ ဒီမိုကရေစီမဟာမိတ်တပ်ပေါင်းစုလို့ခေါ်တဲ့ ကိုးကန့်လူမျိုးစုစစ်တပ်ဖွဲ့ကို နအဖက ထိုးစစ်ဆင်တိုက်ခိုက်မှုဟာ ပီကင်းအစိုးရကို အံ့အားသင့်သွားစေပြီး နှစ်နိုင်ငံပုံမှန်ဆက်ဆံရေးကို ထိခိုက်စေနိုင်ပါတယ်။

စိုးရိမ်ရတာက ဒီတိုက်ခိုက်မှုကနေ တရုတ်မြန်မာနယ်စပ်တလျှောက်မှာ ပြည်တွင်းစစ်ဖြစ်လာမှာကို ပီကင်းအစိုးရက အထူးစိုးရိမ်ပြီး အရေးပေါ်သံတမန်ရေးနည်းလမ်းတွေသုံးကာ အခြေအနေတွေပြန်လည်တည်ငြိမ်သွားအောင် ကြိုးစားနေရပါတယ်။ အာဏာအရှိန်အဝါကြီးတဲ့ ပြည်သူ့လုံခြုံရေးဝန်ကြီး Meng Jian အပါအဝင် တရုတ်နိုင်ငံတော်လုံခြုံရေးအရာများဟာ ပီကင်းအစိုးရအနေနဲ့ တစုံတရာအရေးယူဆောင်ရွက်နိုင်ဖို့နဲ့ အခြေအနေတွေ လေ့လာသိရှိနိုင်ဖို့ အခင်းဖြစ်ပွားတဲ့ တရုတ်မြန်မာနယ်စပ်အထိ သွားရောက်ခဲ့ကြပါတယ်။

ဒီပြဿနာတခုလုံးကို ခြုံကြည့်ရင် အာဏာရှင်နှစ်နိုင်ငံရဲ့ နှစ်ရှည်လများ မပွင့်လင်းတဲ့ ဆက်ဆံရေးကို အခြေခံပြီး ဖြစ်လာခဲ့တယ်လို့ဆိုရမှာပါ။ အခုတော့ နှစ်နိုင်ငံအကွဲအပြဲဟာ ထင်ထင်ရှားရှားဖြစ်လာပါပြီ။ ဒီပြဿနာကြားမှာ ဒေသတွင်းနိုင်ငံတွေအပါအဝင်၊ နအဖစစ်ဗိုလ်ချုပ်တွေကို နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေလုပ်ဆောင်ဖို့ဖိအားပေးနေတဲ့ နိုင်ငံတကာခေါင်းဆောင်ရဲ့ပါဝင်ပတ်သက်မှုဟာ ရှုပ်ထွေးပြီး ခက်ခဲနက်နဲတဲ့အခြေအနေဖြစ်ပါတယ်။

အခုလို နှစ်နိုင်ငံသဘောထားကွဲလွဲမှုတွေဖြစ်ပေါ်လာခြင်းက တရုတ်မြန်မာနယ်စပ်တလျှောက်လုံး ထူးခြားတဲ့ အကျိုးသက်ရောက်မှုတွေဖြစ်ပေါ်လာနိုင်ပါတယ်။ ဒေသတွင်းရှိ ကချင် ကိုးကန့်နဲ့ ဝ လူမျိုးစုတွေဟာ နအဖစစ်အုပ်စုနဲ့ အပစ်ရပ်ထားတဲ့အဖွဲ့တွေဖြစ်သလို ပီကင်းအစိုးရနဲ့လည်း ယဉ်ကျေးမှု ဓလေ့ထုံးစံအရ နီးနီးကပ်ကပ်ဆက်ဆံမှုတွေရှိနေတာပါ။

ဒီဒေသမှာ နေထိုင်ကြတဲ့ လူမျိုးစုတွေဟာ စီးပွားရေးနဲ့ယဉ်ကျေးမှုဓလေ့ထုံးတမ်းတွေအရ နအဖစစ်အုပ်စုထက် တရုတ်အာဏာပိုင်များနဲ့ ပိုမိုပြီး နီးနီးကပ်ကပ်ဆက်ဆံမှုတွေရှိနေတာပါ။ လွန်ခဲ့တဲ့ ရာစုနှစ်များကတည်းက တရုတ်လူမျိုး စီးပွားရေးသမား၊ အလုပ်သမား ထောင်ပေါင်းများစွာဟာ ရှမ်းပြည်နယ်မြောက်ပိုင်းကို တရားမဝင် ဝင်ရောက်လာပြီး စီးပွားရေးအခွင့်အလမ်းတွေနဲ့ အလုပ်အကိုင်တွေရှာဖွေလုပ်ကိုင်နေကြတာပါ။ လူမျိုးစုခေါင်းဆောင်တွေကလည်း နယ်စပ်ကို ဖြတ်ကျော်ပြီး တရုတ်နိုင်ငံထဲမှာ ဆေးဝါးကုသမှုတွေလုပ်နေသလို သားသမီးတွေကို တရုတ်နိုင်ငံကျောင်းတွေမှာပဲ ပညာသင်ယူဖို့ ပို့ထားတာဖြစ်ပါတယ်။ မြန်မာနိုင်ငံ ဝ ဒေသအတွင်းနေထိုင်တဲ့ ကိုးကန့်နဲ့ ဝလူမျိုးတွေဟာ မြန်မာတိုင်းရင်းသားလို့ဆိုပေမယ့် တရုတ်စကားပြောပြီး တရုတ်ငွေ ယွမ်ကိုအသုံးပြုနေကြတာဖြစ်ပါတယ်။

နေပြည်တော်ဗိုလ်ချုပ်တွေနဲ့ တရုတ်ရဲ့ဆွေမျိုးပေါက်ဖော်ဖြစ်တဲ့ ကိုးကန့်နဲ့ဝ တို့အကြားမှာ အရှိန်အဝါအင်မတန်ကြီးမားတဲ့ ပီကင်းအစိုးရအနေနဲ့အကျပ်ရိုက်စေပါတယ်။ ဒီအခြေအနေအပေါ်မှာ တရုတ် မြန်မာဆက်ဆံရေးရဲ့ ပကတိအတွင်းသရုပ်ပေါ်လွင်လာမှာဖြစ်ပါတယ်။

အခုလိုနအဖစစ်တပ်ရဲ့ မမျှော်လင့်တဲ့ ထိုးစစ်ကြီးကြောင့် ပီကင်းအစိုးရအနေနဲ့ အံ့အားသင့်ပြီး အချက်ပေးလိုက်သလိုဖြစ်တာကြောင့် တရုတ် မြန်မာနယ်စပ်ဒေသကို တရုတ်အစိုးရမှ အခြေအနေကို ထိန်းသိမ်းနိုင်ဖို့အတွက် လက်နက်ကိုင်ပုလိပ်အမြောက်အများနဲ့ စစ်တပ် ရာပေါင်းများစွာကို အရေးပေါ်စေလွှတ်ခဲ့ပါတယ်။ အမည်မဖော်လိုတဲ့ တရုတ်အစိုးရထိပ်တန်းအရာရှိတဦးအဆိုအရ နအဖစစ်ဗိုလ်ချုပ်တွေဟာ အခုလို နယ်စပ်တခွင်မှာ ထိုးစစ်ဆင်တိုက်ခိုက်မှုကို ကြိုတင်ပြောဆိုမှုမရှိပဲ ထင်ရာလုပ်တာကြောင့် တရုတ်အစိုးရအနေနဲ့ ဒေါသအမျက်ထွက်ရ တယ်လို့ဆိုပါတယ်။

ပြီးခဲ့တဲ့အပတ်က တရုတ်ထိပ်တန်းသံတမန်အဖွဲ့ဟာ နေပြည်တော်ကို သွားရောက်ပြီး နအဖရဲ့ လုပ်ရပ်အပေါ် အင်မတန် စိတ်မသက်မသာဖြစ်ရတဲ့အကြောင်း ပြောဆိုခဲ့ပါတယ်။ နအဖဗိုလ်ချုပ်တွေကလည်း အခုလို တရုတ်နယ်စပ်တခွင်မှာ မတည်မငြိမ်ဖြစ်ရတဲ့အတွက် စိတ်မကောင်းစွာနဲ့တောင်းပန်လိုက်ကြောင်း နအဖနိုင်ငံခြားရေးဝန်ကြီးဌာနမှ တဆင့်သိရပါတယ်။ ဒါပေမယ့် ကိုးကန့်ဒေသတခွင် နယ်စပ်တလွှားမှာ နအဖရဲ့တိုက်ခိုက်မှုတွေ ဆက်လက်ဖြစ်ပေါ်နေတဲ့အတွက် တရုတ်အစိုးရဟာ စိတ်ဆိုးဒေါသထွက်နေတယ်လို့လည်းသိရပါတယ်။

နအဖဗိုလ်ချုပ်တွေကတော့ အခုလိုတိုက်ခိုက်ရတာဟာ ကိုးကန့်ဒေသရှိ လက်နက်ထုတ်လုပ်နေတဲ့ စက်ရုံကို အမိကထားတာဖြစ်ကြောင်း အကြောင်းပြပြောဆိုပေမယ့် လေ့လာသုံးသပ်သူတွေကတော့ ဒီအကြောင်းပြချက်ဟာ ခိုင်လုံမှုမရှိပေမယ့် နအဖအတွက်အကောင်းဆုံးဆင်ခြေဖြစ်တယ်လို့လည်းဆိုပါတယ်။

ကိုးကန့်လူမျိုးစုတွေဟာ မြန်မာနိုင်ငံထဲမှာ ရာစုနှစ်ပေါင်းများစွာနေထိုင်လာခဲ့ကြပေမယ့် တရုတ်နွယ်ဖွားတွေဖြစ်ပြီး တရုတ်စကားကိုပဲ ပြောဆိုနေကြတာပါ။ ဒီလူမျိုးစုတွေဟာ ကိုယ်ပိုင်လက်နက်တွေကိုင်ဆောင်ထားကြပြီး ၁၉၈၉ ခုနှစ်အပစ်ရပ်မလုပ်မီအထိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရေးအတွက် နအဖစစ်တပ်ကို လက်နက်ကိုင်တိုက်ပွဲဝင်နေတာပါ။

နယ်စပ်တလျှောက်မှာ အခြေအနေတွေတင်းမာနေဆဲပါ၊ နအဖဗိုလ်ချုပ်တွေက တရုတ် မြန်မာနယ်စပ်က တိုင်းရင်းသားအပစ်ရပ်အဖွဲ့တွေဖြစ်တဲ့ ကချင် ကိုးကန့်နဲ့ ဝ တို့ကို ၂၀၁၀ ရွေးကောက်ပွဲမတိုင်မီ လက်နက်တွေအပ်ဖို့နဲ့ နယ်ခြားစောင့်တပ်အသွင်ပြောင်းဖို့ အကျပ်ကိုင် ဖိအားပေးနေတာပါ။ သို့သော် ဒီအဖွဲ့တွေက အဲဒါကို လက်မခံငြင်းဆန်နေကြတာပါ။

တိုက်ပွဲကြောင့် အရပ်သား သုံးသောင်းကျော်ဟာ နယ်စပ်ကိုဖြတ်ကျော်ပြီး တရုတ်နိုင်ငံထဲကို ထွက်ပြေးကြရတယ်လို့ နိုင်ငံတကာ NGO တွေက ပြောပါတယ်။ အခိုင်အမာတပ်စွဲထားတဲ့ နအဖစစ်တပ်ကတော့ ထွက်ပြေးသွားသူတွေ နေရပ်ကို ပြန်လာနေကြပါပြီလို့ပြောနေပေမယ့် မြို့ကတော့ ခြောက်ကပ်နေတုန်းပါပဲ။ တရုတ်မြန်မာနယ်ခြားပေါ်မှာရှိတဲ့ ဒီလောက်ကိုင်မြို့ဟာ အရင်က အရက်ဆိုင်တွေ ဘားတွေ ကာလာအိုကေတွေ လောင်းကစားဝိုင်းတွေနဲ့ အင်မတန်စည်ကား လှုတဲ့မြို့ကလေးပါ။ အခုတော့ အဲဒါတွေအားလုံးကို နအဖစစ်တပ်က ဖျက်ဆီးပစ်လိုက်ပါပြီ။

နအဖစစ်အုပ်စုဟာ UWSA ဝ ကိုလည်းကို အလားတူ ထိုးစစ်ဆင်လာနိုင်ပါတယ်။ ဝ သည် တရုတ်အစိုးရနဲ့ရင်းရင်းနှီးနှီးနဲ့ အနီးကပ်ရှိနေပြီး အဲဒီနယ်စပ်တလွှားမှာ တိုက်ပွဲတွေဖြစ်နေတာကို ပီကင်းအစိုးရက မကြိုက်ပါဘူး။ နယ်စပ်မှာ တည်ငြိမ်အေးဆေးတာကိုလိုလားတဲ့အကြောင်းနဲ့ အမြန်ဆုံး ငြိမ်းချမ်းရေးပြန်

**စာမျက်နှာ ၁၆ သို့**

2009

| | | | | | | |
|---|---|---|---|---|---|---|
| | | | 1 | 2 | 3 | 4 |
| 5 | 6 | 7 | 8 | 9 | 10 | 11 |
| 12 | 13 | 14 | 15 | 16 | 17 | 18 |
| 19 | 20 | 21 | 22 | 23 | 24 | 25 |
| 26 | 27 | 28 | 29 | 30 | 31 | |

## သတင်းပြက္ခဒိန်

**စက်တင်ဘာ ၇၊ DVB ။ ။** ဝ ပြည်နယ်တွင် လုဝင်လုထွက်မတည်မငြိမ်ဖြစ်နေ၍ အလုပ်လက်မဲ့များ နေရပ်သို့ပြန်ရန် တရားစီရင်ရေးဌာနမှ အထူးထုတ်ပြန်ချက်ထုတ်၏။

**စက်တင်ဘာ ၇၊ Shwe News ။ ။** မြန်မာမှဖြတ်မည့် သဘာဝဓါတ်ငွေ့လိုင်းသည် ထိုင်းမြန်မာ ၂ နိုင်ငံမဟာဗျူဟာဖြစ်ပြီး ပြည်သူများ၏အခြေခံစားဝတ်နေရေးကိုထိခိုက်ကြောင်း သဘာဝဓါတ်ငွေ့စောင့်ကြည့်ရေးလှုပ်ရှားမှုအဖွဲ့ မှဆို၏။

**စက်တင်ဘာ ၇၊ BKK ။ ။** တိုင်းရင်းသားများအကျိုးယုတ်စေမည့် ဘာဝဓါတ်ငွေ့ပိုက်လိုင်းဆောက်ခြင်းရပ်တန့်ရန် တရုတ်အား မြန်မာဒီမိုကရေစီအင်အားစုမှ ဆန္ဒပြ၏။

**စက်တင်ဘာ ၈၊ DVB ။ ။** နအဖတပ်မှ ဝင်တိုက်ခဲ့သည့် ကိုးကန့်မှထွက်ပြေးပြီး ပြန်လာသူထက် ပြန်မလာသူပိုများကြောင်း။

**စက်တင်ဘာ ၈၊ DVB ။ ။** ဒေါ်အောင်ဆန်းစုကြည်အမှုအတွက် သူမနှင့်တွေ့ဆုံဆွေးနွေးခွင့်ရရန် သူ၏ရှေ့နေများမှ တောင်းဆိုထား၏။

**စက်တင်ဘာ ၈၊ DVB ။ ။** မှတ်ပုံတင်မထားအဖွဲ့ များအားခွင့်ပြုကာ တရားဝင်အဲန်အဲလ်ဒီအား တားမြစ်ထားခြင်းသည် လက်ခံနိုင်စရာမရှိဟု ပခုက္ကူအဲန်အဲလ်ဒီမှဆို၏။

**စက်တင်ဘာ ၈၊ DVB ။ ။** မိုးသည်းထန်၍ လပွတ္တာနှင့် ဘိုကလေးမြို့နယ်များတွင် ရေကြီးနေကြောင်း။

**စက်တင်ဘာ ၈၊ DVB ။ ။** စားသောက်ဆိုင်များအား စားသုံးသူထံမှ အခွန် ၁၀ ရာနှုန်းကောက်ရန် အခွန်ဌာန၏ညွှန်ကြားမှုကို ရောင်းသူဝယ်သူများမတရားဟုထင်ကြောင်း။

**စက်တင်ဘာ ၉၊ WP ။ ။** မြန်မာအား ကမ္ဘာ့နိုင်ငံများမှ ပိတ်ဆို့ဒဏ်ခတ်ခြင်းသည် အဲန်အဲလ်ဒီ၏ပြောဆိုမှုကြောင့်မဟုတ်၊ စစ်အုပ်စု၏လူထုအပေါ်ဖိနှိပ်ချုပ်ချယ်မှု၊ တိုင်းရင်းအဖွဲ့များအပေါ် ရက်စက်ရမ်းကားပစ်ခတ်တိုက်ခိုက်ခြင်းများရပ်ဆိုင်းပါ၊ လူ့အခွင့်အရေးချိုးဖေါက်မှုများရပ်ဆိုင်းပါက၊ နိုင်ငံရေးအကျဉ်းသားများအား အကန့်အသတ်မရှိလွှတ်ပါက ထိုပိတ်ဆို့ဒဏ်ခတ်မှုများရပ်ဆိုင်းသွားမည်ဟု အမေရိကန်အမတ် J. Webb ၏ နအဖနှင့်ဆက်ဆံရေးမူသို့ပြောင်းဖွယ်ရှိသည့် အမေရိကန်မူကို NLD ဦးဝင်းတင်၏ ဝါရှင်တန်ပို့စ်သတင်းစာသို့ ကိုယ်တိုင်ရေးသုံးသပ်ချက်မှ ဆို၏။

**စက်တင်ဘာ ၉၊ DVB ။ ။** ရွှေဝါရောင်တော်လှန်ရေး ပခုက္ကူတွင် သံဃာများအား မတရားပြုသူ စွမ်းအားရှင်၏အိမ်ကိုဖြိုခဲ့မှုဖြင့် ထောင်ကျသူ ဦးသာအောင်၊ ဦးနေလ၊ ဦးစိန်လင်းတို့ထောင် ၂ နှစ်ပြည့်၍ လွတ်လာကြောင်း။

**စက်တင်ဘာ ၉၊ SHAN ။ ။** ညီညွတ်သော ဝ ပြည်နယ်ပါတီတည်ခဲ့သူ Chao Ngi-lai(၇၀နှစ်)သည် ယမန်နေ့က တရုတ်ပြည် ယူနန်တွင်ကွယ်လွန်ခဲ့ဟု ဆွေမျိုးများမှဆို၏။

**စက်တင်ဘာ ၉၊ DVB ။ ။** ဗိုလ်ချုပ်သန်းရွှေ၏မြေး ဖိုးလပြည့်အမိန့်ဖြင့် စစ်ဗိုလ်မိသားစုပိုင် ကမ္ဘာအေးလမ်းပေါ်ရှိ ဆဲဗင်းကော်နာကော်ဖီဆိုင်အဖျက်ဆီးခံထားရကြောင်း။

**စက်တင်ဘာ ၉၊ DVB ။ ။** စစ်အုပ်စုနောက်ခံဖြင့် အာဏာသိမ်းပြီးတပတ်တွင် ကိုးကန့်ခေါင်းဆောင်သစ် ပယ်စောက်ချိန်မှ နိုင်ငံခြားသံများအား လောက်ကိုင်တွင် ရှင်းပြ၏။

**စက်တင်ဘာ ၉၊ XNA ။ ။** ၂၀၁၀ ရွေးကောက်ပွဲနောက် ကိုးကန့်သည် သီးခြားအုပ်ချုပ်ပိုင်ခွင့်ပြည်နယ်ဖြစ်မည်ဟု ဒုပြည်ထဲရေးဝန်ကြီးဗိုလ်ချုပ်ဖုန်းရွှေမှ သံတမန်များသို့ဆို၏။

**စက်တင်ဘာ ၉၊ DVB ။ ။** ရန်ကုန်သီရိမင်္ဂလာဈေးတွင် ၂ ရက် ၃ ရက်ခြား ကလေးများကို စစ်သားစုဆောင်းရေးဟုယူဆရသူများမှ ကားကြီးများပေါ်သို့ဆွဲတင်နေ၍ ကလေးပျောက်ဆုံးမှုများကြောင်း။ ထိုဈေးတွင်အလုပ်လုပ်သူရဲလင်း (၁၇နှစ်) ဖြ လကြာပျောက်ဆုံးရာ စစ်ထဲအတင်းခေါ်သွားပြီဟု မိဘများမှယုံကြည်နေကြောင်း။

**စက်တင်ဘာ ၉၊ IPS ။ ။** ပစ်တင်မှုများကြားမှ တရုတ်သည် မြန်မာနှင့်စီစဉ်ထားသည့် သဘာဝဓါတ်ငွေ့လိုင်းကို စီးပွားရေးသက်သက်မြင်ကာ ဆက်လက်ဆောက်လုပ်မည်။

**စက်တင်ဘာ ၉၊ DVB ။ ။** ဦးဉတ္တမနေ့ကို ပြည်တွင်းပြည်ပကျင်းပရာ၊ နအဖသည် လုံခြုံရေးအစောင့်အကျပ် တင်းကြပ်ထားကြောင်း။

**စက်တင်ဘာ ၉၊ DVB ။ ။** ကမ္ဘာ့အလုပ်သမားအဖွဲ့မှ စစ်တွေတွင် ယမန်နေ့က ကလေးစစ်သားကိစ္စဆွေးနွေးရာ စစ်ဖက်အရပ်ဖက်ဝန်ထမ်း ၄၀ ခန့်တက်ခဲ့၏။

**စက်တင်ဘာ ၁၀၊ RFA ။ ။** ဒေါ်အောင်ဆန်းစုကြည် အယူခံဝင်ခြင်းသည် ဥပဒေအရအနိုင်အရှုံးထက် တရားဥပဒေစိုးမိုးရေးနှင့် တရားစီရင်ရေးစနစ်မှန်ကန်မှုရှိရေး(-Rule of Law)အတွက်ဟု စက်တင်ဘာ ၁၀ ရက် ရှေ့နေများနှင့်တွေ့စဉ်ဒေါ်အောင်ဆန်းစုကြည်မှ ဆိုကြောင်း။

**စက်တင်ဘာ ၁၀၊ BKK ။ ။** Total နှင့် Chevron သည် နအဖနှင့်အလုပ်လုပ်ခြင်းဖြင့် စင်္ကာပူတွင် ငွေမဲစုခွင့်ပေးရာရောက်ကြောင်း EarthRights International မှထုတ်ပြန်၏။

**စက်တင်ဘာ ၁၀၊ Irrawaddy ။ ။** ပဲခူးမှ ၁၆ နှစ်ရွယ် သေီထွန်းနှင့် သူဇာကြိုင်တိုအား တရားမဝင်ထီလက်မှတ်ရောင်းမှုဖြင့် ထောင်ဒဏ်တနှစ်စီချမှတ်ခဲ့ကြောင်း။

**စက်တင်ဘာ ၁၀၊ DVB ။ ။** မိတ္ထီလာတွင် နိုင်ငံရေးအကျဉ်း ၈ နှစ်ခွဲကျ အရှင်စန္ဒာဝါရ ဆီးရောဂါကြောင့်ကျန်းမာရေး မကောင်းကြောင်း။

**စက်တင်ဘာ ၁၀၊ WTN-UPI ။ ။** ဗီယက်နမ်၊ ထိုင်းတို့မှ ပြန်လာသော J Webb သည် မြန်မာမူအရေး ဟောပြောကြားနားမည်။

**စက်တင်ဘာ ၁၀၊ Hidustan Times ။ ။** ကိုကိုးကျွန်းတွင် တရုတ်ရေတပ်စခန်းထားရှိမှုကို အိန္ဒိယသည် မြန်မာနှင့်ဆွေးနွေးရာ တရုတ်ရေတပ်လှုပ်ရှားမှုမတွေ့ရသေးကြောင်း။

**စက်တင်ဘာ ၁၀၊ UN ။ ။** WFP ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့သည် ကိုးကန့်ပြည်နယ်တွင် ဖြန့်ဝေနေရာမှ စစ်ဝေးရာသို့ ယာယီရွှေ့ခဲ့ရကြောင်း ဖြင့်ဆို၏။

**စက်တင်ဘာ ၁၀၊ Mizzima ။ ။** ဒေါ်အောင်ဆန်းစုကြည်သည် အယူခံမှုအတွက် သူမ၏ရှေ့နေများနှင့် ယနေ့ ၂ နာရီခန့်ဆွေးနွေးခွင့်ရခဲ့ဟု ရှေ့နေဦးဦးဉာဏ်ဝင်းမှဆို၏။

**စက်တင်ဘာ ၁၀၊ Rtrs ။ ။** နအဖသည် သဘာဝဓါတ်ငွေ့မှဝင်ငွေ ဒေါ်လာဘီလီယံချီ၍ စင်္ကာပူဘဏ် ၂ ခုတွင် အပ်ခဲ့ကြောင်း EarthRights International မှ ကြေညာ၏။

**စက်တင်ဘာ ၁၀၊ XNA ။ ။** တရုတ်သည် မြန်မာ၏ပြည်တွင်းရေးတွင် မစွက်ဖက်ဟု ကိုးကန့်ကိစ္စတွင် တရုတ်ပရောဂပါ မပါမေးခွန်းများကို တရုတ်နိုင်ငံခြားရေးရုံးမှ ဖြေရှင်း၏။

**စက်တင်ဘာ ၁၀၊ Irrawaddy ။ ။** ဒေါ်အောင်ဆန်းစုကြည်အယူခံမှုတွင် မျှတစွာကြားနာခွင့်ပြုရန် နအဖအား အမေရိကန်မှတိုက်တွန်း၏။

**စက်တင်ဘာ ၁၀၊ DVB ။ ။** မြန်မာသည် နျူးကလီးယာလက်နက်ထုတ်ရန်ကြိုးစားလျှင် အာဆီယံမှထုတ်သင့်ကြောင်း အာဆီယံအုပ်စုထိပ်သီး မှဆို၏။

**စက်တင်ဘာ ၁၀၊ Irrawaddy ။ ။** ယနေ့မြန်မာ့အလင်းသည် မြောက်ကိုးရီးယား ၆၁ နှစ်မြောက်အထိမ်းအမှတ်ကို ရှေ့စာမျက်နှာတွင် တခမ်းတနားဖေါ်ပြခဲ့ကြောင်း။

**စက်တင်ဘာ ၁၁၊ SHAN ။ ။** ၁၅ ဦးတရုတ်အဖွဲ့ ပန်းရှန် ဝ ပြည်နယ်မြို့တော်သို့လာ၍ UWSA ဝ တပ်နှင့်တွေ့ ဆုံခဲ့ကြောင်း ဝ တပ်မှဆို၏။

**စက်တင်ဘာ ၁၁၊ VOB ။ ။** ယနေ့သည် ဦးခွန်ထွန်းဦး၏ ၆၆ နှစ်မြောက်မွေးနေ့ ဖြစ်ကြောင်း၊ သူ၏လွတ်မြောက်ရေးအတွက် လှုပ်ရှားမှုအဖွဲ့များမှ လှုံ့ဆော်လှုပ်ရှားမည်။

**စက်တင်ဘာ ၁၁၊ AFP ။ ။** EarthRights မှ စွပ်စွဲသလို နအဖငွေများ မိမိတို့ဘဏ်တွင်မရှိဟု စင်္ကာပူရှိ DBS Group Holdings နှင့် တရုတ်ဘဏ် OCBC တို့မှ ငြင်း၏။

**စက်တင်ဘာ ၁၁၊ PARIS-Rtrs ။ ။** EarthRights Intl မှ စွပ်စွဲသော်လည်း မိမိတို့သည် မြန်မာမှ မထွက်ခွာဟု Total မှ ဆိုကြောင်း။

**စက်တင်ဘာ၁၁၊ KL ။ ။** Johor Baru တွင် ည ၂ နာရီခန့်တွင် ၂၀ ကျော်မြန်မာအလုပ်သမ ၇ ဦးအိပ်နေချိန် လက်နက်ဖြင့် ဝင်လာသူသည် ဖုံးနှင့်ရတနာများယူပြီး အဓမ္မပြုကျင့်ရန် အဝတ်များချွတ်စေပြီးကြိုးစားသော်လည်း ခန္ဓာကိုယ်မတုန့်ပြန်၍ လက်လျှော့ထွက်ပြေးခဲ့ကြောင်း။

**စာမျက်နှာ ၁၈ သို့**

# သဘာဝဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်းကြောင့် ပြည်သူများစွာ ထိခိုက်နိုင်

**DVB । စက်တင်ဘာ ၇ ။** ။ မြန်မာနိုင်ငံကိုဖြတ်ပြီး ဖောက်လုပ်မယ့် ရေနံနဲ့ သဘာဝဓာတ်ငွေ့ ပိုက်လိုင်းဟာ ၂ နိုင်ငံအစိုးရရဲ့ မဟာဗျူဟာ စီမံကိန်းတခု ဖြစ်တယ်လို့ ရွှေဂက်စ် လှုပ်ရှားမှုအဖွဲ့က ပြောပါတယ်။

ရခိုင်ကမ်းလွန် ပင်လယ်ပြင်ကနေထွက်ရှိတဲ့ ရွှေသဘာဝဓာတ်ငွေ့လုပ်ကွက်က ဓာတ်ငွေ့တွေကို တရုတ်နိုင်ငံကိုပို့ဆောင်ဖို့ ကီလိုမီတာ ၄,၀၀၀ ရှည်လျားတဲ့ ရေနံနဲ့သဘာဝဓာတ်ငွေ့ ပိုက်လိုင်းတည်ဆောက်သွားမယ့် စီမံကိန်းကြောင့် ပြည်သူများစွာ ထိခိုက်နစ်နာနိုင်တယ်လို့ ရွှေဂက်စ်လှုပ်ရှားမှုအဖွဲ့က ဒီနေ့ပြောဆိုပါတယ်။ 'အာဏာစကြံန်'လို့ အမည်ရတဲ့ အစီရင်ခံစာတစောင်ကို ထုတ်ပြန်ပြီး ဒီနေ့ထိုင်းမြန်မာ နယ်စပ်တနေရာမှာ ကျင်းပတဲ့ သတင်းစာရှင်းလင်းပွဲမှာ ပြောကြားခဲ့တာပါ။ အဆိုပါ သဘာဝဓာတ်ငွေ့ပိုက်လိုင်းဟာ မြန်မာနိုင်ငံတွင်း ကီလိုမီတာတထောင်ခန့် ဖြတ်သန်းသွားမှာဖြစ်ပြီး ရခိုင်ပြည်နယ်၊ မကွေးတိုင်း၊ မန္တလေးတိုင်းနဲ့ ရှမ်းပြည်နယ်တို့ကို ဖြတ်သန်းသွားမှာ ဖြစ်တယ်လို့ ရွှေဂက်စ်လှုပ်ရှားမှုအဖွဲ့ရဲ့အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

ပိုက်လိုင်း ဖြတ်သန်းရာတလျှောက်မှာ မြို့ပေါင်း ၂၂ မြို့နဲ့ ရွာပေါင်း ၇ ရာခန့် လူ့အခွင့်အရေးချိုးဖောက်မှု အဓမ္မစေခိုင်းမှုတွေခံရနိုင်တယ်လို့ ရွှေဂက်စ်လှုပ်ရှားမှု အဖွဲ့ရဲ့ပြောရေးဆိုခွင့်ရှိသူ ကိုဝင်းအောင်က ပြောပါတယ်။ ပိုက်လိုင်းဖောက်သွားမယ့် လမ်းတလျှောက်မှာ နအဖစစ်ဌာနချုပ်တွေရှိပြီး တပ်ရင်းပေါင်း ၄၄ ခုရှိသလို နောက်ထပ် စစ်တပ်တွေ ထပ်တိုးချဲ့လာနိုင်တယ်လို့ ကိုဝင်းအောင်ကပြောပါတယ်။

"ပိုက်လိုင်းတိုးတဲ့ နေရာတွေက မဟာဗျူဟာကျကျ သူတို့ရဲ့ စစ်သားအင်အားစုတွေရှိတဲ့နေရာတွေမှာ ဒီစီမံကိန်းကို အကောင်အထည်ဖော်သွားတာကို တွေ့ရပါတယ်။ လောလောဆယ်ပိုက်လိုင်းသုံးတဲ့ လမ်းကြောင်းတလျှောက်မှာရှိတဲ့ စစ်သားအင်အားစုတွေက မန္တလေး၊ ရှမ်းပြည်၊ ရခိုင်စတဲ့ စစ်ဌာနချုပ်တွေဖြစ်တယ်။ ဒီစီမံကိန်းအတွက်ဆိုရင် အထူးတပ်ရင်းတွေထပ်ပြီး တိုးချဲ့လာနိုင်တယ်လို့ ယုံကြည်တဲ့အတွက် လယ်ယာမြေသိမ်းမှု၊ အတင်းအဓမ္မစေခိုင်းမှုစတဲ့ ဆိုးကျိုးတွေ ဖြစ်လာနိုင်တယ်၊ စစ်တပ်အင်အား ရွှေ့ပြောင်းတိုးချဲ့လာတာနဲ့အမျှ အတင်းအဓမ္မမုဒိမ်းကျင့်မှုတွေ၊ နေရာရွှေ့ပြောင်းမှုတွေ၊ ထိုးနှက်မှုတွေဖြစ်ပြီး တိုင်းပြည်မငြိမ်မသက်ဖြစ်မှုတွေ ကြီးထွားလာပြီး ဆိုးကျိုးတွေဖြစ်လာနိုင်ပါတယ်။"

မြန်မာနိုင်ငံဟာ ပြည်ပကို သဘာဝဓာတ်ငွေ့ ရောင်းရာကနေ တနှစ် ၂ ဒသမ ၄ ဒေါ်လာ ဘီလီယံရရှိပြီး စုစုပေါင်းနိုင်ငံဝင်ငွေရဲ့ ထက်ဝက်ခန့်ရှိပါတယ်။ ကမ္ဘာ့သဘာဝဓာတ်ငွေ့ပိုင်ဆိုင်မှုအများဆုံး ၁၀ နိုင်ငံထဲမှာ မြန်မာနိုင်ငံပါဝင်ပေမယ့် လူတဦးချင်းရဲ့လျှပ်စစ်သုံးစွဲနိုင်မှုက ကမ္ဘာမှာ အနိမ့်ဆုံးဖြစ်ပြီး မြန်မာပြည်သူလုထု ၄၅ သန်းဟာ အမှောင်ထဲမှာ နေနေရဆဲဖြစ်တယ်လို့ အစီရင်ခံစာမှာ ရေးသားဖော်ပြထားပါတယ်။ မြန်မာနိုင်ငံကိုဖြတ်ပြီး သဘာဝဓာတ်ငွေ့ ပိုက်လိုင်းစီမံကိန်းဟာ တရုတ်နဲ့ နအဖစစ်အုပ်စုသာ အကျိုးအမြတ်ရရှိပြီး ပြည်သူလုထုတွေ ဆုံးရှုံးမှုတွေခံစားရမှာဖြစ်တဲ့အတွက် နောင်တချိန် လုထုအုံကြွမှုတွေဖြစ်နိုင်တယ်လို့ ကိုဝင်းအောင်က ပြောပါတယ်။

"အဓိကအကျိုးရှိမှာက တရုတ်အစိုးရနဲ့တရုတ်ကုမ္ပဏီတွေရယ် သူတို့ရဲ့စွမ်းအင်လုံခြုံရေးအတွက်ပဲဖြစ်တယ်။ အရှေ့အလယ်ပိုင်းနဲ့ အာဖရိကအတွင်းမှာ ရေနံတွေကိုလမ်းကြောင်းတိုတဲ့ မြန်မာနိုင်ငံကိုဖြတ်ပြီး တင်သွင်းနိုင်မှာဖြစ်တယ်။ အဲဒါက တရုတ်ရဲ့ အဓိက အကျိုးအမြတ်တွေဖြစ်တယ်။ နအဖစစ်အုပ်စုလူတချို့က နှစ်ပေါင်း ၃၀ အတွင်း အမေရိကန်ဒေါ်လာ သန်းထောင်ပေါင်း ၂၉ ဘီလီယံရရှိမှာဖြစ်တယ်။ အဓိကခံရမှာက ဒေသခံ တိုင်းရင်းသားပြည်သူတွေချည်းပဲ။ ဒါတွေ ဆက်လုပ်နေမယ်ဆိုရင် နံပါတ် ၁။ စစ်အာဏာရှင်ကြီးစိုးမယ်။ နံပါတ် ၂။ စစ်တပ်အင်အားတိုးချဲ့ပြီး ပြည်သူတွေကို ဖိနှိပ်ချုပ်ချယ်မှုတွေဖြစ်လာနိုင်တယ်။ ပြည်သူလူထုတွေက မခံမရပ်နိုင်မှုတွေ၊ ဝေါမွတ်ခေါင်းပါးမှုတွေ၊ ဆင်းရဲတွင်းနက်မှုတွေကတဆင့် နအဖကိုဆန့်ကျင်တဲ့လှုပ်ရှားမှုတွေ အချိန်မရွေးဖြစ်လာနိုင်သလို တိုင်းရင်းသား အပစ်အခတ်ရပ်စဲရေး အဖွဲ့တွေကလည်း ဒေသတွေမှာရှိတဲ့ သံယဇာတအရင်းအမြစ်တွေကို အလွဲသုံးစားလုပ်မှုခံရတဲ့အပေါ်မှာ မကျေမနပ်ဖြစ်လာတဲ့အတွက် ပြည်တွင်းစစ်တွေဖြစ်လာနိုင်တဲ့ အနေအထားတွေ သိသိသာသာရှိလာနိုင်တယ်။"

ရွှေသဘာဝဓာတ်ငွေ့ပိုက်လိုင်း တည်ဆောက်ရေးမှာ နိုင်ငံပေါင်း ၄ နိုင်ငံမှ ကုမ္ပဏီပေါင်း ၅ ခု အစုရှယ်ရာ ဝင်ထားပြီး တရုတ်အမျိုးသားရေနံကုမဏီစီအန်ပီပီဟာ ဓာတ်ငွေ့ပိုက်လိုင်းတည်ဆောက်ရေး တခုလုံးရဲ့ အစုရှယ်ယာ ၅၅ ရာခိုင်နှုန်းကိုပိုင်ဆိုင်ထားပြီး ကျန် ၄၉ ရာခိုင်နှုန်းက မြန်မာ့ရေနံနဲ့သဘောဝဓာတ်ငွေ့လုပ်ငန်း MOEG က ပိုင်ဆိုင်တယ်လို့အစီရင်ခံစာမှာဖော်ပြထားပါတယ်။

# ပုသိမ်မြို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင် ဦးအေးဝင်း မြင်းခြံထောင်က ပြန်လွတ်

**DVB । စက်တင်ဘာ ၇ ။** ။ ဒီလ ၃ ရက်နေ့က မြင်းခြံထောင်က နိုင်ငံရေးအကျဉ်းသားတဦး လွတ်ရက်စေ့ပြီး ပြန်လွတ်လာတယ်လို့ သိရပါတယ်။ ပြန်လွတ်လာသူက လောင်စာဆီဈေးနှုန်းကျဆင်းရေး တကိုယ်တော်ဆန္ဒပြမှုနဲ့ ထောင် ၂ နှစ်ကျနေတဲ့ ဧရာဝတီတိုင်း ပုသိမ်မြို့က ဦးအေးဝင်း ဖြစ်ပါတယ်။

အသက် ၈၁ နှစ်ရှိပြီဖြစ်တဲ့ ဦးအေးဝင်းဟာ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် အဖွဲ့ဝင်တဦးဖြစ်ပြီး လွန်ခဲ့တဲ့ ၂ နှစ်က လောင်စာဆီဈေးတက် ပြည်သူအခက်ဆိုတဲ့ ပိုစတာကိုင် တကိုယ်တော်ဆန္ဒပြမှုနဲ့ အာဏာပိုင်တွေက ဖမ်းဆီးထောင်ချခဲ့တာပါ။

"၉ လပိုင်း ၃ ရက်နေ့ နေ့လည် ၁၂ နာရီခန့် ကျနော် ထောင်အပြင်ကို ရောက်တယ်။ ထောင်အနေထားတွေက အရင်ကထက်စာရင် အများကြီးသာလာပြီ။ ၉၈ တုန်းက ထမင်းမဝတာတွေရှိတယ်။ အခုနောက်ပိုင်း ထမင်းဝတယ်၊ ရေကောင်းကောင်းမွန်မွန်ချိုးရတယ်။ ထောင်ကျတာ ဒါပါနဲ့ဆို ၄ ခါရှိနေပြီ။ လုပ်ရင်ထောင်ကျမယ်ဆိုတာသိပေမယ့် လုပ်တာပဲ။ တို့မှာ လက်နက်၊ အာဏာ၊ အင်အားမရှိဘူး။ သူတို့ကလက်နက်၊ အာဏာ၊ အင်အားရှိပေမယ့် အဲဒီအရာတွေက ယာယီနိုင်တာပါ။ ကျနော်တို့ကို ထာဝရနိုင်မှာမဟုတ်ဘူး။ ပြည်သူလူထုနဲ့ အမှန်တရားတွေဟာ ကျနော်တို့ အားကိုးအားထားရတဲ့ လက်နက်တွေပေါ့၊ သူတို့ဟာ လူသတ်တဲ့ လက်နက်ရှိပြီး ကျနော်တို့မှာအမှန်တရားလက်နက်ရှိတယ်။"

ဦးအေးဝင်းဟာ ရန်ကုန်မှာ ရှိနေဆဲဖြစ်ပြီး ခုချိန်ထိ အိမ်ပြန် မရောက်သေးကြောင်းနဲ့ ပြန်လွတ်လာတဲ့အတွက် ဝမ်းသာပါတယ်လို့ သူ့ရဲ့ဇနီး ဒေါ်ကျင်ရီက ပြောပါတယ်။

"သူမြင်းခြံမှာ လွတ်တဲ့နေ့ပဲ လှမ်းဖုန်းဆက်ထားတယ်။ ဘာပဲဖြစ်ဖြစ် ထောင်ထဲမှာ နေတာထက်စာရင် ဦးအေးဝင်းပြန်လွတ်လာတာ မိသားစုတွေက ဝမ်းသာတာပေ့ါ။"

ဦးအေးဝင်းကို လောင်စာဆီဈေးနှုန်းကျဆင်းရေး တကိုယ်တော်ဆန္ဒပြမှုနဲ့ ၂၀၀၇ ခုနှစ် ၈ လပိုင်း ၂၄ ရက်နေ့မှာ အာဏာပိုင်တွေက ဖမ်းဆီးခဲ့ပါတယ်။ အဲဒီနောက် နိုင်ငံတော် အကြည်ညိုပျက်စေမှု၊ လူစုလူဝေးနဲ့ ဆူပူမှုဆိုတဲ့ ပုဒ်မ ၂ ခုနဲ့ အာဏာပိုင်တွေက တရားစွဲဆိုခဲ့ပြီး ၂၀၀၈ ခုနှစ် ၈ လပိုင် ၂၉ ရက်နေ့မှာ ထောင်ဒဏ် ၂ နှစ် ချမှတ်ခဲ့ပါတယ်။

ဦးအေးဝင်းဟာ ၁၉၉၈ ခုနှစ်က ပြည်ထောင်စုနေ့မှာ နိုင်ငံတော်အလံနဲ့ ခွပ်ဒေါင်းအလံ လွှင့်တင်မှုကြောင့် ပထမဆုံးအကြိမ် ထောင် ၄ နှစ်ခွဲကျခဲ့ပါတယ်။ ဒုတိယအကြိမ် အနေနဲ့ ၂၀၀၃ ဒီပဲယင်းအရေးခင်း နောက်ပိုင်း ဒေါ်အောင်ဆန်းစုကြည်လွှတ်မြောက်ရေး တကိုယ်တော်ဆန္ဒပြခဲ့လို့ ထောင်ဒဏ် ၄ နှစ်ခွဲ ထပ်မံကျခဲ့ပါတယ်။ အဲဒီနောက် ကျေးရွာတွေကို စည်းရုံးရေးဆင်းရင်း ညှော်စာရင်းမတိုင်လို့ဆိုပြီး တတိယအကြိမ်အနေနဲ့ ၁၀ ရက် အကျဉ်းကျခဲ့ဖူးပါတယ်။



## နေရာမရမှာစိုးလို့

နအဖက ရွေးကောက်ပွဲလုပ်မယ်လို့ လေသံပစ်ထားရုံနဲ့တင် တက်ကြွနေတဲ့သူတချို့ဟာ အခုကတည်းက ဆိုင်းဘုတ်ထောင်နေကြပါပြီ၊ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်နဲ့ ၈၈ မျိုးဆက်ကျောင်းသားအဖွဲ့(ပြည်ထောင်စုမြန်မာနိုင်ငံ)တို့ဟာ ပခုက္ကူမှာ ဆိုင်းဘုတ်ထောင်နေကြပါပြီ၊ ရွေးကောက်ပွဲဥပဒေ၊ နိုင်ငံရေးပါတီမှတ်ပုံတင်ဖို့ကိစ္စတွေနဲ့ပတ်သက်ပြီး တလုံးတပါဒမှ မသိရပဲရွေးကောက်ပွဲဝင်မယ်လို့ ကြွေးကြော်နေကြပါတယ်။ **(MIZZIMA,9.9.2009)**

## ကန်ချနာဘူရီမှ ထားဝယ်သို့

နောက်လမှာကျင်းပမယ့် အာဆီယံထိပ်သီးအစည်းအဝေးမှာ ထိုင်းအစိုးရဟာ ကန်ချနာဘူရီကနေ ထားဝယ်ကို ဆက်သွယ်ပေးမယ့်ကားလမ်းတခုကို ဘတ် ၂ ဘီလီယံ အကုန်အကျခံတည်ဆောက်ဖို့ အဆိုပြုမယ်လို့ သိရပါတယ်။ မော်တော်ယာဉ် လေးစီးမောင်းနိုင်အောင်ကျယ်မယ့်လမ်းဟာ တရုတ်–အာဆီယံပူးပေါင်းရင်းနှီးမှုစီမံချက်ရဲ့တစိတ်တဒေသဖြစ်ပါတယ်။ ကားလမ်းဖောက်လုပ်မှုဟာ ၃ နှစ်ကြာမယ်လို့ သိရပါတယ်။ **(BANGKOK POST, 9.9.2009)**

## ဝ နှင့် တရုတ်ကိုယ်စားလှယ်အဖွဲ့

တရုတ်ကိုယ်စားလှယ်အဖွဲ့တဖွဲ့ဟာ ဝ ဒေသကို သွားရောက်ပြီး အဲဒီကခေါင်း ဆောင်တွေနဲ့ဆွေးနွေးမှုတွေ ပြုလုပ်ခဲ့တယ်လို့ သိရပါတယ်။ အဲဒီကိုယ်စားလှယ်အဖွဲ့ဟာ ဘယ်အဆင့်အထိမြင့်သလဲဆိုတာမသိရပေမဲ့ နိုင်ငံရေး၊ စီးပွားရေးနယ်ပယ်ထဲက လူအတော်စုံတယ်လို့သိရပါတယ်။ ကိုးကန့်နဲ့နအဖတို့ကြားတိုက်ပွဲတွေဖြစ်ပွားပြီးနောက် တရုတ်အဖွဲ့သွားရောက်တာဖြစ်ပါတယ်၊ တချိန်တည်းမှာပဲ ဝ ခေါင်းဆောင်ဟောင်း ကျောက်ညီလိုင်ရဲ့ အသုဘအခမ်းအနားတက်ဖို့ရာရှိပါတယ်။ **(SHAN, 11.9.2009)**

## ဒုက္ခသည်တွေနဲ့တွေ့ခွင့်ပြုပါ

နအဖနဲ့ကိုးကန့်တို့အကြား တိုက်ပွဲတွေကြောင့် တရုတ်နယ်ထဲထွက် ပြေးခိုလှုံ ခဲ့ရတဲ့ ဒုက္ခသည်တွေဆီသွားရောက်တာကို တရုတ်ကခွင့်ပြုဖို့ UNHCR က တောင်းဆိုလိုက်ပါတယ်။ တရုတ်အနွယ်ဝင် ကိုးကန့် ၃၇၀၀၀ လောက်တရုတ်ဘက်ကို ပြေးခဲ့ပြီးနောက် အခုအခါအတော်များများဟာ မြန်မာဘက်ကိုပြန်လာခဲ့ပေမဲ့လည်း တချို့ကတော့ငြင်းဆန်နေတုန်းပါပဲ။ တရုတ်က သူ့နိုင်ငံတွင်းမှာ ဒုက္ခသည်ကိစ္စကိုမလိုလားပါဘူး။ (REUTERS, 4.9.2009)

## မြန်မာ့အရေး ဝင်မစွက်ပါ

ကိုးကန့်ဒေသမှာ တိုက်ပွဲတွေဖြစ်ကာ ဒုက္ခသည်တွေ တရုတ်နယ်ထဲဝင်ပြေးရပြီး ကိုးကန့်တွေကို နအဖစစ်တပ်က အသာစီးရအောင်လုပ်နိုင်ခဲ့တဲ့ကိစ္စမှာ တရုတ်ဘက်က နအဖကို သတင်းအချက်အလက်တွေပေးခဲ့တယ်ဆိုတဲ့ သတင်းတွေနဲ့ပတ်သက်ပြီး တရုတ်နိုင်ငံခြားရေးဌာနပြောရေးဆိုခွင့်ရှိသူက မြန်မာ့ပြည်တွင်းရေးကို တရုတ်ဟာ ဝင်ရောက်မစွက်ဖက်ဘူးလို့ပြောပါတယ်။ ဒါ့ပေမဲ့လည်း နယ်စပ်ဒေသငြိမ်းချမ်းတည်ငြိမ်အောင်လုပ်ပါလို့ တရုတ်အစိုးရကြေညာချက်ထွက်လာပြီး မကြာမီမှာပဲ တိုက်ပွဲတွေအဆုံးသတ်သွားခဲ့ပါတယ်။ **(XINHUA, VOB, 10.9.2009)**

## တိုတယ်နှင့်ရှေဗရွန်ကောင်းမှု

ရေနံလုပ်ငန်းတွေကို အကြီးအကျယ်လုပ်ကိုင်တဲ့ ပြင်သစ်က တိုတယ်ကုမ္ပဏီနဲ့ အမေရိကန်ကရှေဗရွန်ကုမ္ပဏီတို့ဟာ ၂၀၀၀ ခုနှစ်ကနေ ၂၀၀၈ ခုနှစ်အတွင်း နအဖစစ်အုပ်စုအတွက် အမေရိကန်ဒေါ်လာ ၄.၈၃ ဘီလီယံရရှိအောင်လုပ်ပေးခဲ့တယ်လို့အမေရိကန်အခြေစိုက် Earth Right International က အစီရင်ခံစာတစောင်မှာ ဖော်ပြလိုက်ပါတယ်။ ဒါပေမယ့် တိုတယ်ကတော့ မဟုတ်ဘူးလို့ ငြင်းဆိုနေပါတယ်။ **(AFP, 10.9.2009)**

## ကချင်ရဲ့ငြင်းပယ်ချက်

ကေအိုင်အိုကို နယ်ခြားစောင့်တပ်အဖွဲ့အဖြစ် အသွင်ပြောင်းဖို့ နအဖရဲ့အဆိုပြု ချက်ကို ကချင်ပြည်သူတွေက ပယ်ချလိုက်တယ်လို့ သိရပါတယ်။ ကေအိုင်အိုခေါင်းဆောင်တွေအပါအဝင် ကချင်ကိုယ်စားလှယ်တွေပါဝင်တက်ရောက်တဲ့ အစည်းအဝေးကို မြစ်ကြီးနားမှာ စက်တင်ဘာ ၅ ရက်နဲ့ ၆ ရက်တွေမှာကျင်းပခဲ့ပြီးအဲဒီလိုဆုံးဖြတ်ခဲ့တာပါ။ ကေအိုင်အိုခေါင်းဆောင်တွေဟာ နအဖရဲ့ဖိအားရော ကချင်ပြည်သူတွေရဲ့ဖိအားကိုပါခံနေရပါတယ်။ **(MIZZIMA, 7.9.2009)**

## မြောက်ကိုရီးယားကိုဂုဏ်ပြုခြင်း

မြောက်ကိုရီးယားနိုင်ငံထူထောင်တာ ၆၁ နှစ်ပြည့်အထိမ်းအမှတ်အခမ်းအနားကို ရန်ကုန်က ဟိုတယ်တခုမှာကျင်းပခဲ့တာကို နအဖဗိုလ်ချုပ်တဦးဖြစ်တဲ့ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနဲ့ ရန်ကုန်မြို့ဝန်ဗိုလ်မှူးချုပ်အောင်လင်းသိန်းတို့တက်ရောက်ခဲ့ကြပါတယ်။ အဲဒါအပြင် အဲဒီသတင်းကို သတင်းစာတွေထဲမှာ မျက်နှာဖုံးမှာ အကြီးအကျယ်ဖော်ပြခဲ့ပါတယ်၊ အဲဒီဗိုလ်ချုပ် ၂ ယောက်ဟာ မြောက်ကိုရီးယားကနေ လက်နက်ဝယ်ဖို့သွားတဲ့ နအဖအဖွဲ့ထဲမှာပါဝင်တဲ့သူ တွေဖြစ်ပါတယ်။ **(IRRAWADDY, 10.9.2009)**

## ပိုက်လိုင်း ပိုက်လိုင်း ပိုက်လိုင်း

တရုတ်အစိုးရက နိုင်ငံတကာက ပြစ်တင်ဝေဖန်နေတဲ့နအဖကို တောက်လျှောက်ထောက်ခံအားပေးနေတာဟာ ဓာတ်ငွေ့ပိုက်လိုင်းကြောင့်ဖြစ်ပါတယ်၊ တရုတ်အတွက် အကျိုးအမြတ်အကြီးအကျယ်ရစေတာမို့ ဓာတ်ငွေ့ပိုက်လိုင်းတည်ဆောက်နိုင်ပြီး ရေနံနဲ့ ဓာတ်ငွေ့တွေကို သယ်ယူနိုင်ဖို့ဟာ တရုတ် အတွက်အရေးအကြီးဆုံးဖြစ်ပါတယ်။ **(IPS, 10.9.2009)**

## အင်တာနက်ပါမစ်

မြန်မာပြည်တွင်းက လျှို့ဝှက်သတင်းတွေ ပြည်ပရောက်အင်အားစုတွေဆီရောက်တယ်ဆိုတာကြောင့် နအဖက ကာကွယ်ရေး၊ ပြည်ထဲရေး၊ နိုင်ငံခြားရေး၊ ခရီးသွားလာရေး စက်မှု ၁ စတဲ့ဝန်ကြီးဌာနတချို့မှာ ဝန်ထမ်းတွေ အင်တာနက်သုံးစွဲတာကို ကန့်သတ်တာမျိုးတွေလုပ်လိုက်တယ်လို့ သိရပါတယ်။ ဝန်ထမ်းတွေအင်တာနက်သုံးစွဲလိုရင် ပါမစ်ယူရမယ်လို့ ညွှန်ကြားချက်ထုတ်ထားပါတယ်။ **(IRRAWADDY, 11.9.2009)**

# လုပ်အားပေးနှင့် ကလေးစစ်သားကိစ္စ အိုင်အယ်လ်အို ပညာပေးအစည်းအဝေး

**DVB၊ စက်တင်ဘာ ၈။** ။ ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ် အိုင်အယ်လ်အို ရန်ကုန်ရုံးခွဲက ဦးစီးပြီး လုပ်အားပေးနဲ့ ကလေးစစ်သားဆိုင်ရာ ပညာပေးဆွေးနွေးပွဲတခု ရခိုင်ပြည်နယ် စစ်တွေမြို့မှာ မနေ့က ကျင်းပပါတယ်။

စစ်တွေမြို့မှာ မနေ့က ကျင်းပတဲ့ အဲဒီအစည်းအဝေးကို စစ်ဘက်အဆင့်မြင့် ပုဂ္ဂိုလ်တွေ၊ ရခိုင်ပြည်နယ်ရှိ မြို့နယ်အသီးသီးက အစိုးရဝန်ထမ်းတွေ အပါအဝင် အစိုးရအရာရှိ ၄၀ ကျော် တက်ရောက်ခဲ့တယ်လို့ ရန်ကုန်ရုံးခွဲတာဝန်ခံစတိဗ်မာရှယ်က ပြောပါတယ်။ အဲဒီအစည်းအဝေးမှာ လက်ရှိ တည်ဆဲမြန်မာနိုင်ငံ ဥပဒေတွေနဲ့ လုပ်အားပေးခိုင်းစေမှု၊ အသက်မပြည့်သေးတဲ့ ကလေးတွေကို စစ်ထဲသွင်းမှုတွေကို ဘယ်လိုတားမြစ်ထားသလဲ ဆိုတဲ့ အချက်နှစ်ချက်ကို အဓိက ဆွေးနွေးပြီး အိုင်အယ်လ်အိုနဲ့ နအဖ အစိုးရ နှစ်ဘက် တင်ပြကြတယ်လို့ စတိဗ်မာရှယ်က ပြောပါတယ်။

"ဒီလိုခိုင်းစေမှု ၂ မျိုးစလုံးဟာ ဥပဒေအရ တရားမဝင်တဲ့လုပ်ရပ် ဖြစ်တယ်ဆိုတာကို ဒေသခံတွေကြား ပိုပြီး သိလာအောင် ဆွေးနွေးတဲ့ပွဲပါ။ အလားတူ ဆွေးနွေးပွဲမျိုး လွန်ခဲ့တဲ့ ၁၈ လ အတွင်း နေရာအတော်များများမှာ ကျင်းပခဲ့ပြီးပြီ"

ဒီလိုဆွေးနွေးမှုမျိုးတွေကြောင့် အစိုးရဝန်ထမ်းအပါအဝင် လူထုအကြား အသိပညာတိုးလာကြောင်းနဲ့ ဒီနှစ်မကုန်ခင် တခြားနယ်မြို့ ၂ မြို့မှာ အလားတူ ဆွေးနွေးပွဲလုပ်ဖို့ရှိ တယ်လို့လည်း ပြောပါတယ်။ တဘက်မှာ အသိပညာတွေ တိုးလာပေမယ့် တဘက်မှာလုပ်အားပေးနဲ့ ကလေးစစ်သားကိစ္စ တိုင်ကြား စာတွေ တိုးလာနေဆဲဖြစ်တဲ့အတွက် လုပ်အားပေးခိုင်းစေမှု ပိုတိုးလာတာ၊ ကလေးစစ်သားစုဆောင်းမှုပိုတိုးလာတာလို့ ကောက်ချက်ဆွဲလို့မရနိုင်ဘဲ လူတွေ ဒီကိစ္စအပေါ် အသိပိုတိုးလာလို့ အခုမှ တိုင်ရဲသူတိုးလာပြီး တိုင်စာတွေတိုးလာတဲ့ သဘောဖြစ်နိုင်တယ်လို့သူကပြောပါတယ်။ ဒီနှစ်အတွင်းလုပ်အားပေးနဲ့စာရင် ကလေးစစ်သားကိစ္စတိုင်ကြားမှု ဒီနှစ်အတွင်း သိသိသာသာပိုတိုးလာတာကို သတိထားမိတယ်လို့ စတိဗ်မာရှယ်က ပြောပါတယ်။

ရန်ကုန်နဲ့ဝေးတဲ့ နယ်မြို့တွေအထိသွားပြီး ပညာပေးဟောပြောပွဲတွေလုပ်နေနိုင်တာဟာ စစ်အစိုးရဘက်နဲ့ အိုင်အယ်လ်အို ပူးပေါင်းဆောင်ရွက်မှုက အပြုသဘော တိုးတက်လာတဲ့သဘောဖြစ်တယ်လို့ ဆိုပါတယ်။ ဥပဒေကြောင်းအရ လုပ်အားပေးကိစ္စအပေါ် နားလည်တဲ့အပြင် အရေးကြီးတဲ့လုပ်ငန်းစဉ်ဖြစ်တာကြောင့် နယ်တွေအထိဆင်းပြီး မြို့နယ်၊ ကျေးရွာက တာဝန်ရှိသူအဆင့်အထိ ဒီကိစ္စဆွေးနွေးနေတာလို့လည်း စတိဗ်မာရှယ်က ပြောပါတယ်။

အောင်လံက်က လယ်သမား ၁၃ ဦး အမှုတွဲကိစ္စကို အစိုးရတာဝန်ရှိသူတွေနဲ့ညှိနှိုင်းနေဆဲဖြစ်ပြီး မနက်ဖြန်တရားရုံးအမှုချိန်းဟာ စီရင်ချက်ချမယ့် အနေအထားမရှိသေးဘူးလို့ ပြောပါတယ်။ အိုင်အယ်လ်အိုနဲ့ နေပြည်တော်အကြား သဘောတူလို့ ပြန်ခွင့်ပြုပြီးမှ ဘာကြောင့် ဒီလို ဖြစ်ရသလဲဆိုတာကို ညှိနှိုင်းနေဆဲဖြစ်ကြောင်း၊ ဒီလူတွေ လွတ်လာအောင် အိုင်အယ်လ်အိုက ကြိုးစားနေတယ်လို့ ပြောပါတယ်။ လုပ်အားပေးနဲ့ ကလေးစစ်သား၊ ဒီကိစ္စ ၂ ခု စလုံးဟာ တည်ဆဲဥပဒေအရ တရားမဝင်တာကြောင့် အစိုးရတာဝန်ရှိသူကဖြစ်စေ၊ စီးပွားရေးလုပ်ငန်းရှင်တွေကဖြစ်စေ ခိုင်းလာမယ်ဆိုရင် တရားမဝင်တဲ့ ခိုင်းစေမှုဖြစ်လို့ အဲဒီလို ခိုင်းစေခံရရင် အိုင်အယ်လ်အိုဆီ အမြန်ဆုံး တိုင်ကြားဖို့ လို ကြောင်းနဲ့ တိုင်ကြားလို့ အရေးယူဖမ်းဆီးခြင်းမရှိစေရဘူးဆိုတာကို အစိုးရနဲ့ သဘောတူညီချက်ထဲမှာ အသေအချာထည့်သွင်း ရေးသားထားတယ်လို့လည်း ပြောပါတယ်။

"ဒါကြောင့် လုပ်အားပေးခိုင်းစေခံရရင်၊ ကလေးစစ်သားအဖြစ် စုဆောင်းခံရရင် ကျနော်တို့ဆီ အမြန်ဆုံးတိုင်ကြားဖို့ တိုက်တွန်းလိုပါတယ်၊ ကိုယ်ရဲ့ရပိုင်ခွင့်ကို အသေအချာအသုံးချပြီး ကိုယ့်အခွင့်အရေးကိုယ် ကာကွယ်ဖို့လိုပါတယ်"။

# ရွှေဝါရောင်တော်လှန်ရေး နှစ်ပတ်လည် အဖမ်းအဆီးနှင့် လုံခြုံရေးအခြေအနေ

**DVB၊ စက်တင်ဘာ ၈။** ။ သံဃာတော်တွေ ဦးဆောင်ခဲ့တဲ့ ၂၀၀၇ ရွှေဝါရောင်တော်လှန်ရေးနှစ်ပတ်လည်ကာလအတွင်း အာဏာပိုင်တွေက သံဃာတော်တွေကို ဖမ်းဆီးတာ၊ ဘုန်းကြီးကျောင်းတွေအနီး လုံခြုံရေးချထားတာတွေ ပိုတိုးလုပ်လာနေပါတယ်။

ရွှေဝါရောင်တော်လှန်ရေးကာလက နာမည်ထွက်ခဲ့တဲ့ ဘုန်းကြီးကျောင်းတွေမှာ ရဲတွေက ဒုလ္လဘဝတ်ပြီး ဝင်ရောက်နေထိုင်တာတွေရှိသလို ကျောင်းတွေအနီးမှာလည်း လုံခြုံရေးတွေချထားတာ တွေ့ရတယ်လို့ ရန်ကုန်မြို့ခံတဦးက ပြောပါတယ်။

"သူတို့က နည်းမျိုးစုံအရပ်ဝတ်နဲ့၊ ရဲဝတ်စုံနဲ့လည်း စောင့်ကြည့်တယ်။ စစ်တပ်ကရှိတော့ ရှိတယ်။ ဒီအတိုင်းကြည့်ရင် မတွေ့ရဘူး၊ ကျောင်းပတ်ဝန်းကျင်မှာ သံဆူးကြိုးတွေ ချထားတာတွေ၊ ရဲကားတွေ တွေ့နေရတယ်။ ဗဟန်းဘက်မှာ၊ အင်းစိန်ဘက်မှာ၊ ကျန်တဲ့ နေရာတွေမှာတွေ့တယ်။"

ရယကအဖွဲ့နဲ့ သတင်းပေးလုပ်နေသူတွေက ဆရာတော်တွေကို လာရောက် စုံစမ်းမေးမြန်းတာတွေ လုပ်နေတဲ့အပေါ် သံဃာတွေက မကျေမနပ်ဖြစ်နေတယ်လို့လည်းသိရပါတယ်။ ၂၀၀၇ စက်တင်ဘာတော်လှန်ရေးမှာ သံဃာတော်တွေတက်ကြွစွာလှုပ်ရှားခဲ့တဲ့ စစ်တွေမြို့မှာလည်း ပြီးခဲ့တဲ့ ရက်ပိုင်းကတည်းက အထင်ကရဖြစ်တဲ့ သံကျောင်းနဲ့ ဘုရားကြီးကျောင်းဝင်းထဲမှာ လုံခြုံရေးအစောင့်တွေချထားတာ ဒီနေ့အထိရှိနေဆဲလို့ ရဟန်းတပါးကမိန့်ကြားပါတယ်။

ပြီးခဲ့တဲ့ရက်ပိုင်းအတွင်း အနည်းဆုံး သံဃာ ၅ ပါး အဖမ်းခံထားရတယ်လို့သံဃာ့တပ်ပေါင်းစုအဖွဲ့ဝင် သံဃာတော်တပါးက မိန့်ပါတယ်။ ဩဂုတ်လ ၂၉ ရက်နေ့က ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလိပ်ပြာကန်ကျောင်းတိုက်က ဓမ္မာစရိယ စာချဆရာတော် ဦးကောသိတကို ဖမ်းသွားတယ်လို့ဆိုပါတယ်။ နာဂစ်ကယ်ဆယ်ရေးလုပ်ငန်းတွေ လုပ်နေတဲ့ဆရာတော် ဦးကောသိတကို ထိုင်ဝမ်က ပြန်အလာ ရန်ကုန်လေဆိပ်မှာ အာဏာပိုင်တွေက ဖမ်းသွားတာလို့သံဃာ့တပ်ပေါင်းစုအဖွဲ့ဝင် သံဃာတော်က မိန့်ကြားပါတယ်။

"ထိုင်ဝမ်က အလှူရှင်တွေနဲ့ ထိုင်ဝမ်က မဟာယန ဘုန်းကြီးတွေက မဟာယန ကမကထပြုပြီး အဲ့ဒီမှာ အလှူအတန်းတွေ၊ နာဂစ်ကယ်ဆယ်ရေးတွေ လုပ်တယ်။ နာဂစ်ကယ်ဆယ်ရေးကို မိတ်ဆွေဦးဇင်းတွေနဲ့ပေါင်းပြီး လုပ်တယ်။ ထိုင်ဝမ်ကျောင်းက အလှူပင့်လို့ ထိုင်ဝမ်ကိုသွားတာ တပတ်ကျော်တော့ ပြန်လာတဲ့အချိန်မှာ ရန်ကုန်လေဆိပ်ကို အဝင် ၈ ပါးထဲက တပါးဖြစ်တဲ့ ဦးကောသိတကို ဖမ်းတာ။"

ဦးကောသိတကို ရွှေဝါရောင်တော်လှန်ရေးမှာ ဦးဆောင်ခဲ့တဲ့ သံဃာတော်တပါးအဖြစ် သံသယနဲ့ဖမ်းထားတာဖြစ်ပြီး ဘယ်မှာ ထိန်းသိမ်းထားတယ်ဆိုတာ မသိရသေးဘူးလို့ဆိုပါတယ်။ နောက်တကြိမ် သံဃာ့ကံဆောင်သပိတ် ဖြစ်မှာစိုးရိမ်လို့ သံဃာတော်တွေကို ဖမ်းဆီးတာတွေ၊ ခေါ်ယူ စစ်ဆေးတာတွေနဲ့ ဘုန်းကြီးကျောင်းတွေကို ရှောင်တခင် ဝင်ရောက် ရှာဖွေတာတွေ ပြုလုပ်နေတာလို့ အဲဒီ သံဃာတော်က မိန့်ကြားပါတယ်၊ အာဏာပိုင်တွေက သံဃာတွေအပေါ် ကိုယ်ထိလက်ရောက် စော်ကားခဲ့တာတွေနဲ့ ပတ်သက်ပြီး အောက်တိုဘာလ ၂ ရက်နေ့ နောက်ဆုံးထား တောင်းပန်ဖို့နဲ့ဖမ်းထားတဲ့ သံဃာတော်အားလုံးကို ပြန်လွှတ်ပေးဖို့ သံဃာ့တပ်ပေါင်းစုအဖွဲ့က တောင်းဆိုထားပါတယ်။

ဒီတောင်းဆိုချက်ကို မလိုက်လျောဘူးဆိုရင် အောက်တိုဘာ ၃ ရက်၊ သီတင်းကျွတ်လပြည့်နေ့မှာ တနိုင်ငံလုံးအတိုင်းအတာနဲ့ တတိယအကြိမ် သပိတ်မှောက် ကံဆောင်ပွဲပြုလုပ်မယ်လို့သံဃာ့တပ်ပေါင်းစုအဖွဲ့က သတိပေးနိုးဆော်ထားပါတယ်။ အပြည်ပြည်ဆိုင်ရာ မြန်မာရဟန်းတော်များအဖွဲ့ချုပ်က ဖမ်းဆီးတာတွေရပ်ပြီး စစ်မှန်ငြိမ်းချမ်းတဲ့ တွေ့ဆုံဆွေးနွေးရေးအမြန်ဆုံးလုပ်ဖို့ စက်တင်ဘာ ၇ ရက် နေ့စွဲနဲ့ ကြေညာချက်ထုတ်ပြန် တောင်းဆိုထားပါတယ်။

# နအဖစစ်တပ် ထင်ရာစိုင်းနေတဲ့ ကိုးကန့်ဒေသကို ပြန်သူထက် မပြန်သူက ပိုများနေ

**DVB။ စက်တင်ဘာ ၈။** ။ ပြီးခဲ့တဲ့သတင်းပတ်က တိုက်ပွဲဖြစ်ပွားခဲ့တဲ့ ကိုးကန့်နယ်မြေ အေးချမ်းသွားပြီဖြစ်လို့ ဒုက္ခသည် တသောင်းလေးထောင်ကျော် လောက်ကိုင်ဒေသကို ပြန်ဝင်လာပြီလို့ စစ်အုပ်စုက ကြေညာလိုက်ပါတယ်။

တရုတ်နယ်စပ်ဘက်က ရတဲ့သတင်းတွေမှာ မပြန်ဘဲ ကျန်နေတဲ့လူက ပြန်တဲ့လူထက် ပိုများနေဆဲဖြစ်တယ်လို့ သိရပါတယ်။ စစ်မက်ကြောင့် ဒေသခံ သုံးသောင်းကျော် တရုတ်ဘက်ခြမ်းကို ထွက်ပြေးခဲ့တယ်လို့ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးကလည်း ပြောထားပါတယ်။ အခု ပြန်တဲ့လူက တသောင်းဝန်းကျင်သာ ရှိသေးတဲ့အတွက် အခုလိုပြောရတာလို့ တရုတ်နယ်စပ်ရှိ စစ်ရေးအကဲခတ် ဦးအောင်ကျော်ဇောက ပြောပါတယ်။

“အများစုက မဝင်သေးဘူးထင်တယ်။ လူပေါင်း ၃ သောင်းကျော် ထွက်လာတဲ့ အထဲမှာ တသောင်းကျော်ခန့်ဆိုရင် ၂ သောင်းခန့်ကျန်တာပေါ့။ တရုတ်ပြည်ကလူတွေ အများစုကပြန်သွားကြတယ်။ သေနတ်သံတွေ မထွက်တော့ ငြိမ်သက်နေတာပေါ့။ တယ်လီဖုန်းလိုင်းတွေ ဖွင့်နေပြီလို့ဆိုပေမယ့် တချို့လိုင်းတွေ ကျန်သေးတယ်။ ဗမာပြည်လိုင်းတွေက မဖွင့်ဘူး။ အင်တာနက်က ဟိုတုန်းကလို မရသေးဘူး၊ ဖွင့်တဲ့ဆိုင်လည်း တော်တော်နည်းတယ်။”

ကိုးကန့်ဒေသနဲ့ နီးစပ်တဲ့ ဝ နယ်မှာလည်း မငြိမ်သက်မှုတွေကို ထိန်းချုပ်နိုင်ဖို့ ဒေသခံ ပြည်သူတွေကို အသိပေးကြေညာထားပါတယ်။ တရုတ် မြန်မာ နယ်စပ် ရှမ်းပြည်အရှေ့ပိုင်းရှိ ဦးစိုင်းလင်း ဦးဆောင်တဲ့ မိုင်းလားအထူးဒေသ ၄ မှာ သူ့ပြည်သူတွေကို အလားတူသတိပေးတာတွေလုပ်ခဲ့တယ်လို့ တပ်မှူးဟောင်းတဦးက ပြောပြပါတယ်။ မိုင်းလားဒေသမှာ လာရောက် စီးပွားရှာ လုပ်ကိုင်နေကြတဲ့ တရုတ်စီးပွားရေးသမားတွေက ဆိုင်တွေပိတ်ပြီး၊ တရုတ်ပြည်ပြန်သွားကြလို့ ကုန်စည်စီးဆင်းမှု မရှိတော့ဘူးလို့ ကားသမားတဦးက ပြောပါတယ်။

“မိုင်းလားဒေသခံမဟုတ်တဲ့ အလုပ်သမားတွေ ကျိုင်းတုံကို ပြန်ခိုင်းခဲ့ပါတယ်။ မိုင်းလားမှာလာပြီး အလုပ်လုပ်တဲ့ တရုတ်လူမျိုးတွေလည်း ပြန်သွားကုန်ပြီ၊ တင်စရာကုန်ပစ္စည်းတွေမရှိတော့ ကားတွေလည်း မပြေးတော့ဘူး။”

နယ်စပ်တလျှောက် ဒီလို မငြိမ်သက်မှုဖြစ်နေချိန်မှာ ဆွေးနွေးအဖြေရှာတာ အကောင်းဆုံးပဲလို့ ဝ ခေါင်းဆောင်တွေဖြစ်တဲ့ ကျောက်ပေါက်ယူချန်းနဲ့ ကျော်ဝ်ကျိုးတန်းတို့က တရုတ်အခြေစိုက် ဟောင်ကောင်ပိုင် ဖိုးနိစ်ရုပ်သံသတင်းဌာနကို ပြောဆိုသွားတယ်လို့ ဦးအောင်ကျော်ဇောက ပြောပါတယ်။

“ဗမာအစိုးရရဲ့ ပြုပြင်ပြောင်းလဲရေးကိစ္စတွေကို ကျနော်တို့လည်း ပြောမယ် အချက်အလက်တွေ ရှိပါတယ်၊ ကျနော်တို့က ငြိမ်းချမ်းရေးကိုလိုလားတယ်၊ စစ်မက်မဖြစ်ပွားလိုဘူး။ ဒါပေမယ့်ကျနော်တို့ကို တိုက်ခိုက်လာရင်တော့ ကျနော်တို့က ခုခံစစ်ကို မုချဆင်နွှဲရမှာဖြစ်တဲ့အတွက် ပြင်ဆင်ထားပါတယ်။ ကျနော်တို့က ဘယ်သူ့ကိုမှ သွားမတိုက်ပါဘူး၊ ကျနော်တို့ဒေသကိုလည်း ဘယ်သူ့ကိုမှ အဝင်မခံပါဘူး။ ကျနော်တို့မှာလည်း ပြန်ပြောမယ့် အချက်အလက်တွေရှိပါတယ်၊ ဒီနေ့ဖြစ်ပေါ်နေတဲ့ တင်းမာမှုတွေကို မှန်မှန်ကန်ကန်ဖြေရှင်းနိုင်တာက အချိန် တခုယူပြီးငြိမ်းချမ်းရေးစွာ အေးဆေးစွာနဲ့ဆွေးနွေးအဖြေ ရှာတာကောင်းပါတယ်။”

# စည်းရုံးခွင့်ပြုရန် အဖွဲ့ချုပ် တောင်းဆို

**DVB။ စက်တင်ဘာ ၈။** ။ တရားဝင်မှတ်ပုံတင်မထားတဲ့ နိုင်ငံရေးအစုအဖွဲ့တွေရဲ့လှုပ်ရှားမှုကို အစိုးရက ခွင့်ပြုထားပြီး ရွေးကောက်ပွဲအနိုင်ရ တရားဝင်နိုင်ငံရေးပါတီ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ လှုပ်ရှားမှုအားလုံးကို ပိတ်ပင်ထားတာဟာ ဘယ်လိုမှလက်ခံနိုင်စရာမရှိဘူးလို့ ပါတီပြန်ကြားရေးအဖွဲ့က ပြောဆိုလိုက်ပါတယ်။

မကွေးတိုင်း ပခုက္ကူဘက်မှာ ၂၀၁၀ ရွေးကောက်ပွဲအကြို လှုပ်ရှားနေတဲ့ နိုင်ငံရေးအဖွဲ့တွေအပေါ် အစိုးရက ခွင့်ပြုထားတာကို ထောက်ပြပြီး အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ကိုလည်း အလားတူခွင့်ပေးဖို့၊ နယ်မြို့အသီးသီးက ပါတီရုံးတွေကိုပြန်ဖွင့်ခွင့်ပေးဖို့ စတဲ့ သဘောထားပါတဲ့ စာကို ဒီလ ၄ ရက်နေ့ နေ့စွဲနဲ့ နအဖ ဥက္ကဋ္ဌဆီ ပေးပို့ထားပြီးဖြစ်ပါတယ်။ အခုအထိ ဘာမှအကြောင်းမပြန်လို့ ဒါကို အများပြည်သူသိရှိအောင် ထုတ်ပြန်ရတာလို့ ပြန်ကြားရေးအဖွဲ့ဝင် ဦးဉာဏ်ဝင်းကပြောပါတယ်။

“ပခုက္ကူမှာ တရားဝင်ပါတီမဟုတ်တဲ့ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ဆိုတဲ့ ဆိုင်းဘုတ်တွေတင်တယ်၊ စည်းရုံးရေးလုပ်တယ်။ အစည်း အဝေးတွေ၊ စုဝေးခြင်းတွေလုပ်တယ်။ သူတို့တွေ အဲ့ဒီလို လုပ်ဆောင်ခွင့်ရှိနေတဲ့အချိန်မှာ တရားဝင်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပါတီရုံးခန်းတွေအပိတ်ခံထားရတယ်။“

နိုင်ငံရေးလှုပ်ရှားမှုတွေကိုလည်း အတင်းအကျပ်ဖိနှိပ်တယ်။ အဲ့လိုအခြေအနေတွေမဖြစ်သင့်ဘူး။ ဒါကြောင့် အဖွဲ့ချုပ်ရဲ့ ရုံးခန်းတွေ ပြန်လည်ဖွင့်လှစ်ပေးပြီး စည်းရုံးလှုပ်ရှားခွင့်တွေပေးပါဆိုပြီး အကြောင်းကြားခဲ့တယ်။ အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်၊ ဒုဥက္ကဋ္ဌဦးတင်ဦး အပါအဝင် ထောင်ချတဲ့ ပါတီဝင်တွေဟာ လှုပ်ရှားမှုတွေအတွက် အဖမ်းခံနေရတာ၊ ဖိနှိပ် ဖမ်းဆီးမှုမျိုးစုံနဲ့ နေ့စဉ်ရင်ဆိုင်နေရတာကို အားလုံးအသိပဲလို့ ဦးဉာဏ်ဝင်းကပြောပါတယ်။ အဖွဲ့ချုပ်အနေနဲ့စာတင်ထားပေမယ့် နအဖရဲ့ခွင့်ပြုချက်ကို ထိုင်စောင့်နေမှာမဟုတ်ဘဲ လုပ်စရာရှိတာတွေကို ဆက်လုပ်သွားမှာလို့လည်း ဆိုပါတယ်။

**မျက်နှာဖုံးမှ**

အဖွဲ့ဝင်တွေနဲ့တွေ့လိုတဲ့ဆန္ဒရှိတယ်လို့ ကျနော်တို့တခေါက်မှာ သူပြောပါတယ်။”

တကယ်လို့ သူကတွေ့ချင်တယ်ဆိုရင် သူကိုယ်တိုင်ကအာဏာပိုင်တွေကို တင်ပြရမှာလား၊ ဒါမှမဟုတ် အဲန်ကယ်လ်တို့ရှေ့နေတွေကတဆင့် တင်ပြရမှာပါလား…

“အဲဒါတော့ ကျနော်တို့မသိဘူးဗျ။ ဒီအခု ဒီလိုတွေ့ဆုံရေးနဲ့ပတ်သက်ပြီးတော့ အာဏာပိုင်တွေက ဘယ်လိုလုပ်ထုံးလုပ်နည်းတွေချထားမှန်း ကျနော်တို့မသိဘူး။ ကျနော်တို့က စည်းကမ်းချက် ၈ ချက်ဘဲသိတယ်။”

ဟုတ်ကဲ့၊ နောက်တခုက အဲန်ကယ်လ်တို့ ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့တဲ့အခါမှာ လက်ရှိနိုင်ငံရေးအခြေအနေ တိုင်းရင်းသားဒေသတွေမှာဖြစ်နေတဲ့ အခြေအနေတွေနဲ့ပတ်သက်ပြီးတော့ရော ဒေါ်အောင်ဆန်းစုကြည်နဲ့ဆွေးနွေးဖြစ်ပါသေးသလား…

“ဒေါ်စုရဲ့အမြင်က တိုင်းရင်းသားရော ဗမာရော အားလုံးနိုင်ငံရေးအရ အမြင်ချင်းတူတဲ့၊ နိုင်ငံရေးအရ ခံယူပုံတူတဲ့လူတွေအားလုံး ညီညွတ်ရေးအရေးကြီးတယ်ဆိုတာကိုတော့ ဆွေးနွေးပါတယ်။”

ဟုတ်ကဲ့၊ နောက်တချက်ကတော့ သူ့ခြံတွင်းလုံခြုံရေး အခြေအနေကရော အဲန်ကယ်လ် နောက် အိမ်မှာပြင်ဆင်နေတဲ့အခြေအနေတွေကရော ပြီးသွားပါပြီလား။

“အိမ်ကတော့ ပြင်ဆင်တာစပြောမယ်၊ ပြင်ဆင်တာ မစရသေးပါဘူး။ ဗိသုကာနဲ့ကျနော်တို့တိုင်ပင်ပြီးတော့ ပုံကြမ်းရေးနေတဲ့အဆင့်ဘဲရှိပါတယ်။ ဒါကမပြင်ရသေးဘူး။ နောက် ခြံတွင်းလုံခြုံရေးဆိုတာက ခြံတွင်းမှာတော့ လုံခြုံရေးမထားဘူး၊ ခြံအပြင်မှာဘဲ ကပ်ပြီးတော့ထားတယ်။ နောက် အိမ်ထဲမှာတော့ အမျိုးသမီး ၃ ဦးဘဲရှိတာပေါ့။ လုံခြုံရေးကိုစဉ်းစားရင် ဒါတွေပါစဉ်းစားရမှာ။

အိမ်ထဲမှာ ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်းနဲ့ဒေါ်ဝင်းမမတို့ ၃ ယောက်ဘဲရှိတယ်၊ ခြံအပြင်မှာတော့ ခြံထဲကိုမြင်နိုင်တဲ့နေရာ အတွင်းအဆောက်အဦးကနေ သူတို့ခြံ ထဲကို အမြဲတမ်းကြည့်နေတယ်။ အဲဒီအခြေအနေရှိတယ်။”

# နတ်မောက်မြို့မှနေပြည်တော်အထိ မိုင် ၁၅၀ အရှည်ရှိလှိုဏ်ဂူ နအဖဖောက်လုပ်နေ

**RFA ၊ စက်တင်ဘာ ၁၁ ။** ။ နေပြည်တော်နဲ့ မိုင် ၁၅၀ အကွာ မကွေး တိုင်း၊ နတ်မောက်မြို့နယ်အတွင်းက တောင်ကြားတခုမှာ စစ်အစိုးရက လျှို့ဝှက် လိုဏ်ခေါင်းတခု ဖောက်လုပ်နေတယ်လို့ ဒေသခံတွေက RFA ကို ပြောပါတယ်။

ဒီစီမံကိန်းဟာ နတ်မောက်မြို့နဲ့ မိုင် ၂၀ အကွာ ဒန့်သလွန်ပင်ကျေးရွာရဲ့ အနောက်ဘက် ဆင်သေကန်ရွာရဲ့အရှေ့ဘက်မှာရှိတဲ့ ကုလားတောင်တန်းနဲ့ တိုးတိုးတက်တောင်တန်းမှာ အကောင်အထည်ဖော်နေတာဖြစ်ပါတယ်။ စီမံကိန်းနေရာတခုလုံးကို စစ်တပ်က နေရာအပြည့်ယူထားပြီး ဒေသခံတွေကို စီမံကိန်းအနီးအနား ဖြတ်သန်းသွားလာခွင့်မပြုဘူးလို့ သိရပါတယ်။

ဒီစီမံကိန်းကို ၂၀၀၈ ခုနှစ်၊ ဂျွန်လလောက်ကတည်းက စတင်အကောင်အထည်ဖောက်နေတာဖြစ်ပါတယ်။ ကုလားတောင်တန်းမှာစတင်ဖောက်လုပ်နေတဲ့ ဒီဥ မင်လိုဏ်ခေါင်းဟာ နေပြည်တော်အထိဆက်သွယ်ပြီး အကြီးစားလက်နက်တွေ သို လှောင်ရေးအပါအဝင် စစ်ဘက်အတွက် အသုံးပြုဘွယ်ရှိတယ်လို့ သတင်းတွေ ထွက်ပေါ်နေပါတယ်။ ဒီစီမံကိန်းနဲ့ပတ်သက်ပြီး ဒေသခံတဦးကိုRFA ကဆက်သွယ် မေးမြန်းကြည့်တဲ့အခါ

မကွေးတိုင်းထဲမှာ မြန်မာစစ်တပ်ကနေပြီးတော့ လိုဏ်ဂူတောင်ခေါင်းတွေ ဖော်နေတယ်လို့ကြားရပါတယ်၊ နေရာအားဖြင့် ဘယ်နေရာမှာဖောက်နေတယ်ဆိုတာသိပါရစေခင်ဗျ။

"မကွေးတိုင်း၊ နတ်မောက်မြို့နယ်၊ ဒန်သလွန်ပင်ကျေးရွာနားမှာပါ။ ဒန့်သလွန်ပင်ကျေးရွာရဲ့အနောက်ဘက် ဆင်သေကန်ရဲ့အရှေ့ဘက်မှာပါ။"

ဒီတောင်ရဲ့နာမည်လေးလည်းသိပါရစေခင်ဗျ။

"တောင်ရဲ့နာမည်ကတော့ ကုလားတောင်တန်းရယ်၊ တိုးတိုးတက်တောင်ရယ်ခင်ဗျ။"

တောင်နှစ်လုံးကိုဆက်တိုက်ဖောက်နေတဲ့သဘောလားခင်ဗျ။

"တိုးတိုးတက်တောင်မှာ စစ်တပ်တတပ်၊ ကုလားတောင်တန်းမှာ စစ်တပ်တတပ်ထားပြီးတော့၊ အခုကုလားတောင်တန်းမှာ လိုဏ်ဂူတခုဖောက်နေတာခင်ဗျ။"

ဘာအတွက်ဖောက်နေတယ်ဆိုတာရော ဒေသခံတွေ ဘယ်လောက်အထိ သိထားပါသလဲခင်ဗျ။

"တချို့ကတော့ အကြီးစားလက်နက်တွေထားမယ်၊ တချို့ကတော့ အဲဒီကနေပြီးတော့ နေပြည်တော်အထိဖောက်မယ်၊ အခုဖောက်နေတဲ့ ဒန့်သလွန်ပင်ကျေးရွာအနောက်ဘက် ၁၀ မိုင်ကျော်အကွာမှာ ရောင်မွန်စစ်တပ်ဆိုတာရှိပါတယ်။ အဲဒီရောင်မွန်စစ်တပ်က စစ်လက်နက်ဂိုဒေါင်တွေ ဂိုဒေါင်ပေါင်း ၃၀ နဲ့ ၄၀ ကြားမှာ ဂိုဒေါင်အကြီးကြီးတွေဆောက်ထားတယ်။

အဲဒီစစ်လက်နက်ဂိုဒေါင်ကနေပြီးတော့ လိုဏ်ဂူထဲကနေ ကားတွေနဲ့သယ်မယ်လို့တချို့ကယူဆတယ်၊ တချို့ကတော့ တကယ့်အကြီးစားလက်နက်တွေထားမယ်လို့ယူဆပါတယ်ခင်ဗျ။"

အာဏာပိုင်တွေဘက်ကရော ဒေသခံတွေကို ရှင်းပြတာတွေ ဘာတွေရော မရှိဘူးလားခင်ဗျ။ ဒီစီမံကိန်းနဲ့ပတ်သက်ပြီးတော့။

"လုံးဝမရှိပါဘူး၊ သူတို့လျှို့ဝှက်ဖောက်နေတာပါ။"

ဒေသခံတွေရော အဲဒီစီမံကိန်းနေရာကို လိုဏ်ဂူတောင်ခေါင်းတွေဖောက်တဲ့နေရာကို သွားလာခွင့်ရောရှိလား။

"လုံးဝသွားလာခွင့်မရှိပါဘူး။ အဲဒီဘက်မှာ ရွာ ၄ ရွာရှိတယ်၊ ဒန့်သလွန်ပင်ရွာ၊ ထွေးဂုံးရွာ၊ ဆင်သေကန်ရွာ၊ ရှမ်းကုန်းရွာရယ်၊ အဲဒီမှာရှိတဲ့လယ်မြေတေ သူတို့ဖောက်နေတဲ့နေရာနဲ့နီးတဲ့နေရာမှာဆိုရင် ဒီနှစ်စိုက်ထားတာပြီးရင် နောက်နှစ်လုံးဝမစိုက်ရတော့ဘူးဆိုပြီး အခုကလုံးဝတားထားပါတယ်။ တံတားသံလမ်းရဲ့ အရှေ့ဘက်မှာလည်း နွားကျောင်းခွင့်လည်းမရှိဘူး၊ စိုက်ပျိုးခွင့်လည်းမရှိဘူး။ သူတို့တားထားပါတယ်။"

ဒီစိုက်ပျိုးခွင့်မရှိတော့တဲ့လယ်မြေတေ ဘယ်လောက်လောက်ရှိမလဲခင်ဗျ။

လယ်သမားတွေအနေနဲ့ရော သူတို့ဘယ်လိုအခြေအနေရှိကြတုန်း သူတို့ဒီလယ်တွေစိုက်ပျိုးခွင့်မရတော့။

"လယ်သမားကတော့ဗျာ လုံးဝကိုမကျေမနပ်ဖြစ်နေတာ။ စိုက်ခွင့်မရှိဘူးဆိုပြီး ရယက ဥက္ကဌကပြောတဲ့အခါကျတော့၊ ဟ ဘာလို့မစိုက်ရမှာလဲ၊ သွားလာခွင့်လည်းမရှိဘူး၊ စိုက်ပျိုးခွင့်လည်းမရှိဘူးဆိုပြီးတော့ မိုက်နဲ့ကြေညာတယ်တဲ့၊ အဲဒီလိုဆိုတော့ ရွာကလူတွေက နောက်နှစ်မစိုက်ရဘူးဆိုတော့ တော်တော်လေးကို စိတ်ဆင်းရဲမှုတွေဖြစ်နေကြတယ်ခင်ဗျ။"

လယ်မြေတွေကိုသိမ်းယူလိုက်တဲ့သဘောလား၊ စိုက်ပျိုးခွင့်တားမြစ်ထားတယ်ဆိုတော့ ဘာရည်ရွယ်ချက်နဲ့တားမြစ်တာလို့ယူဆလို့ရလဲခင်ဗျ။

"သူတို့ကလယ်မြေကိုသိမ်းတယ်လို့လည်းမပြောဘူး၊ စိုက်ပျိုးခွင့်တားမြစ်တယ်ဆိုတာဘဲပြောပြီးတော့ သူတို့စီမံကိန်းလုပ်နေတဲ့နေရာမှာ လူတွေလာမှာကြောက်တဲ့သဘော၊ ဘယ်လောက်အထိဆိုသလဲဆိုရင် သူတို့ရဲ့စစ်တပ်တွေ စစ်တပ်နှစ်တပ်ရှိတာ တိုးတိုးတက်တောင်မှာရော ကုလားတောင်မှာရော အဆောက်အဦရဲ့အပေါ်မှာဆိုရင် မြေတွေဘာတွေထိုးပြီးတော့ စပါးပင်စိုက်တဲ့ပုံစံ သစ်ပင်တွေစိုက်ထားတယ်ခင်ဗျ။ အဲဒါကိုသူတို့ကလျှို့ဝှက် ဘယ်ကကြည့်ကြည့်မမြင်ရအောင် အဲဒီနားကို လူတွေလုံးဝမလာအောင်သူတို့လုပ်ထားပါတယ်။"

အဆောက်အဦတွေအားဖြင့်ရော ဘယ်လိုပုံစံတွေတွေ့ရပါသလဲ။

"အဆောက်အဦတွေကတော့ အနီးကပ်မကြည့်ရဘူး၊ အဝေးကနေလှမ်းမြင်ရတော့ တော်တော်ကြီးကြီးကျယ်ကျယ်နဲ့ တော်တော်ကောင်းကောင်းမွန်မွန်ဆောက်ထားတယ်။"

တိုးတိုးတက်တောင်နဲ့ကုလားတောင်တန်းတွေမှာ တာဝန်ယူထားတဲ့တပ်နာမည်တွေရောသိလား။

"စစ်တပ်နာမည်တော့မသိဘူး၊ လာလာနေတာကတော့ ကိုရီးယားလူမျိုးတွေလာတယ်။ စစ်တပ်ကလူတွေလာတယ်။ အဲဒီနားမှာ မီးကြိုးတွေဆိုရင် စပါယ်ရှယ်မီးတိုင်ကြီးတွေ မီးကြိုးတွေသွယ်ထားတယ် အဲဒီမှာ။"

ဒီစီမံကိန်းစနေတာ ဘယ်လောက်လောက်ကြာပြီလည်းခင်ဗျ။

"၂၀၀၈ ခုနှစ်ကနေစတာခင်ဗျ။ အစကတော့ သူတို့စစ်တပ်ဆောက်မလို လို ဘာလိုလိုနဲ့လာတာခင်ဗျ။ ဒီလိုမျိုးလိုဏ်ဂူဖောက်တယ်ဆိုတာ အခုနောက်ပိုင်းမှအားလုံးသိကုန်ကြတာခင်ဗျ။"

ဒီလိုစီမံကိန်း ရေိယာအကျယ်အဝန်းအားဖြင့် ဘယ်လောက်လောက်ရှိမယ်လို့ ခန့်မှန်းလို့ရသလဲ။

"အဲဒီမှာတောက်လျှောက်ဖောက်နေတာဘဲ၊ မသွားရတော့ မသိရဘူးခင်ဗျ။"

ဒေသခံတွေရော စီမံကိန်းပြင်ပမှာဘဲဖြစ်ဖြစ် ဒီစီမံကိန်းနဲ့ဆက်စပ်လို့ဘဲဖြစ်ဖြစ် လုပ်အားပေးခိုင်းတာတို့၊ အဓမ္မခိုင်းတာတို့ရှိလားဗျ။

"လျှို့ဝှက်လုပ်ထားတဲ့အတွက် ရွာသူရွာသားတွေကို အခုထိခေါ်မခိုင်းသေးဘူး။ သူတို့စစ်သားတွေနဲ့စစ်တပ်နဲ့ မြောက်ကိုရီးယားလူမျိုးတွေနဲ့လုပ်နေကြတာခင်ဗျ။"

မြောက်ကိုရီးယားလူမျိုးဆိုတာဘယ်လိုခန့်မှန်းလို့ရသလဲ။

"အဲဒီမှာရှိတဲ့စစ်ဗိုလ်တွေက ဒန့်သလွန်ပင်ရွာမှာဆိုရင် အရက်လာသောက်လိုက်၊ ထမင်းလာစားလိုက်ဆိုတော့ သူတို့ကအဲဒီလူမျိုးတွေက မြောက်ကိုရီးယားတွေဘဲတဲ့ အဲဒါသူတို့ပြောမှသိရတာ။"

တခြားဒီလိုဏ်ဂူစီမံကိန်းနဲ့ပတ်သက်ပြီး သိထားတာဘာတွေများရှိသေးလဲခင်ဗျ။

"အဲဒီလောက်လဲသိပါတယ်ခင်ဗျ။ ကျနော်တို့ရွာသူရွာသားတွေအားလုံးကတော့ လန့်နေကြတာပေါ့ဗျာ။ ပြည်တွင်းမှာစစ်များဖြစ်မလား၊ စစ်တပ်တွေကလည်းတခါမှအဲဒီဘက်တွေမှာ မရှိဘဲနဲ့အခုမှစစ်တပ်တွေဆောက် ရွာသူရွာသားတွေအနေနဲ့ ပြည်တွင်းစစ်များဖြစ်တော့မလား အားလုံးလန့်ဖြန့်ပြီးတော့ ဘယ်လို

# ဝါမျိုးစေ့များကို ဈေးတင်ပြီး မယူမနေရ ရောင်းနေ၍ တောင်သူများ မကျေနပ်

**DVB၊ စက်တင်ဘာ ၇။** ။ မန္တလေးတိုင်း မြင်းခြံနဲ့ တောင်သာမြို့နယ်မှာ ကျေးရွာ အာဏာပိုင်တွေက ဝါစေ့တွေကို ဈေးတင်ပြီး အတင်းအဓမ္မရောင်းနေလို့ တောင်သူတွေ အခက်ကြုံနေရပါတယ်။

မြင်းခြံနဲ့ တောင်သာနယ်က ကျေးရွာတွေအားလုံးမှာ မယကအမိန့်နဲ့ ဝါစေ့တွေ မယူမနေရ အတင်းလိုက်ရောင်းနေတယ်လို့ ဒေသခံတောင်သူတွေက ပြောပါတယ်။ တပိဿာကို ၅၀၀ ကျော်သာ ပေါက်ဈေးရှိတဲ့ ဝါစေ့တွေကို တပိဿာ ၁,၃၀၀ ကျပ်နဲ့ လိုက်ရောင်းနေတာလို့လည်းဆိုပါတယ်။ တအိတ်ကို ၃ ပိဿာသာပါပြီး တအိတ် ၈ ထောင်ကျပ်နဲ့ မယူမနေရ အတင်းအဓမ္မ လိုက်ရောင်းနေတဲ့အကြောင်း ဒေသခံတွေက ပြည်ပသတင်းဌာနတွေကို တင်ပြခဲ့ပါတယ်။

ဒေသခံတွေက ပြည်ပမီဒီယာတွေကို တင်ပြတာနဲ့ ပတ်သက်ပြီး ကျောက်ပြုတ်ရွာ ရယက ဥက္ကဋ္ဌဦးစိုးမြင့်က ဂရုမစိုက်ကြောင်း၊ ဝါစေ့တွေ မရောင်းရင်သာ သူ့ အလုပ်ပြုတ်မှာဖြစ်ကြောင်းနဲ့ ဒီဝါစေ့တွေကိုမယူရင် ဖမ်းဆီးမယ်၊ ယာမြေတွေသိမ်းမယ်လို့ ထပ်မံခြိမ်းခြောက်ပြောဆိုတယ်လို့ ကျောက်ပြုတ်ရွာခံတဦးက ပြောပါတယ်။

မန္တလေးတိုင်း တိုင်းမှူးဗိုလ်ချုပ်တင်ငွေ မြင်းခြံကို ဩဂုတ်လ ၁၅ ရက်နေ့မှာလာရောက်တုန်းက တောင်သူတွေအနေနဲ့ လွတ်လွတ်လပ်လပ် လုပ်ပိုင်ခွင့်ရှိကြောင်းပြောဆိုခဲ့ပြီး အခုလို ဝါစေ့တွေအဓမ္မရောင်းချနေတာတွေဟာ မြို့နယ်အဆင့်က စားပေါက်ထွင်နေတာဖြစ်တယ်လို့ အဲဒီဒေသခံကပဲ ပြောပါတယ်၊ မနက်ဖြန်မှာ ဒုံအပြင် ကျေးရွာအာဏာပိုင်တွေ တအိမ်တက် တအိမ်ဆင်း ဝါစေ့တွေ လိုက်ပေးမှာဖြစ်ပြီး မယူတဲ့အိမ်ကို အရေးယူမယ်လို့ ကြေညာထားတယ်လို့လည်း ဆိုပါတယ်။ ကွင်းစိုက်ရွာခံ တဦးကလည်း…

"ကျေးရွာ ရယကဥက္ကဋ္ဌက ဝါစေ့တအိတ်ကို တလဆိုင်း ၈ ထောင်နှုန်းနဲ့ မယူမနေရလာရောင်းတယ်။ ဝယ်သာဝယ်လိုက်တာ စိုက်ချိန်လည်းမရှိ၊ ရှိတဲ့ မြေကွက်တွေကလည်း စိုက်ပြီးသားဆိုတော့ အရင်စိုက်ပြီးသားတွေ ဆွဲနုတ်ရမယ့်ပုံပေါက်နေပြီ"။

ရွာသားတွေက တလဆိုင်းဆိုပေမယ့် ပေးစရာငွေမရှိတဲ့အပြင် အနိုင်ကျင့်ပြီးရောင်းတဲ့ အဲဒီဝါစေ့တွေကို နွားကျွေးပစ်တယ်လို့ ကွင်းစိုက် ဒေသခံတဦးက ပြောပါတယ်။ တောင်သာမြို့နယ်က ကျေးရွာတွေအားလုံးမှာလည်း ဝါစေ့တွေကို ဈေးတင်ပြီး အဓမ္မလိုက်ရောင်းနေလို့ တောင်သူတွေက မကျေမနပ်ဖြစ်နေကြပါတယ်လို့လည်း ဒေသခံတဦးက ပြောပါတယ်။

"မညီမမျှစနစ်နဲ့ တမြို့နယ်လုံးလိုက်ရောင်းနေတယ်၊ စီမံချက်ဆိုရင်တော့ တောင်သူတွေအကုန်လုံး ကိုယ့်ရည်ရွယ်ချက်နဲ့ကိုယ် တကယ်အောင်မြင်အောင် လုပ်နိုင်တယ်။ မိုးကလည်းခေါင်တော့ လုပ်ငန်းမှာ နည်းနည်းအကျပ်အတည်းရှိတယ်။ လူတွေက ဝမ်းရေးထက် မင်းရေး ပူနေသလိုဖြစ်နေတယ်၊ နိုင်ငံတော်အစိုးရချမှတ်တဲ့ မူအားလုံးပျက်စီးနေမှန်း လူတွေအားလုံး သိပါတယ်။ အဲဒါကြောင့် ဘယ်သူ့မှ လိုက်နာမှာ မဟုတ်ဘူး။ အားလုံးက မစိုက်ချင်ဘူး။"

# ဘိုကလေးလေဆင်နှာမောင်း တဦးသေ

**DVB၊ စက်တင်ဘာ ၇။** ။ နာဂစ်မုန်တိုင်းဒဏ်ခံခဲ့ရတဲ့ ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် လေးခွကျေးရွာမှာ မနေ့နေ့လည်ပိုင်းက လေဆင်နှာမောင်းတိုက်ခတ်မှုဖြစ်ပွားခဲ့ပြီး အမျိုးသမီးတဦး သေဆုံးသွားတယ်လို့ သိရပါတယ်။

လေဆင်နှာမောင်းကြောင့် ဒဏ်ရာရသူတချို့ရှိပြီး နာဂစ်ဒဏ်ကြောင့် ပြန်ဆောက်ထားတဲ့ လူနေအိမ် ၂၀ လောက်လည်း ပျက်စီးသွားတယ်လို့ ဘိုကလေးမြို့ခံတဦးက ပြောပါတယ်။

"ရမ်းပြဲကြီးတဘက်ကမ်း လေးခွရွာဘက်မှာ တိုက်သွားတာ။ အသက် ၂၂ နှစ်အရွယ် မသီတာဆုံးတယ်တဲ့၊ အဲဒီက ဆောက်ပြီးစအိမ်အသစ်တွေလည်း ခေါင်မိုးလန်တယ်။ ကြိမ်ချောင်းကြီးဘက် ဟိုတခါ လေဆင်နှာမောင်းတိုက်သွားတဲ့ကြိမ်ချောင်းကြီးဘက်ပဲ။"

လေးခွကျေးရွာက ဘိုကလေးနဲ့ အလှမ်းဝေးတာကြောင့် ဒဏ်ရာရသူ အတိအကျကို မသိရသေးဘူးလို့ သူကပြောပါတယ်။ မယကဥက္ကဋ္ဌနဲ့ အဖွဲ့က လေဆင်နှာမောင်းတိုက်သွားတဲ့ လေးခွကျေးရွာကို သွားရောက်ကြည့်ရှုနေကြတယ်လို့လည်း ဘိုကလေးမြို့ခံက ပြောပါတယ်၊ အိမ်ခြေ ၄၀၀ ခန့်ရှိတဲ့ လေးခွကျေးရွာဟာ မနှစ်မေလက တိုက်ခတ်သွားတဲ့ နာဂစ်မုန်တိုင်းဒဏ်ကို အပြင်းအထန်ခံလိုက်ရတဲ့ ဒေသတခုဖြစ်တယ်လို့ သိရပါတယ်။

**တဖက်မှ**

ပြောရမတုန်း၊ ကျေကလည်းမကျေနပ် လန့်ကလည်းလန့် အဲလိုစိတ်ခံစားမှုအကုန်လုံးဖြစ်နေကြတယ်ခင်ဗျ။"

ဒီရွာ ၄ ရွာက နတ်မောက်မြို့ရဲ့ဘယ်ဘက်မှာရှိလဲ၊ ဘယ်လောက်ဝေးတုန်း နတ်မောက်နဲ့။

"နတ်မောက်မြို့ရဲ့မြောက်ဘက်မှာရှိတယ်။ နတ်မောက်မြို့နဲ့ဆိုရင် မိုင် ၂၀ ဝန်းကျင်ဘဲရှိပါတယ်ခင်ဗျ။"

အခုနတ်မောက်မြို့နယ်ကနေပြီးတော့ နေပြည်တော်အထိဖောက်မယ်ဆိုတာ ဖြစ်နိုင်ပါ့မလား၊ နောက်တခုက နတ်မောက်နဲ့နေပြည်တော် မိုင်အားဖြင့်ဘယ်လောက်လောက်ဝေးသလဲ။

"မိုင်အားဖြင့်တော့ ၁၅၀ ဝန်းကျင်လောက်ရှိတာပေါ့။ ဒါပေမယ့် အခုဖောက်နေတာက အကြီးကြီးဖောက်နေတာခင်ဗျ။ စစ်တပ်ကလူတွေပြောပုံအရ နေပြည်တော်အထိဖောက်မယ်လို့လည်းပြောတယ်။ အဲဒီတော့ နေပြည်တော်အထိဖောက်မယ်လို့ဘဲ ကျနော်တို့ကယူဆကြတာပေါ့လေ။"

ကျေးဇူးအများကြီးတင်ပါတယ်ခင်ဗျ။

# ကိုးကန့်ဒေသကို နအဖချုပ်ကိုင်ဟုဆို

**VOA၊ စက်တင်ဘာ ၉။** ။ မြန်မာနိုင်ငံရဲ့ အရှေ့မြောက်နယ်စပ်က ကိုးကန့်ဒေသဟာ ၂၀၁၀ ခုနှစ်ရွေးကောက်ပွဲပြီးရင်တော့ ဖွဲ့စည်းပုံအတိုင်းဆိုရင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတဲ့ ဒေသဖြစ်လာပါလိမ့်မယ်လို့ မြန်မာ ဒုတိယပြည်ထဲရေး ဝန်ကြီး ဗိုလ်ချုပ်ဖုန်းဆွေက ပြောလိုက်ပါတယ်။

မနေ့က ရန်ကုန်အခြေဆိုက် နိုင်ငံခြားသတင်းထောက်တွေနဲ့ သံတမန်တွေကို ကိုးကန့်ဒေသ လောက်ကိုင်မြို့ကို ခေါ်ယူပြီး မြန်မာစစ်အုပ်စုအာဏာပိုင်တွေက သတင်းစာရှင်းလင်းပွဲတရပ် ပြုလုပ်ရာမှာ သူက ပြောသွားတာဖြစ်တယ်။ ကိုးကန့်ဒေသခေါင်းဆောင် ဖုန်ကြားရှင်ရဲ့ တပ်တွေနဲ့ နအဖစစ်အုပ်စုတပ်တွေ တိုက်ပွဲဖြစ်ပွားပြီးနောက် ဩဂုတ်လ ၂၉ ရက်နေ့ညနေပိုင်းမှာ ကိုးကန့်ဒေသတခုလုံးကို နအဖစစ်တပ်က လုံးဝထိန်းချုပ်ထားနိုင်ခဲ့တယ်လို့ ဖုန်းဆွေးက ရှင်းလင်းပြောဆိုခဲ့တာဖြစ်ပါတယ်။

စက်တင်ဘာလ ၁ ရက်နေ့မှာတော့ ဝန်ကြီးချုပ်ဆိုသူ ဗိုလ်ချုပ်သိန်းစိန်ဦးဆောင်ပြီး ကိုးကန့်ဒေသ ဖွံ့ဖြိုးရေးဦးစီးကော်မတီတရပ်ကို ဖွဲ့စည်းခဲ့တယ်လို့ ဆိုပါတယ်။ ဒီအလုပ်အဖွဲ့ကို ပြည်ထဲရေး ဒုဝန်ကြီးဆိုသူက ဦးဆောင်သွားမယ်လို့ဆိုပါတယ်။ ဒီအဖွဲ့ဟာ အထွေထွေရွေးကောက်ပွဲအပြီး ကိုးကန့်ဒေသ အုပ်ချုပ်ရေးနဲ့တရားရေးဌာနတွေ မပေါ်ထွက်လာခင်အထိ ကိုးကန့်ဒေသကို တာဝန်ယူအုပ်ချုပ်သွားမယ်လို့ စင်ဟွာသတင်းမှာ ရေးသားထားပါတယ်။

ကိုးကန့်ခေါင်းဆောင် ဖုန်ကြားရှင်က နအဖစစ်အုပ်စုနဲ့ ပူးပေါင်းလိုက်တဲ့ ပိုင်စိုးချိန်အုပ်စုကတော့ သူ့အနေနဲ့လာမယ့် ၂၀၁၀ ရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ပြီးတော့ ကိုးကန့်တပ်တွေကိုလည်း နအဖစစ်အုပ်စုအကျပ်ကိုင်ထားတဲ့အတိုင်း နယ်စပ်လုံခြုံရေး တပ်အဖြစ် အသွင်ပြောင်းဖို့ လက်ခံထားတယ်လို့ ပိုင်စိုးချိန်ကိုယ်တိုင်က သတင်းထောက်တွေကို ပြောဆိုခဲ့ကြောင်း သတင်းတွေမှာဖော်ပြထားပါတယ်။

# မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လပွတ္တာနှင့် ဘိုကလေးမှာ ရေကြီး

**DVB ၊ စက်တင်ဘာ ၈ ။** ။ ရောဝတီတိုင်း လပွတ္တာမြို့ပေါ်နဲ့ အနီးနားက ကျေးရွာတွေမှာ လယ်တွေမြုပ်ကုန်တဲ့အထိ တာတွေရေလျှံတက်ပြီး ရေကြီးနေတာကြောင့် အရေးပေါ် အကူညီလိုအပ်နေတယ်လို့ သိရပါတယ်။

တပတ်လုံး မိုးဆက်တိုက်ရွာခဲ့တာကြောင့် လပွတ္တာမြို့အနီးက လယ်မြေအတွက်သုံးတဲ့ တာကြီးနှစ်ခုရေလျှံပြီး အနီးပတ်ဝန်းကျင်က ရွာ ၇ ရွာ အပါအဝင် လယ်ကေတသောင်းကျော် ရေမြုပ်နေပါတယ်။ အထူးသဖြင့် လပွတ္တာနဲ့ လှေလမ်းခရီး တနာရီကျော်သွားရတဲ့ ရွာတွေက ရွာသားတွေဟာ အမြင့်ပိုင်းတွေမှာ ယာယီ နေထိုင်ကြရတယ်လို့ မြို့ခံတဦးက ပြောပါတယ်။

“အိမ်တွေမြုပ်တယ်ဆိုတာက တာကြီးတွေရှိတဲ့ ကပ္ပလာ၊ ကြာနီကန်၊ နေဦး၊ သဲပြည်၊ လက်ပွတ်သလွတ်တောင်၊ လက်ပွတ်သလွတ်မြောက်၊ သရက်ကုန်းဘက်တွေမှာ အိမ်တွေမြုပ်တယ်။ ကေတသောင်းကျော်ကို တာပိုင်းထားပြီး တာတွင်းထဲမှာတချို့က အိမ်နေရာရှိနေတော့ ပိုင်းထဲမှာ ရေတွေပြန်မကျတော့ စပါးပင်လည်းမြုပ်၊ အိမ်တွေပါမြုပ်တော့ နေရာတွေပြောင်းရွှေ့ရတာပေ့ါ။”

သက်ဆိုင်ရာက ကျေးရွာတွေက ရေဘေးဒုက္ခသည်တွေကို အကူအညီး မပေးသေးပဲ ဒီတိုင်းဆက်ပြီး ရေမြုပ်နေရင် စိုက်ပြီးသားစပါးတွေပျက်စီးသွားနိုင်တယ်လို့ သူက ဆက်ပြောပါတယ်။

“အမြဲနေတဲ့ ကျောက်ခင်းအိမ်တွေကို မြုပ်သွားပြီဆိုတဲ့ နောက်တော့ သူတို့ရင်စူးလောက်ရှိတဲ့ နေရာလောက်ရှိမယ်။ အနိမ့်ပိုင်းတွေမှာဆိုကတောင် မကဘူးပေ့ါ တချို့နေရာမှာ နောက်ထပ် ၂ ရက်၊ ၃ ရက်လောက်ထပ်ပြီး မြုပ်နေအုံးမယ် မပေါ်နိုင်ဘူးဆိုရင် အခုစိုက်ပြီးသား စပါးပင်အားလုံးက သေကုန်မှာပဲ။ စပါးပင်ရေနစ်သတ်သလိုဖြစ်သွားပြီ၊ အခုပဲမြုပ်နေတာ ၄–၅ ရက်လောက်ရှိပြီ။”

လပွတ္တာမြို့ပေါ်က အနိမ့်ပိုင်းဒေသတွေမှာလည်း ရေမြုပ်ကုန်တဲ့အတွက် ဒေသခံတွေ နီးစပ်ရာဘုန်းကြီးကျောင်းတွေနဲ့ ဆွေမျိုးတွေရဲ့အိမ်တွေမှာ ခိုလှုံနေကြပါတယ်။ သက်ဆိုင်ရာအဖွဲ့အစည်းတချို့နဲ့ စေတနာအလှူရှင်တချို့က မနေ့ကစပြီး မြို့ပေါ်ရေဘေးဒုက္ခသည်တွေအတွက် ရပ်ကွက်တွေမှာ ထမင်းထုပ်ကောက်ပြီး ဝေပေးကြတယ်လို့ နောက်ထပ် လပွတ္တာ မြို့ခံတဦးက ပြောပါ တယ်။

“ရေတွေ တက်လာတော့ တချို့အိမ်တွေ အောက်ခြေထိ မြုပ်ကုန်တော့ နဂိုကတည်းက ရေကိုကြောက်လန့်နေရတဲ့ ဒေသတွေဆိုတော့ ကြောက်လန့်ပြီး နီးစပ်ရာ ဘုန်းကြီးကျောင်းတို့ နီးစပ်ရာအိမ်တွေသွားနေကြတယ်။ ရပ်ကွက်အလိုက် ထမင်းထုတ်တွေတောင်းပြီး ဝေငှပေးတယ်။”

အဓိကအားဖြင့် လပွတ္တာမြို့ ၃ ရပ်ကွက်၊ ၇ ရပ်ကွက်၊ ၉ ရပ်ကွက်နဲ့ ၁၀ ရပ်ကွက်တွေမှာ ရေကြီးနေပြီး ရေဘေးဒုက္ခသည်တထောင်ခန့်ရှိမယ်လို့ သူက ခန့်မှန်းပြောဆိုပါတယ်၊ ရေဘေးဒုက္ခသည်တွေကို စေတနာရှင် ပြည်သူအချင်းချင်း ကူညီပေးနေပေမယ့် အာဏာပိုင်တွေရဲ့ထိရောက်တဲ့ အကူအညီပေးတာမျိုးတွေ မရှိသေးဘူးလို့ မြို့ခံတွေက ပြောကြပါတယ်။ လပွတ္တာမြို့နယ်နဲ့ကပ်လျက် ဘိုကလေးမြို့နယ်မှာ ဆယ်ရက်ခန့် မိုးဆက်တိုက်ရွာနေတာကြောင့် စိုက်နေဆဲစပါးပင် တချို့ ရေမျောသလို၊ တချို့လည်း ရေများတဲ့အတွက် ပုပ်ကုန်ပြီး ဒီနေ့အထိ မိုးမစဲသေးဘူးလို့ ဘိုကလေးမြို့ခံတဦးက ပြောပါတယ်။ လပွတ္တာနဲ့ ဘိုကလေးမြို့နယ်ဟာ ပြီးခဲ့တဲ့နှစ်မေလက တိုက်ခိုက်ခဲ့တဲ့ နာဂစ်မုန်တိုင်းဒဏ်ကို ဆိုးဆိုးဝါးဝါးခံခဲ့ရတဲ့ မြို့နယ်တွေဖြစ်ပြီး ဆုံးရှုံးမှုတွေကြီးမားခဲ့ပါတယ်။

---

**စာမျက်နှာ ၈ မှ**

လည်တည်ဆောက်ဖို့အတွက် တိုက်ပွဲကို ရပ်တန့်ဖို့ နအဖဗိုလ်ချုပ်တွေကို တရုတ်အစိုးရက သတိပေးထားပါတယ်။

ထွက်ပြေးလာတဲ့ စစ်ပြေးဒုက္ခသည်တွေကိုလည်း နေရပ်ပြန်ကြဖို့ တရုတ်အစိုးရက လိုလားနေပါတယ်။ အခုအချိန်ထိတော့ အဲဒီဒုက္ခသည်တွေကို တရုတ်အာဏာပိုင်များက အစစအရာရာထိန်းသိမ်းစောင့်ရှောက်ထားတာပါ။

တကယ်တော့ နအဖစစ်ဗိုလ်တွေဟာ တရုတ်အစိုးရကို စိတ်အလိုမကျဖြစ်မှုတွေဟာ တဖြည်းဖြည်းတိုးလာပါတယ်။ နအဖဗိုလ်ချုပ်တွေ ကြိုးပမ်းနေတဲ့ အပစ်ရပ်တွေ လက်နက်ချရေးကိစ္စမှာ တရုတ်အစိုးရနဲ့ရင်းနှီးလှတဲ့ ကိုးကန့် ဝနဲ့ ကချင်လူမျိုးစုတွေကို တရုတ်အစိုးရအနေနဲ့ လိုလိုလားလား ကူညီအားပေးမှုမရှိလို့ နအဖဗိုလ်ချုပ်တွေ မကျေမနပ်ဖြစ်နေတာပါ။

တိုက်ဆိုင်မှုလို့ဆိုရမလား၊ အမေရိကန်ဆီးနိတ်လွှတ်တော်အမတ်ဖြစ်တဲ့ Jim Webb ကို နေပြည်တော်ဗိုလ်ချုပ်ကြီးကိုယ်တိုင် လိုလိုလားလားလက်ခံတွေ့ဆုံလိုက်တာဟာ ဗိုလ်ချုပ်ကြီး စိတ်ပြောင်းသွားပြီးလားလို့ ဝေဖန်သုံးသပ်သူတွေက ထင်ကြပါတယ်။ နောက်တခုက ထိုင်ဝမ်နိုင်ငံကို ရောက်ရှိနေတဲ့ ဘုန်းတော်ကြီး ဒလိုင်လားမားအကြောင်း နအဖပိုင်သတင်းစာမှာ ရေးသားဖော်ပြလိုက်ပါတယ်။ ဒါဟာ အနှစ် ၂၀ အတွင်း ဘုန်းတော်ကြီး ဒလိုင်လားမားအကြောင်း သတင်းစာမှာဖော်ပြတာဟာ ပထမဆုံးအကြိမ်ဖြစ်ပါတယ်။ ဒီကိစ္စတွေဟာ တရုတ်အစိုးရကို ဒေါသထွက်စေတာအမှန်ပါ။

လက်ရှိအနေအထားအတိုင်းဆိုရင် တရုတ် မြန်မာတလျှောက်မှာ အခြေအနေတွေဟာ တင်းမာနေပြီး အချိန်မရွေး ပြည်တွင်းစစ်ကြီးအသွင်ကူးပြောင်းသွားနိုင်ပါတယ်လို့ အနောက်တိုင်းသံတမန်တွေက သုံးသပ်ပြောဆိုနေပါတယ်။ လုံခြုံရေးကောင်စီမှာ ဗီတိုအာဏာသုံး အကာအကွယ်ပေးနေခဲ့တဲ့ နေပြည်တော်ဗိုလ်ချုပ်ကြီးကို တရုတ်အစိုးရအနေနဲ့စိတ်ဆိုးဒေါသထွက်ပြီး နအဖဗိုလ်ချုပ်တွေကို ဘယ်လိုနားချနိုင်မလဲ သို့မဟုတ် နအဖအပေါ် အရှိန်သြဇာလျော့သွားပြီလား သို့မဟုတ် ကိုးကန့်နဲ့ဝ တွေကို နအဖဗိုလ်ချုပ်တွေနဲ့ လိုက်လျောညီထွေနေကြဖို့ ဖြောင်းဖြပြောဆိုမှာလားဆိုတာ မကြာမီ တွေ့မြင်ကြရတော့မှာဖြစ်ကြောင်း။

---

## ဒေါ်စုနဲ့တွေ့ခွင့်ရရေး ရှေ့နေများလျှောက်ထား

**RFA ၊ စက်တင်ဘာ ၈ ။** ။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အယူခံမှု အပြီးသတ်ကြားနာမယ့်ရက်မတိုင်ခင်မှာ ညှိနှိုင်းဆောင်ရွက်နိုင်ရေးအတွက် ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ဆုံခွင့်ပြုဘို့ အထူးရဲတပ်ဖွဲ့ကို ဒီကနေ့ စက်တင်ဘာ ၈ ရက်မှာ လျှောက်ထားခဲ့ကြောင်း ရှေ့နေကြီးဦးညဏ်ဝင်းက RFA ကိုပြောပါတယ်။

“ကျနော်တို့က ဒေါ်အောင်ဆန်းစုကြည်ရော၊ ဒေါ်ခင်ခင်ဝင်းရော၊ ဒေါ်ဝင်းမမရော ဒီအပတ်ထဲမှာတွေ့ဘို့ ခွင့်ပြုချက်တောင်းတယ်။ ဒီနေ့မှာလျှောက်ဖြစ်တယ်။ ကျနော်တို့သတင်းတပ်ဖွဲ့ကိုSB ကို တင်ထားတာဘဲ။ ဒါပထမဆုံးတင်တာပါ။ ကျနော်တို့အယူခံမှုကို လက်ခံပြီးတော့ ၁၈ ရက်နေ့မှာ အပြီးသတ်ကြားနာမယ်၊ အပြီးသတ်ကြားနာမှုအတွက် လိုအပ်တဲ့ညွှန်ကြားမှု၊ ညှိနှိုင်းမှုလုပ်ဘို့ပါ။”

ဒေါ်အောင်ဆန်းစုကြည်နဲ့ ဘယ်တော့တွေ့ခွင့်ရမယ်ဆိုတာ အတိအကျမသိနိုင်သေးဘူးလို့ ဦးညဏ်ဝင်းကပြောပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့အယူခံမှုကို အပြီးသတ်ကြားနာဘို့ လာမယ့် စက်တင်ဘာ ၁၈ ရက်နေ့မှာ ရုံးချိန်းပေးထားပြီး ဖြစ်ပါတယ်။ အဲဒီရုံးချိန်းမှာ ဥပဒေကြောင်းအရ ဒေါ်အောင်ဆန်းစုကြည်ကွင်းလုံးကျွတ် ပြန်လွှတ်မယ်လို့မျှော်လင့်ကြောင်း၊ ရှေ့နေကြီးဦးညဏ်ဝင်းက ပြောပါတယ်။

“နိုင်ငံတော်ကာကွယ်ရေးဥပဒေအရ ချမှတ်ထားတဲ့စည်းမျဉ်း စည်းကမ်းတွေဟာ ဥပဒေနဲ့မညီဘူး။ ဥပဒေနဲ့မညီတဲ့စည်းကမ်းချက်အပေါ်မှာ ဒေါ်အောင်ဆန်းစုကြည်ဖောက်ဖျက်တယ်လို့ စွဲတဲ့အတွက် ဒါ မှားတယ်။ နောက်တခုက ၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေမှာပါတဲ့ ပုဒ်မတွေကို ရည်ညွှန်းပြီးတော့ ပုဒ်မတွေကိုယူပြီးတော့ ကန့်သတ်ထားတဲ့ ကန့်သတ်မိန့်တွေဟာလည်း တရားမဝင်ဘူး။ ဘာဖြစ်လို့လည်းဆိုတော့ ၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ အသုံးပြု၍မရဘူး။ ဒါ အဓိက။ ကျန်တဲ့အချက်တွေလည်း ပါတာပေ့ါဗျာ။”

ပြီးခဲ့တဲ့လတွေအတွင်း ဒေါ်အောင်ဆန်းစုကြည်ကို အင်းစိန်ထောင်တွင်းချုပ်နှောင်စစ်ဆေးခဲ့တဲ့ တရားခွင်တွေဟာ ဥပဒေကြောင်းအရ တရားမျှတမှုမရှိတဲ့အပြင် နိုင်ငံသားတဦးအနေနဲ့ ဥပဒေရဲ့အကာအကွယ်ကို အပြည့်အဝမရရှိဘူးဆိုတာ ထင်ရှားကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်ရဲ့ရှေ့နေ ဦးညဏ်ဝင်းက RFA ကိုပြောဆိုပါတယ်။

# လူထုလှုပ်ရှားမှုနှင့် ဒီမိုကရေစီပြောင်းလဲခြင်းဖြစ်စဉ်

## အပိုင်း–၄

ခင်မမမျိုး

**ယခင်တပတ်မှအဆက်**

ငွေကြေးမမက်မောပါဘူး၊ အာဏာမမက်မောပါဘူး၊ နေရာမလိုချင်ပါဘူးလို့ ဘယ်လောက်ဘဲပြောနေပါစေ လက်ထဲဒါတွေရောက်လာတဲ့အခါ လုပ်ပိုင်ခွင့်တွေရောက်လာတဲ့အခါကျမှ ပြောခဲ့တဲ့စကားတွေကို မေ့သွားတတ်သူတွေ တမ္ဘာလုံးမှာ ဒုနဲ့ဒေးဘဲဖြစ်ပါတယ်။

လူ့သဘာဝဆိုတာကလည်း အစွဲအလန်းကကြီးတတ်ပါတယ်။ တခြား ဥစ္စာ၊ အာဏာမဆိုထားနဲ့ နေထိုင်ရာအိမ်လေးက ထိုင်နေကျကုလားထိုင်လေးကို သူတပါးဝင်ထိုင်နေရင်တောင် ရက်ကြာလာတဲ့အခါ စိတ်ထဲစနိုးစနောင့်ကတော့ ဖြစ်တတ်ကြစမြဲ။ ဘာမဟုတ်တဲ့အလုပ်လေးတောင်မှ နာမည်လေးနဲ့ရာထူးလေးရဲ့အပေါ်မှာ ကိုယ့်လက်မှတ်လေးထိုးလိုက်ရတာကို အရာသာတွေ့တတ်ကြစမြဲ။ အလုပ်ကထွက်လိုက်ရရင် ဒါမှမဟုတ် ပင်စင်ယူလိုက်ရတယ်ဆိုရင်တောင် တခါတရံမှာတော့ ပြန်တွေးရင်း တသသဖြစ်တတ်ကြစမြဲ။

ဒီလိုသဘောသဘာဝရှိနေတဲ့ လူ့လောကမှာ ရာထူး၊ အာဏာ၊ လုပ်ပိုင်ခွင့်တွေကို တမ်းတမက်မောတတ်ကြတာ၊ ကုလားထိုင်တွေကို ထိုင်ပြီးရင် နေရာဖယ်မပေးချင်တာ အဆန်းတော့မဟုတ်ပါ။ ဒီအစွဲတွေဟာ ရှေရှည်ကြာရင် အာဏာရှင်အသွင်ဆောင်သွားတာကြောင့် ဒီမိုကရေစီစနစ်နဲ့ ပြန်ထိန်းချုပ်ပေးကြရတာပါ။

ဒါကြောင့် ဒီအဆင့်အောင်မြင်ဘို့မှာ စာနယ်ဇင်းမီဒီယာတွေ၊ ဒီမိုကရေစီစနစ်ကို ယောင်ပြအပေါ်ယံ ယုံကြည်ချက်မဟုတ်ဘဲ အမှန်တကယ်ယုံကြည်သူတွေရဲ့ အခန်းကဏ္ဍဟာ အလွန်အရေးကြီးပါတယ်။ စစ်ဘက် အရပ်ဘက် ဆက်ဆံတွေ၊ ဒီမိုကရေစီစနစ်အပေါ် အခြေတည်တန်ဘိုးထားတဲ့ နိုင်ငံတော်ကာကွယ်ရေး၊ နိုင်ငံတော်လုံခြုံရေး၊ နိုင်ငံခြားဆက်ဆံရေးမူဝါဒတွေ၊ နိုင်ငံသုံးစရိတ်ခွဲဝေမှုတွေ၊ ဒီမိုကရက်တစ် functioining နဲ့ ကိုက်ညီမယ့်ကျင့်ထုံးတွေ၊ good governance ကျင့်ထုံးတွေ ပေါ်ထွက်လာဘို့ တည်ဆောက်ယူရပါတယ်။

အတတ်ပညာရှင်တွေနဲ့ အသိပညာရှင်တွေ အချိုးညီညီပေါ်ထွက်လာဘို့ လိုအပ်လှပါတယ်။ civil society အားကောင်းလာဘို့ လိုပါတယ်။ ဒီမိုကရေစီစနစ်နဲ့ကိုက်ညီမယ့် နိုင်ငံရေးယဉ်ကျေးမှုနဲ့ အတွေးအခေါ်တွေ ထွန်းကားလာအောင် ပြုပြင်တည်ဆောက်ရပါမယ်။ တချို့နိုင်ငံတွေမှာ democratic consolidation အဆင့်ရောက်ပြီးမှ အာဏာရှင်စနစ်ကို ပြန်ရောက်သွားတတ်ပါတယ်။

ဒီလို democratization's derailment ဖြစ်ရတဲ့ အကြောင်းရင်းတွေကို ပညာရှင်များက လေ့လာဖော်ထုတ်ကြရာမှာ အချက်ကြီး ၅ ချက်ကို တွေ့ရှိကြရပါတယ်။ ပထမအချက်က နိုင်ငံတော်ရဲ့ကာကွယ်ရေးအင်အားစုဖြစ်တဲ့ တပ်မတော်က နိုင်ငံရေးမှာ ဝင်ရောက်စွက်ဖက်မှုဖြစ်ပါတယ်။ ဒီလိုစွက်ဖက်နိုင်မှုတွေ ဖြစ်ပွားရတာကတော့ နိုင်ငံတော်အရေးပေါ်အခြေအနေတွေမှာ power of the command of the army ဟာ အရပ်သားနိုင်ငံတော်အကြီးအကဲလက်ထဲမှာ မရှိလို့ဘဲဖြစ်ပါတယ်။

ဒီအခြေအနေမျိုးမှာ တိုင်းပြည်ဟာ စစ်အာဏာရှင်လက်အောက်ကို ပြန်လည်ကျရောက်သွားတတ်ပါတယ်။ နောက်တချက်ကတော့ ပြည်ပနိုင်ငံများရဲ့စွက်ဖက်မှုဖြစ်ပါတယ်။ ဒီမိုကရေစီပြောင်းလဲမှုဖြစ်စဉ်မှာ ပေါ်ပေါက်လာတဲ့အစိုးရဟာ ပြည်ပနိုင်ငံတခုခုရဲ့ ဩဇာခံအစိုးရဖြစ်လို့မရပါဘူး။ ပြည်သူလူထုအကျိုးကိုဘဲ ပထမဦးစားပေးကြည့်ရှုတဲ့ အစိုးရဖြစ်ရပါမယ်။ ဒီလိုမဟုတ်ဘဲ လက်ဝဲ၊ လက်ယာ အင်အားကြီးနိုင်ငံတွေရဲ့ ရုပ်သေးအစိုးရတွေဖြစ်လာတဲ့အခါမှာ မူဝါဒရေးရာတွေမှာ conflict of interests ဖြစ်တာတွေ၊ အင်အားကြီးနိုင်ငံတွေရဲ့ မူဝါဒရေးရာ၊ ဒေသတွင်းရေးရာ အားပြိုင်မှုတွေကနေပေါ်လာတဲ့ proxy political conflicts တွေဖြစ်ပြီး ဒီမိုကရေစီပြောင်းလဲမှုဖြစ်စဉ်ဟာ နှောင့်နှေးသွားတာတွေ ဖြစ်တတ်ပါတယ်။

နောက်တချက်ကတော့ ပြည်တွင်းစစ်ဖြစ်ပါတယ်။ ပြောင်းလဲမှုကာလမှာ ခေါင်းဆောင်တွေရဲ့အမြော်အမြင်နဲ့ ဆုံးဖြတ်သုံးသပ်မှုတွေဟာ အလွန်အရေးကြီးပါတယ်။ လူမျိုးရေး၊ ဘာသာရေး၊ ကွဲပြားမှုများတဲ့တိုင်းပြည်တွေမှာ နိုင်ငံတည်ထောင်မှုသဏ္ဍာန်နဲ့ စနစ်မှန်ကန်ဘို့လိုပါတယ်။ state formation conflicts တွေရှိတဲ့အခါမှာ စနစ်တကျမဖြေရှင်းနိုင်ရင် ရေရှည်ပြည်တွင်းစစ်ဖြစ်လာပါတယ်။

ပြည်တွင်းစစ်ပွဲတွေများလာတာနဲ့အမျှ တပ်မတော်အခန်းကဏ္ဍကလည်း တိုးမြင့်လာပါတယ်။ ကြာလာတော့ ပြည်တွင်းစစ်နဲ့အတူ တပ်မတော်ကအင်အားကြီးလာပါတယ်။ ဒီလိုဖြစ်လာတဲ့အခါမှာ ဒီမိုကရေစီပြောင်းလဲမှုဖြစ်စဉ်ကို နောက်ပြန်ဆွဲသလိုဖြစ်ပါတော့တယ်။ စစ်အသုံးစရိတ်ကကြီးမြင့်လာတော့ စီးပွားရေးတိုးတက်မှုက နှောင့်နှေးလာပြန်ပါတယ်။ စီးပွားရေးတိုးတက်မှုနှောင့်နှေးတော့ နိုင်ငံရေးမတည်ငြိမ်မှုတွေက ဖြစ်လာပါလေရော။ ဒီလိုနဲ့ဘဲ အာဏာရှင်နိုင်ငံဖြစ်လိုက် ဒီမိုကရေစီနိုင်ငံဖြစ်လိုက်နဲ့ သံသရာလည်နေကြတဲ့နိုင်ငံတွေ ကမ္ဘာမှာအများကြီးပါဘဲ။

နောက်တချက်က တရားဥပဒေစိုးမိုးရေးဖြစ်ပါတယ်။ အပြောလွယ်သလောက် လက်တွေ့မှာအလွန်ခဲယဉ်းတဲ့ ကိစ္စရပ်တခုပါ။ အာဖရိကနိုင်ငံတွေရဲ့ ဒီမိုကရေစီပြောင်းလဲမှုဖြစ်စဉ် တုံ့နှေးနေရခြင်းအကြောင်းရင်းတွေမှာ ဒီအချက်ကအဓိကဖြစ်ပါတယ်။ အာဏာရှင်လက်အောက်မှာ နှစ်ပေါင်းများစွာ ကျရောက်ခဲ့တဲ့နိုင်ငံတွေမှာ organized crimes တွေကြီးစိုးပါတယ်။ အာဏာရှင်ဘက်တော်သားတွေရော၊ ဒီမိုကရေစီဘက်တော်သားတွေပါ လူကုန်ကူးမှုတွေ၊ စိန်နဲ့ကျောက်မျက်ရတနာ ခိုးထုတ်မှုတွေ၊ သစ်ခိုးထုတ်မှုတွေ အပါအဝင် တခါတရံမှာ ဘိန်းကုန်ကူးမှုတွေနဲ့ပါ ဆက်စပ်တတ်တာတွေရှိပါတယ်။

ဥပမာဆိုရင် အာဖရိကတိုက်မှာ အာဖရိကအနောက်ပိုင်းဒေသဟာ အရှေ့တောင်အာရှ ဘိန်းဖြူသယ်ယူရေးရဲ့ port of entry ဖြစ်ပြီး အာဖရိကတောင်ပိုင်းဒေသဟာ တကမ္ဘာလုံးက ခိုးယူထားတဲ့ယာဉ်နဲ့ ယာဉ်အပိုပစ္စည်းတွေရဲ့ ကုန်သွယ်မှုဗဟိုဖြစ်ပါတယ်။ ဒီလို ဥပဒေပြင်ပစီးပွားရေးတွေဟာ ဒီမိုကရေစီစနစ်နဲ့ good governance practices တွေကို လာဘ်ပေးလာဘ်ယူမှုတွေ၊ အကြမ်းဖက်မှုတွေ၊ money laundering activities တွေနဲ့ undermine လုပ်လေ့ရှိပါတယ်။

တခါတရံမှာဆိုရင် အမတ်လောင်းတွေကို နောက်ကွယ်က ကျားကန်ပေးပြီး မူဝါဒရေးရာမှာ ကြိုးဆွဲမှုတွေရှိလာတတ်ပါတယ်။ ဒါကြောင့် ဥပဒေပြင်ပလုပ်ငန်းတွေကို နှိမ်နင်းတဲ့အခါမှာ တရားဥပဒေစိုးမိုးရေးပြဿနာကနေ နိုင်ငံရေး၊ လူမျိုးရေးပြဿနာမတက်အောင် စနစ်တကျကိုင်တွယ်ဖြေရှင်းတတ်မှုတွေ လိုအပ်ပါတယ်။ ဒီလိုမဟုတ်ရင် နိုင်ငံက စစ်ဘုရင်နိုင်ငံ warlords state ဖြစ်သွားတတ်ပါတယ်။ ဒီအချက်ဟာ အလွန်ဘဲအရေးကြီးလှပါတယ်။ democratic consolidation ကို ခြိမ်းခြောက်မှုပေးနိုင်တဲ့ အန္တရယ်ဘဲဖြစ်ပါတယ်။

နောက်တချက်ကတော့ ပုဂ္ဂိုလ်ရေးကိုးကွယ်မှုဖြစ်တယ်။ လူအချင်းချင်းလေးစားမှုနဲ့ လူအချင်းချင်းကိုးကွယ်မှု အသွင်သဏ္ဍာန်မတူဘူး။ လေးစားမှုက ဒီမိုကရေစီသဘောတရားအပေါ်အခြေခံပြီး ကိုးကွယ်မှုက အာဏာရှင်သဏ္ဍာန်ဆန်တယ်။ လူတယောက်ကိုလေးစားသူက ဆက်ဆံရေးမှာလည်း လေးစားစွာဆက်ဆံတယ်။ ပြုမူဆောင်ရွက်မှုတွေမှာလည်း ကိုယ့်အမြင်ကို ပြတ်ပြတ်သားသားတင်ပြတယ်။

ဝေဖန်စရာရှိရင် ဝေဖန်ရေးလုပ်တယ်။ သူတပါးဝေဖန်သံကြားရင်လည်း အပြုသဘောလား အပျက်သဘောလား ချွဲခြမ်းဆုံးဖြတ်တယ်။ ကိုးကွယ်သူကျတော့ အဲဒီလိုမဟုတ်ဘူး။ ဘာလုပ်လုပ်ထောက်ခံတယ်။ စိတ်ထဲမှာမမှန်ဘူးထင်ရင်တောင် သူလုပ်တာဆိုရင် မမှားလောက်ပါဘူး၊ ငါဘဲမှားတာပါလို့တွက်ပြန်တယ်။ ကိုယ်ကမဝေဖန်သလို သူတပါးကဝေဖန်ရင်လည်း မကြိုက်ဘူး။

**ရှေ့တပတ်ဆက်လက်ဖော်ပြပါမည်**

# အမေရိကန်နိုင်ငံသား မြန်မာလူမျိုးတဦးကို နအဖစစ်အုပ်စုက ဖမ်းဆီး

**DVB ၊ စက်တင်ဘာ ၆ ။** ။ နအဖစစ်အုပ်စုက ဗီဇာထုတ်ပေးလို့ မြန်မာနိုင်ငံကိုသွားတဲ့ မြန်မာပြည်ဖွား အမေရိကန်နိုင်ငံသားကိုညီညီအောင်ကို ဒီလ ၃ ရက်နေ့က ရန်ကုန် မင်္ဂလာဒုံလေဆိပ်မှာ ဖမ်းဆီးလိုက်ပါတယ်။

ထိုင်းနိုင်ငံရှိ မြန်မာသံရုံးမှာ တရားဝင်ဗီဇာလျှောက်ပြီး မြန်မာနိုင်ငံကို ထိုင်းလေယာဉ် TG 305 ဖလိုက်နဲ့သွားရာ ရန်ကုန် မင်္ဂလာဒုံလေဆိပ်အရောက်မှာ ဖမ်းဆီးခံလိုက်ရတာဖြစ်ပြီး ဘာအမှုနဲ့ ဘယ်နေရာမှာ ထိန်းသိမ်းထားတယ်ဆိုတာ မသိရှိရသေးဘူးလို့ မိသားစုဝင်တဦးဖြစ်တဲ့ ကိုကိုအောင်က ပြောပါတယ်။ ကိုညီညီအောင်ဟာ ၁၉၈၈ ခု ရှစ်လေးလုံး အရေးတော်ပုံကစပြီး ယနေ့အချိန်အထိ နိုင်ငံရေးလှုပ်ရှားမှုတွေမှာ ပါဝင်သူတဦးဖြစ်သည့်အပြင် ကိုညီညီအောင်ရဲ့မိခင်၊ ညီ မဝင်းကြွ ၂ ယောက်၊ ယောက်ဖ ၂ ယောက်ဟာ ၂၀၀၇ သံဃာ့လှုပ်ရှားမှုမှာ အဖမ်းခံရတာကြောင့် သူတို့မိသားစုဟာ တဆွေလုံး၊ တမျိုးလုံး အဖမ်းခံရတယ်လို့ပြောရမှာပါ။ ဒီလို အဖမ်းခံရတာနဲ့ပတ်သက်ပြီး မိသားစုဝင်တဦးဖြစ်တဲ့ ကိုညီ ညီအောင်ရဲ့ အစ်ကို ကိုကိုအောင်က ပြောပါတယ်။

"သူမသွားခင် ကတည်းက ကျနော်တို့ အမေ၊ ညီမဝင်းကြွ၊ ယောက်ဖတွေ၊ လုပ်ဖော်ကိုင်ဖက်တွေ၊ ၈၈ ကျောင်းသားတွေ အဖမ်းခံထားရတာကို အကုန်လုံး ပြန်လည်လွတ်မြောက်စေချင်တယ်။ တိုင်းပြည်ကိုလည်း အပြောင်းအလဲဖြစ်စေချင်တယ်ဆိုတာ သိထားတယ်။ အဲ့ဒီအတွက် သူက အမြဲတမ်းကြိုးပမ်းနေတယ်။ တိုင်းပြည်ကို ငြိမ်းချမ်းစွာနဲ့ ဘယ်လိုဖြေ ရှင်းမလဲဆိုတာ သူအမြဲတမ်းကြိုးစားနေတယ်။ တိုင်းပြည်မှာဖြစ်နေတဲ့ အခက်အခဲတွေ ဝင်ရောက်ဖြေရှင်းချင်လို့သူသွားတယ်လို့ ကျနော်မြင်တယ်။"

သူတို့မိသားစုမှာ ကိုကိုအောင်တယောက်သာ အပြင်မှာ ရှိနေတာဖြစ်ပြီး ကျန်မိသားစုဝင်အားလုံး နိုင်ငံရေးကိစ္စအတွက် အဖမ်းခံထားရတယ်လို့လည်း ကိုကိုအောင်က ပြောပါတယ်။

"အမေကတော့ ဒေါ်စမ်းစမ်းတင်ပါ၊ ညီမကတော့ သက်သက်အောင်နဲ့ ခွဲနှင်းရီပါ။ ယောက်ဖတွေက ကျော်စွာနဲ့ ချစ်ကိုလင်းပါ။"

မိသားစုလိုက် အဖမ်းခံထားရတဲ့အခြေအနေနဲ့ ပတ်သက်ပြီးတော့လည်း စစ်အုပ်စုအနေနဲ့ ၈၈ ကျောင်းသားမှန်းသိလို့ မဝင်စေချင်ရင် ဗီဇာကို ထုတ်မပေးဘဲ ငြင်းလို့ရရဲ့သားနဲ့ ထောင်မဖမ်းသင့်ဘဲ ငြိမ်းချမ်းစွာဖြေရှင်းတဲ့နည်း၊ စားပွဲခုံမှာ ဆွေးနွေးတဲ့နည်းတွေနဲ့သာ ကျင့်သုံးသင့်တယ်လို့ ကိုကိုအောင်က ပြောပါတယ်။

"ဒီလို ကောက်ကျစ်တဲ့နည်းနဲ့ ဖမ်းဆီးတာမကောင်းပါဘူး။"

ညီညီအောင်ဟာ ၁၉၈၈ က ရန်ကုန်မှာ နိုင်ငံရေးလှုပ်ရှားမှုတွေ ပြုလုပ်ပြီး ဘုရားသုံးဆူမှာ ငါးနှစ်ခန့်နေထိုင်ကာ ထိုင်းနိုင်ငံကနေ အမေရိကန်နိုင်ငံမှာ ခိုလှုံခွင့်ရသွားတဲ့အတွက် အမေရိကန်နိုင်ငံမှာ ဖ နှစ်ခန့်နေထိုင်၊ နိုင်ငံသားဖြစ်ပြီးနောက် ထိုင်းနိုင်ငံမှာပြန်ပြီး နိုင်ငံရေးဆက်လုပ်နေတာလို့လည်း ကိုကိုအောင်က ပြောပါတယ်။ ဖမ်းဆီးခံရတာနဲ့ ပတ်သက်ပြီး ရန်ကုန်ရှိ အမေရိကန်သံရုံးကိုလည်း အကြောင်းကြားထားပြီးဖြစ်ကြောင်းနဲ့ သံရုံးကလည်း အကျိုးအကြောင်း စုံစမ်းလို့ရရင် အကြောင်းပြန်ပေးမယ်လို့ ပြောကြောင်း ကိုကိုအောင်က ပြောပါတယ်။

# ဝ ပြည်နယ် တရားစီရင်ရေး ကော်မတီမှ အထူးကြေညာချက် ထုတ်ပြန်

**DVB ၊ စက်တင်ဘာ ၇ ။** ။ ရှမ်းပြည်မြောက်ပိုင်း ဝ ပြည်သွေးစည်းညီညွတ်ရေးတပ်ဖွဲ့ UWSA ဌာနချုပ် ပန်ဆန်းဒေသမှာ ဝ ပြည်နယ်တရားစီရင်ရေးကော်မတီက ဒီလ ၅ ရက် နေ့စွဲဖြင့် ကြေညာချက်ထုတ်ပြန်လိုက်ပါတယ်။

အချက် ၅ ချက်ပါတဲ့ ကြေညာချက်မှာ ဝ နယ်အတွင်းမှာ တရားဝင်နေထိုင်ခွင့်ရှိသူတွေသာ လက်ခံမှာဖြစ်ပြီး၊ ကုန်သည်တွေ အပါအဝင် တရားဝင်နေထိုင်ခွင့်မရတဲ့သူတွေနဲ့ အလုပ်အကိုင်မရှိသူတွေ မိမိနေရပ်အသီးသီးကို ခတ္တပြန်သွားကြဖို့ တောင်းဆိုထားပါတယ်၊ ဒါပေမယ့် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးအစီအစဉ်နဲ့လာရောက် အလုပ်လုပ်ကိုင်နေကြတဲ့ ကုလသမဂ္ဂဝန်ထမ်းနဲ့နိုင်ငံတကာ အန်ဂျီအို အဖွဲ့အစည်း ၁၀ ခုခန့် ရှိနေတဲ့အတွက် သူတို့ရဲ့လုံခြုံရေးကို အာမခံတယ်လို့ အသိပေးကြေညာထားပါတယ်။

"ဝ နယ်အတွင်းရှိ နအဖစစ်အုပ်စုကိုယ်စားလှယ်များ၊ နယ်စပ်ဖွံ့ဖြိုးရေးရုံးစိုက်ပျိုးရေးရုံး ဆေးရုံ ကျောင်း နိုင်ငံတကာ ကုလသမဂ္ဂအဖွဲ့အစရှိသော အဖွဲ့များမှ ဝန်ထမ်းများအား ဝ နယ် အတွင်းတွင် အသက်အိုးအိမ်စည်းစိမ်ပစ္စည်းများ၏လုံခြုံရေးအတွက် အာမခံကြောင်းနှင့် မိမိတို့၏ဖွံ့ဖြိုးရေးလုပ်ငန်းများကို ငြိမ်းချမ်းစွာ လုပ်ကိုင်နိုင်ပါသည်။ ဝ နယ်အတွင်းရှိ နအဖစစ်အုပ်စုကိုယ်စားလှယ်များ ကမ္ဘာ့ကုလသမဂ္ဂနှင့် နိုင်ငံတကာအစိုးရ မဟုတ်သော အဖွဲ့အစည်းများမှ ဝန်ထမ်းများ၊ ပြည်သူပြည်သားများအနေဖြင့် လုံခြုံရေးအထူးဂရုစိုက်နေချိန်တွင် စည်းကမ်းရှိရှိတာဝန်သိသိဖြင့် ဒေသအတွင်း သွားလာနေထိုင်ကြပါရန် အထူးသတိပေးအပ်ပါသည်။"

ကြေညာချက် နောက်ဆုံးအချက်မှာ ဝ ဒေသ အေးချမ်းသာယာရေးနဲ့ လုံခြုံရေးကို ထိပါးနှောင့်ယှက်ဖျက်ဆီးသူ မှန်သမျှကို ထိရောက်စွာအရေးယူသွားမယ်လို့သတိပေးထားပါတယ်၊ ကြေညာချက် ထုတ်ရတာကပြီးခဲ့တဲ့ လကုန်ပိုင်းက ဖြစ်ပွားခဲ့တဲ့ ကိုးကန့်နဲ့နအဖအကြား တိုက်ပွဲဂယက်ကြောင့် ပြည်သူတွေအကြား ကောလဟာလသတင်းအမျိုးမျိုးတွေ ဆက်တိုက်ပေါ်ထွက်နေပြီး ဒေသခံပြည်သူတွေအကြား မငြိမ်မသက်မှုတွေဖြစ်နေလို့ အားလုံး ရှင်းရှင်းလင်းလင်းဖြစ်သွားအောင် ကြေညာချက်ထုတ်ပြန်တာလို့ တရားစီရင်ရေးကော်မတီဝင် တဦးကပြောပါတယ်။

"ပြေးတဲ့လူတွေက ပြေးကုန်တော့ တိုင်းသူပြည်သားတွေ ထိန့်လန့်ပြီး ထွက်သွားကုန်မှာစိုးလို့ပါ။ သူတို့ကလည်း ဘာမှမသိရှာကြဘူးလေ။ အမှန်တကယ် လက်ရှိဖြစ်နေတဲ့အခြေအနေပေါ်မှာ သူတို့အသီးသီးကို နေချင်တဲ့လူလည်းနေ၊ မနေချင်တဲ့လူလည်း ထွက်သွားလို့ ရတယ်လို့ပြောထားချင်တယ်။ ပန်ဆန်းမှာပြင်ပကလာတဲ့ လူတွေပိုများပြီး နဂိုဒေသခံ ဒီလောက်မရှိဘူး။ အဲ့ဒီလို မျိုးရှုပ်ရှုပ်ထွေးထွေးဖြစ်နေလို့ မှတ်ပုံတင်မရှိတာမျိုးတွေ နည်းနည်းပါးပါးရှင်းရှင်းလင်းလင်းဖြစ်သွားအောင်လုပ်တဲ့ သဘောပါ။ ကိုးကန့်နဲ့ကျနော်တို့က မိုင် ၁၀၀ ကျော်ကျော်ခန့်ပဲရှိတော့ ပြဿနာတွေ ဒီဘက်ကို ချက်ချင်းကူးလာမယ်လို့ သူတို့က ထင်သွားတဲ့အတွက်ကြောင့် ထွက်သွားကြတာပါ။"

လောက်ကိုင်ဒေသနဲ့ ပတ်သက်လို့ အခုထိ အနေအထားပုံမှန်ပြန်မရောက်သေးကြောင်း၊ အိမ်ပြန်လာသူတွေဟာလည်း ပျက်စီးနေတဲ့ အိမ်ဟောင်းလောင်းကြီးဖြစ်နေတဲ့အတွက် အဆင်မပြေမှုတွေရှိနေဆဲပဲလို့ ပြောပါတယ်။ ဒါပေမယ့် နအဖပိုင် မြန်မာ့အလင်းသတင်းစာမှာတော့ ကိုးကန့်ဒေသဟာ ပုံမှန်ပြန်ဖြစ်နေပြီး ငြိမ်းချမ်းစည်ကားနေပြီလို့ ဖော်ပြထားပါတယ်။

---

## ပြကွဒိန်မှ

**စက်တင်ဘာ ၁၁ ၊ Irrawadday ။ ။** ဒေါ်အောင်ဆန်းစုကြည်အိမ်သို့လာသူများအား ခန္တာကိုယ်နှင့် အဝတ်များအထိစစ်ဆေးမှုပြုလာကြောင်း ရွှေ့နေဦးဉာဏ်ဝင်းမှဆို၏။

**စက်တင်ဘာ ၁၁ ၊ Irrawaddy ။ ။** အာဏာပိုင်များသည် ကာကွယ်၊ ဘဏ္ဍာ၊ နိုင်ငံခြားရေးအစရှိ ဝန်ကြီးဌာနများ၏ အင်တာနက်သုံးမှုအထိ လုံခြုံရေးစစ်ဆေးနေ၏။

**စက်တင်ဘာ ၁၁ ၊ HRW ။ ။** မြန်မာအပေါ် အမေရိကန်မှ ပြန်လည်ဆန်းစစ်နေချိန် ပိတ်ပင်စိုင်ရှင်များရုတ်သိမ်းရန်အကြောင်းမရှိ၊ အချိန်လည်းမကြသေးကြောင်း၊ ငွေကြေးဆိုင်ရာ ပိတ်ပင်စိုင်ရှင်များကို ပို၍ပင်တင်းကျပ်ရန် အမေရိကန်နိုင်ငံခြားရေးတာဝန်ခံ ဟီလာရီကလင်တန်ထံ Human Rights Watch မှ စာရေးတိုက်တွန်းခဲ့၏။

ဒို့တိုင်းပြည် THE SAD PLIGHT OF MYANMAR
www.faxtoon.com NO. 450 Sep 5, 2009

## Peace Plan



# ကိုးကန့် ကို နအဖထိုးစစ်ဆင်မှုအပေါ် အဖွဲ့ချုပ်နှင့် မွန်ပြည်သစ်ပါတီတို့၏ အမြင်

**DVB၊ စက်တင်ဘာ ၆။** ။ အရှေ့မြောက်ဒေသ တရုတ်–မြန်မာနယ်စပ်ကိုးကန့်နယ်မြေမှာဖြစ်ပွားနေတဲ့ လက်နက်ကိုင်တိုက်ပွဲဟာ မူးယစ်ဆေးနဲ့လက်နက်မှောင်ခိုမှုကို ချေမှုန်းတာဖြစ်တယ်လို့ စစ်အုပ်စုမီဒီယာတွေကနေ ပြောနေပေမယ့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဦးဆောင်တဲ့ ဒီမိုကရေစီအင်အားစုတွေနဲ့တိုင်းရင်းသားအဖွဲ့တွေက အဲဒါကို လက်မခံပါဘူး။

ကိုးကန့်ဒေသအပေါ် ထိုးစစ်ဆင်မှုဟာ ၂၀၀၄ အမျိုးသားညီလာခံ၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ၂၀၁၀ ရွေးကောက်ပွဲ လုပ်ငန်းစဉ်တွေနဲ့ ဆက်စပ်နေပြီး ရွေးကောက်ပွဲအသစ်ကို လက်မခံတဲ့အဖွဲ့အားလုံးကို အင်အားသုံးချေမှုန်းမယ်လို့ စစ်အုပ်စုဘက်က သတိပေးလိုက်တဲ့သဘောလို့ သူတို့က ယူဆထားပါတယ်။ ကိုးကန့်အဖွဲ့ကို နအဖတပ်တွေက ထိုးစစ်ဆင်တာနဲ့ ပတ်သက်ပြီး နအဖဟာ တွေ့ဆုံဆွေးနွေးရေးဘက်မလှည့်ဘဲ နိုင်ငံရေးပါတီတွေကို အကျပ်ကိုင်သလို အပစ်ရပ်အဖွဲ့တွေကိုလည်း လက်နက်ဖြုတ်ရေး အကျပ်ကိုင်နေတာဖြစ်တယ်လို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် ဦးဝင်းတင်က သူ့အမြင်ကို ပြောပါတယ်။

"လက်နက်ဖြုတ်တဲ့ကိစ္စက ညှိနှိုင်းရမယ်၊ အခြေအနေတွေ စောင့်ကြည့်ရမယ်၊ လိုအပ်တဲ့ အပြောင်းအလဲအတွက် အစီအစဉ်တွေ ရှိရမယ်ဆိုတဲ့ဟာမျိုးတွေကို လုံးဝပစ်ပယ်ပြီး ရွေးကောက်ပွဲမတိုင်ခင် ဒါတွေ အကုန်လုံးဖြစ်ရမယ်ဆိုပြီးတော့ ဇွတ်လုပ်တာပေါ့။ အန်အယ်လ်ဒီတို့ဘာတို့က တချိန်လုံး တွေ့ဆုံဆွေးနွေးရေးကို တောင်းဆိုနေတဲ့အချိန်မှာ ဒေါ်စုကို ထောင်ချပစ်လိုက်တယ်။ တိုင်းရင်းသားတွေရဲ့စုစည်းညီညွတ်မှုအင်အားကိုလည်း တနည်းမဟုတ် တနည်းနဲ့ဖြိုခွဲနေတယ်။ သူတို့လုပ်ချင်တာက ရွေးကောက်ပွဲကို ဝင်မလား၊ ဒါပဲ။"

ဒါကြောင့် တိုင်းရင်းသားတွေနဲ့ အန်အယ်လ်ဒီ အကြား ပူးပေါင်း ဆောင်ရွက်မှုအရှိန်ကို ဒီ့ထက်မက မြှင့်တင်ဖို့လိုကြောင်း၊ စီအာပီပီကတဆင့် သွားနေတာအပြင် အန်အယ်လ်ဒီကိုယ်တိုင် ရှေ့ထွက်ဦးဆောင်ဖို့လိုနေတဲ့သဘောဖြစ်တယ်လို့ ဦးဝင်းတင်ကပဲ ပြောပါတယ်။

"အန်အယ်လ်ဒီကလည်း အလုပ်မလုပ်နိုင်ခဲ့တာ၊ လုပ်ဖို့ခက်ခဲတဲ့ အနေအထားတွေပေါ်မှာ မူတည်ပြီးတော့ ဆက်ဆံမှုသိပ်မရှိတာ ဝန်ခံရမှာပဲ။ တိုင်းရင်းသားအဖွဲ့အစည်းတွေနဲ့ ဆက်သွယ်မှုဟာ စီအာပီပီအဖွဲ့အစည်းတွေမှာ ပါဝင်နေတဲ့ အဖွဲ့အစည်းတွေနဲ့ ကျနော်တို့ပဲရှိတယ်။ တိုင်းရင်းသားအဖွဲ့အစည်းများရဲ့ရပ်တည်ရေးကို မူအားဖြင့်တော့ ထောက်ခံနိုင်တယ်လို့ ပြောချင်တယ်။ ၁၉၈၉ ဖေဖော်ဝါရီ ၁၂ ရက်နေ့မှာ ဒေါ်စု ပင်လုံကျောက်တိုင်ရှေ့မှာ ကြေညာချက်အမှတ် ၉ ဖတ်ရာမှာ တိုင်းရင်းသားအဖွဲ့အစည်းများရဲ့ရပ်တည်ချက်ကို မူအားဖြင့် ထောက်ခံတယ်လို့ အတိအလင်းပြောပြီးသား။ တိုင်းရင်းသားနယ်မှာ အကြမ်းဖက်ပြီး လက်နက်နဲ့ဖြေရှင်းတာမျိုး ကျနော်တို့လုံးဝလက်မခံနိုင်ဘူးလို့ပြောချင်တယ်။"

ကိုးကန့်ကို နအဖတပ်တွေ အင်အားသုံး ဝင်ရောက်တိုက်ခိုက်တာနဲ့ ပတ်သက်ပြီး ရန်ကုန်မြို့မှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဦးဝင်းတင်နဲ့ မွန်ပြည်နယ် ရေးချောင်းဖျားဒေသရှိ မွန်ပြည်သစ်ပါတီဌာနချုပ်မှ အထွေထွေအတွင်းရေးမှူး နိုင်ဟံသာတို့လုံးဝလက်မခံနိုင်ကြောင်း အတိအလင်းပြောဆိုနေကြတာဖြစ်ပါတယ်။

Voice of Burma

1-507, Horifune Jutaku
Horifune 2-27-1
Kita Ku, Tokyo
Japan. 114 - 0004

Tel/Fax: 81 3-6323-5114
E-mail: sayarkway@yahoo.com
koko@gol.com

၁၉၉၅ ခု ဩဂုတ်လ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

To

AIR MAIL

PRINTED MATTER